ဤ၌ ပြန်ဆိုအပ်သော ပဥ္စကွဲဝါစက သင်္ဃတ သဒ္ဒါ ဟူး၌ သံသဒ္ဒါ ဘင်္ဂဟူး ဥပေန္ဒဟူး မူလဆိုခဲ့သော ဒေဝဝါဏိဇ်ဝါစက သင်္ဃတသဒ္ဒါ၌မူ သံသဒ္ဒါကား သမ္ဘာဟူး ဤပဿီ ဥပသာရ ပုဒ်အနက်မှသာ ထူးကြသည် ပြောင်းလဲပုံ စာက်ပစ္စည်းပုဒ် ပြောင်းပုံအလုံးရုံ အတူတူပင် ဖြစ်သည်။

http://www.dhammadownload.com

သခ်ၤတမ္ပ ပါဠိသို့ပြန်ဆိုရာ၌ သုတမယဉာဏ် ရင့်သန်ကြစေရန် အမြွက်မျှ ပြဆိုဦးအံ့

သင်္ခါပုဒ်မှ မာဂဓပုဒ် ပြောင်းလဲပြန်ဆိုသည်ဟုသော ၎င်းအားသာနှစ်မျိုး ပုဒ်ခန့် အကျဉ်း လုံးဖေမတူမှုသော်လည်း မတြားအဂၤအတွက်အားဖြင့် ဟူအောက်ပြန်ဆိုရမည်။ ဥပမာ အာစာယ် ဟူသော ငါးမတြားယိုသော သခ်ၤါးပုဒ်ကို အာစရိယ ဟု ငါးမတြားယိုသော မာဂဓပုဒ် ပိယ် ဟု သုံးမတြားယိုသော သင်္ခါပုဒ်ကို ဝိရိယ ဟု သုံးမတြားယို မာဂဓပုဒ် သူယ် ဟူသော သုံးမတြားယို သင်္ခါပုဒ်ကိုလည်း သုံးမတြားယို သုရိယ ဟု မာဂဓပုဒ် ပြန်ဆိုရဘဲ သက့ဲသို့တည်း။ ၎င်းနည်းတူ မတြားဟူ ပြန်ဆိုထားပုံများအနည်းငယ် ထုတ်ပြဦးအံ့။

ဥပ္ပ–ဥသမ	စာယ်–စရိယာ	ဇာဂယျ်–ဇာဂရိယာ
ပဒ္ဓ–ပဒုမ	ဘာယ်–ဘရိယာ	ယတူ–ယတန
ရတ္ဆ–ရတန	ဝဇြ–ဝဇိရ	ဖြိ–သိရိ–ကြိ–ဟိရိ

ဤဆိုအပ်ခဲ့ပြီးသည်များကို ထောက်၍ ဗမာစာများမှာယို့သော သန္နစ်ချောင်းငင်နှင့် သူရိယ၊ ဝလုံးကြီးတင်ဆခတ်နှင့် ဝိရိယ၊ အသို့ သလုံးကြီးတင်နှင့် သိရိ အသို့ ရကောက်သုံးကြီးတင်ဆခတ်နှင့် သိဒ္ဓိ ဟု ရေးသားလျက် ယို့ကြသည်များကို သင့်မသင့်ပညာရှင်တို့ ဆုံးဖြတ်ကြလေကုန်။

လန်ဒန်ရိုက်မူ မဟာဇနကဇာတ် ပါဠိမှန်

Suriyugga Ma Ne Nidhi သူရိယုဂ္ဂမနေနိဓိ။

မှတ်လွယ်ရန်သံပေါက်

ပုဉ်သခ်တ၊ မာဂဓ၊ ပြန်ထမဏ္ဍာ တူဧရာ။
အာစာယ်မှ၊ အာစရိယ၊ ပြန်ထအရာ နည်းယူပါ။

ထို့ကြောင့် ဝိ-သု၊ ရဿဟု၊ ရေးသူမှန်ခဲ့သော်။ (ဝိရိယ သုရိယ၊ ဟူလို) ကိုဗာဂဓ၊ လွန်တူလှ၊ ရှုကြပါကတာ၊ ကျန်းဘာသာ။ (ပါက တဘာသာမှာလည်း ဝိရိယ၊ သုရိယ၊ ဟု ရဿနှင့်သာ ယှိသည်ဟူလို)။ ဤသည်ဌာန၊ သိခက်လှ၊ ရှုးက စဉ်လာ၊ ဆွတ်ပျက်ရာ။

ဗမာစာနှင့် ပါဠိစာ ရွတ်ဘတ်နည်း အမြွက်

ဗမာစာဖြစ်စေ ပါဠိစာဖြစ်စေ ရေးသားရွတ်ဘတ်ကြရာ၌ အမှန်အကန် နည်းလမ်းကျကျဖြစ်ရန် လွယ်ကူလှသည်မဟုတ် အမှုမဲ့ဆိုလျှင် ပညာယှိသဘင်မှာ ရယ်ဖွယ်ပင်

http://www.dhammadownload.com

ဖြစ်တတ်သည်။ ထို့ကြောင့် ဤနည်းထက် အမြဲက်မှ ရေးသား ရွက်ဆောင်နည်းကို ပြဦးမည်။

ဗမာစာဌ ရေးသည့်အခါ သတ်ပုံကျနှ မှန်စွာရေး၍ ရွက်ဆောင်သည့်အခါ ပြောဆို နေကြအသံ ထိုးသံ နှုန်းသံသို့လိုက်၍ ရွက်ဆောင်ရသည် ရေးလျှင် အမှန်၊ ဘတ်လျှင် အသံ ဟူသော ဆောင်ပုဒ်စကားကို အမြဲသတိထားရမည်၊ သို့မဟုတ်ပဲ ရေးသည့် အတိုင်း ရွက်ဆောင်မှု တောသားလူပြိုင်း ဘတ်သည့်အတိုင်း ရေးမှု ဗာလအဖြစ် ရောက် ရှိမှ်မည်။

ရေးပုံ	ဘတ်ပုံ	ရေးပုံ	ဘတ်ပုံ
ပလ္လင်တော်	ပလင်တော်။	ဗုဂ္ဂးသခင်	ဗဂျးသခင်။
ဘိုးတော်	မိုးဘော်။	လျှောက်ထား	ရှောက်ထား။
ဦးခေါင်း	ဥကျောင်း။	ကူးတို့ဆိပ်	ကတို့ဆိပ်။
လည်ဆင်မွေး	လယ်ဆင်မွေး။	ထိုသူလည်းကောင်း	ထိုသူလကောင်း။
ကာဗျာသိချင်း	ကဗျာသချင်း။	ညဉ့်သန်ကောင်	ညသကောင်။
တံခါးကျည်	တခကျည်။	အလံတမ်းခွန်	အလံတခွန်။
ဘထွေး	ဘဒွေး။	ကုန်သည် လည်ပင်း၊	ကုန်သယ်-လယ်ပင်း။

ဤသို့စသည် များလှစွာဖြ။

ပါဠိုစာရွက်ဘတ်ရာ၌ ဗျည်နဗုံ့၊ ဆယ်ပါးညှိ၍၊ တတ်သိကရှိဏ်း၊ မဆိုင်းပယတ်၊ ဌာန်မချတ်ရန်၊ အမှန်ကျန၊ ရွက်ဘတ်တင်ရမည်။

မှတ်လွယ်ရန်သံပေါက်

(ဗမာ) ရေးပုံအမှန်၊ ရွက်ဘတ်ရန်၊ ယူရန်နယ ထိုးနှုန်းမှ။
ရေးတိုင်းဘတ်မှု၊ တောသားဟူ၊ ထိုသူလူပြိုင်းပ။
ဘတ်တိုင်းရေးမှု။ ဗာလဟူ၊ ထိုသူဖြစ်ရ၊ ဇကွာ။

(ပါဠို) ဗျဉ္ဇနဗုဒ္ဓိ၊ ဆယ်ပါးမှို၊ ညှိ၍ဘတ်ကြပါ။
ကရိဏ်းပယတ်၊ ဌာန်မချတ်၊ မှတ်၍ဘတ်ကြပါ။

လောင်ဂျီတွဒ် နှင့် လတ္တီတွဒ်

မြေပုံ၌ အနောက်ဘက်တန်းလျက်နေသော မျဉ်းကြောင်းများကို Latitude လယ်ပိုင်ဝန်ဟု ခေါ်သည်၊ တောင်မြောက်တန်းလျက်ယှဉ်သော မျဉ်းကြောင်းများကို Longitudes လောင်ဂျီတွဒ်ဟု ခေါ်သည်၊ အရှေ့အရပ်စသော အရပ်လေးမျက်နှာကိုမူ

http://www.dhammadownload.com

မြေပုံ၏ အထက်အရပ် အာလိုကို ပြောက်၊ အောက်အာလို အရပ်ကို တောင်၊ လက္ခိဏာဘက် အာလိုကို အနောက်၊ လက်ဝဲဘက်အာလိုကို အနောက်အရပ်ဟု မှတ်ပါလေ။

(သံပေါက်) ရှေ့နောက်လယ်၊ တောင်မြောက်နှိ၊ လောင်္ကာမှတ်ပါ ဗျဉ်းသညာ။
အထက်ကားမြောက်၊ တောင်မှာအောက်၊ မှတ်ထောက်ဝဲယာ နောက်ရှေ့သာ။

ယင်းလည်ပိုဝွန် လောင်္ကာတွန် နှစ်မျိုးတွင် သင်္ကာသာသာအားဖြင့် လက္ခဏာတွန်ကို နိဂုံး လေခါ၊ လောင်္ကာတွန်ကို ပြောလိုမလေခါ ဟု ခေါ်ကြောင်းကို ဘူဂေါလပရိစယ ခေါ်ဘဂ်ါလီပြေပုံစာအရပ်များ၌ အဆိုယူသည် မာဂဓသာသာအားဖြင့် နိဂုံးလေခါ ဖိုလိုမလေခါပဉ္စ ခေါ်ရမည်။

ခရီးအဝေးအကွာ ယူဇနာယူပုံ

ယူဇနာ တွက်ချက်ရာ၌ ရှေးကပြဆိုထားသော ယူဇနာနှင့် ယခုနောက်ကာလ အတိုင်းအတာ ပမာဏနှစ်မျိုးကိုကဲ့အောင် တွက်ချက်တတ်ဘို့ အောက်ပါယူဇနာ တွက်နည်းလေးမျိုးကို မှတ်သားရာ၏။

ယူဇနာတွက်နည်း လေးနည်း

(၁) လေးဂါဝုတ် တယူဇနာ။
(၂) ခုနစ်တောင်တာ–တာတထောင် တယူဇနာ။
(၃) ရထားထမ်းပိုး တပြန် တယူဇနာ။
(၄) လေးကောသ တယူဇနာ။

ဤသို့ကျမ်းဂန်လာ ယူဇနာလေးနည်းယှဉ်သည် ပုံးလေးနည်းတွင်–

ပဌမနည်းသည် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ် တောင်မင်း၏ ပမာဏကို ပြရာ၌ တိုင်းတာအပ်သော ပမာဏ ယူဇနာနည်းဖြစ်သည်။

ဒုတိယနည်းသည် မန္ဒိမဘယား တည်ရှိတည်းမှာပင် အသွားအပြန် တဆဲ့ငါး ယူဇနာ လှည့်လည်ပေါက်ရောက်သည် ဟူရာ၌ တိုင်းတာအပ်သော ယူဇနာနည်း ဖြစ်သည်။

တတိယနည်းသည် မဟာဇနကဇာတ်လာ ယောဇနသဒ္ဒ မဟာနိဓိ ဟူသော စကားအရ တိုင်းတာအပ်သော ယူဇနာနည်းဖြစ်သည်။

စတုတ္ထနည်းသည် စက္ခုသဒ္ဒ ယောဇနသဒ္ဒ သဒ်ကဲ့သဲ့၊ စသည်ဖြင့် ပြဆိုအပ်သော အရာ၌ တိုင်းတာအပ်သော သင်္ခတကျမ်းလာ ပဋိဇနာနည်း ဖြစ်သည်။

http://www.dhammadownload.com

ဤလေးနည်းတွင် ကနည်းနည်းဖြင့် ကုန်းကြောင်းခရီး ရေကြောင်းခရီးအထိက် လွှက်ချက်ပေးရသည် ကုန်းကြောင်းခရီးဖြင့် ခရီးထွက်ပုံရာ၌ ထိုလေးနည်းတွင်—

သင်္ဘောကျမ်းလာ စမုဒ္ဒဂုဏ်းသည် ရှေးကပြဆိုထားသော ကုန်းကြောင်းခရီး အဝေးအကွာ ယူဇနာများနှင့် ကိုက်ညီကြောင်း ကွေ့ယိုရသည်။ အနည်းငယ်ထင်ရှား စေဖြီးအံ့ ဤသို့ဟူသို့ ငါဟိုဗုဒ္ဓရားဟူလှည့်လည်စဉ်က ဟိန္ဒူလူမျိုး ကျောင်းဆရာ ပညာယို တဦးနှင့် ခရီးဖိုင်နှင့်စပ်၍ မေးမြန်းပြောဆိုကြရာ၌ ဂုင်းကမိုင်အရာ၌ ၉ကောသ၊ ဒွေးကောသ၊ စသည်ဖြင့် ပြောဆိုသည်ကို ကြားရသဖြင့် တမိုင်လျှင် နှစ်ကောသယိုကြောင်း သိရသည် ဂုင်းပြင် သိဟိုဠ်နေ့ကက် ပညာယိုများလည်း အင်္ဂလိပ် ၁၆-မိုင် တယူဇနာ ဟူသော ရှေးပေါရာဏစကဝါဒကို မယူမူ၍ ဂ-မိုင် တယူဇနာ ၂ ဒွိမိုင် တယူဇနာ ၇-မိုင် တယူဇနာ ၆ ဒွိမိုင်တယူဇနာ ဤသို့လေးနည်းထား၍ အရာအားလျော်စွာ တွက်ယူကြောင်း ဖာဟိယန်မှတ်တမ်းစာအုပ်မှာ ဖော်ပြထားသည်ကို ကွေ့ယိုရသည်။ ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်းနောက်ပညာယိုများ စတုဏ္ဍနည်းကို အသုံးပြုကြောင်းသိရသည်ဖြစ်ဟူဇာလသုတ် အဋ္ဌကထာ၌ နာလန္ဒာနှင့် ရာဇဂြိုဟ် တယူဇနာ ဝေးကွာဏ်ဟု အဆိုယိသည့်အတိုင်း ယခုမီးရထားလမ်း မိုင်တိုင်အမှတ်အသားများလည်း ဂ-မိုင်အတိုအကျ အဖွက်အသား ယိုနေရာ ၂-မိုင် တကောသ ၄-ကောသ တယူဇနာ ဟူသော စတုဏ္ဍနည်းနှင့် ကိုက်ညီလွန်းယိုကြောင်း ထင်ယှားလှပေသည်။

ရေကြောင်းခရီးအရာမှာ ၇-တောင် တာတထောင် တယူဇနာဟူသော ဒုတိယ နည်းဖြင့် တွက်ယူရမည်။

ကရစ်ဖြစ်ပေါ်လာသောကာလနှင့် သကရစ်အစားစားမှတ်ယူပုံ

ငါးရာလေးဆယ်၊ လေးခုကယ်၊ နှစ်ဝယ်သာသနာ။
ကရစ်တော်ဟူ၊ ဖြစ်ပေါ်မူ၊ မှတ်ယူခေတ်အခါ။

သာသနာသကရာဇ် ငါးရာလေးဆယ် လေးခုနှစ်မှာ ကရစ်တော်ဖြစ်ပေါ်လာသည်။ ဂုင်းကရစ်ဟူသော ဝေါဟာရသည် ဂ္ဂရ်ဟူသောအမည်မှ ပျက်လာသော ကြောင့် ကကြိုးနောက် ရကောက်စသတ်နှင့် ကရစ်ဟု ရေးသားရမည်။

သကရာဇ်ဟူသော ဝေါဟာရသည်လည်း သကရာဇ်ဟူသော ပုဒ်မှပျက်၍ က-နောက်-ရကောက်-ဇလွဲသတ်နှင့် သကရာဇ်ဟုရေးရမည် သကရာဇ်သည်၊ (၁) သာသနာ သကရာဇ် (၂) ကရစ်သကရာဇ် (၃) ဗမာသကရာဇ် သက္ကရာဇ်သကရာဇ် (၅) ဝိက္ကမ သကရာဇ် (၆) နေပါလခေါ် နေဝါရီသကရာဇ် ဤသို့သကရာဇ် အစားစားယိုရာ။

http://www.dhammadownload.com

ကရဖိသကရဖိထက် သာသာနာသကရဖိက (၅၄၄) နှစ်ကြိုးသည်၊
နေပါဒိသကရဖိထက် ကရစ်သကရဖိက (၈၀၀) နှစ်ကြိုးသည်။
ဗမာသကရဖိထက် ကရစ်သကရဖိက (၆၃၀) နှစ်ကြိုးသည်။
ဟိန္ဒူသကရဖိထက် ကရစ်သကရဖိက (၇၀) နှစ်ကြိုးသည်။

ပုံစံ ကရစ် (၁၀၁၅) ခုဖြစ်လျှင် နေဝါရီ (၉၃၅) ဖြစ်သည်

ဗမာ (၁၁၀၅) ဖြစ်သည်။
ဟိန္ဒူ (၁၂၃၇) ဖြစ်သည်။
ဝိက္ကမ (၁၂၅၆) ဖြစ်သည်။
သာသနာ (၂၃၅၆) ဖြစ်သည်။

အသျှင်ဗုဒ္ဓဃောသ အဋ္ဌကထာ ကျမ်းဖြူရာခေတ်

သာသနာသကရာဇ် ကိုးရာသုံးဆယ် (၉၃၀) ခုနှစ် သိဟိုဠ်ကျွန်း မဟာနာမမင်း လက်ထက်မှာ အသျှင်ဗုဒ္ဓဃောသ မထေရ်မြတ်သည် ဋ္ဌကထာပြည်တောင်ဝိုင်း အဋ္ဌကတိုင်းမှ သိဟိုဠ်ကျွန်းသို့ကူး၍ သိဟဠဘာသာဖြင့် တည်ယိုင်သော သိဟဠဘာသာ အဋ္ဌကထာကျမ်းများကို ပါဠိဘာသာဖြင့် ပြန်ဆိုပြုစုတော်မူသည်။

တရုတ်ပဉ်းကြီး ဖာဟီယန် ဋ္ဌဠီယပြည်သို့ သွားရာခေတ်

ကိုးရာလေးဆယ်၊ ခြုံးခုဝယ်။ မှတ်ဘွယ်သာသနာ။
တခုယုတ်လစ်၊ လေးရာခေတ်၊ ကရစ်ခုနှစ်မှာ။
ဖာဟီယန်ခေါ်၊ ရဟန်းတော်၊ သွားသော်ဘာရတာ။

(သာသနာသကရဖိ ၉၄၃-ခုနှစ်၊ ကရစ်သကရဖိ ၃၉၉-ခုနှစ်မှာ ဖာဟီယန် ဋ္ဌဠီယပြည်သို့သွားသည်)။

ဟူယင်ဆန်နှင့် သုယေနစွဂ်တို့ သွားသောနှစ်ကား

ထောင့်တရာခုနှစ်ဆယ်၊ လေးခုဝယ်၊ မှတ်ဘွယ်သာသနာ။
ဝခြောက်ရာသုံးဆယ်၊ ကရစ်နှယ်၊ သွားဘွယ်ဋ္ဌဠီယာ။

(သာသနာ ၁၀၇၄၊ ကရစ် ၆၃၀-မှာ သွားသည်ဟူလို)။

http://www.dhammadownload.com

(စာကြည့်သူများအား သတိပေးချက်) ဤကျွန်ုပ်၌ ဆိုလတ္တံ့သော အဆုံးအဖြတ် အရာမျိုး၌ သင့်မသင့် ချင့်ယှဉ်မှတ်သား ကြစေလိုသည် ထိုသို့မှတ်သားကြရာ၌ ဒိဋ္ဌဓမ္မိကာယ် မဟာဝဂ္ဂ ဒဿမပါယာသိရာဇညသုတ်၌ ဟောတော်မူအပ်သော လျှော်ထုပ်ထိန်း ယောဂျိုးနှင့် အလားတူ မဖြစ်ကြစေရန် သတိပေးအပ်ပေသည်။

ဂန်းလျှော်ထုပ်ထမ်းသော ယောဂျိုးဝတ္ထုအကျဉ်းကား

ရွာနေသူတို့ပြောင်းလွှဲသွားသော ရွာဟောင်းကုန်းတခုသို့ သွားရောက်ကြသော သူငယ်ချင်း နှစ်ယောက်တို့သည် ရွာနေသူတို့ စွန့်ပစ်ထားခဲ့သော+ပိုက်ဆံလျှော်ထုပ်ကို တွေ့ကြ၍ ထမ်းပိုး+ယူဆောင်ပြီး ဆက်လက်သွားကြရာ တခုသောရွာဟောင်းကုန်းသို့ ရောက်ကြပြန်၏၊ ထို၌ ပိုက်ဆံလျှော်ထက် အဘိုးထိုက်တန်သော လျှော်ချည်ကို တွေ့ကြရာ ပညာယို့သော ယောဂျိုးက အဘိုးမတန်သော ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်ပြီး အဘိုးထိုက်တန်သော လျှော်ချည်ထုပ်ကို ထမ်းပိုးယူဆောင်သွား၏၊ ပညာမဲ့ယောဂျိုးမူကား ပညာယို့ဒိတ်ဆွေယောဂျိုးက အဘိုးမတန်သော ပိုက်ဆံလျှော်ထုပ်ကို စွန့်ပြစ် အဘိုးထိုက်တန်သော လျှော်ချည်ကိုယူဆောင်လေ့ဟု ပြောဆိုတိုက်တွန်း ပါသော်လည်း မနာယူဘဲ ကောင်းစွာထုပ်ပြီး ဝေးလွှာသော အရပ်မှ ထမ်းပိုး ယူဆောင်ခဲ့သော ပိုက်ဆံလျှော်ထုပ်ကို မစွန့်ပြစ်နိုင်ပါဟု ဆင်ခြေပေးကာ ထမ်းဆောင်ယူလာမြဲ ချည်ထုပ်ကိုပင် စွဲစွဲလမ်း ထမ်းဆောင်ယူသွားလေ၏၊ ဤနည်းအတိုင်းဆက်လက်သွားကြရာ လျှော်ချည်စောင်ကို တွေ့ကြပြန်၏၊ ထို့နောက် ထို့ထက်အဘိုးထိုက်တန်သော ခေါမလျှော်ကို တွေ့ကြ၏၊ ထို့နောက် ထို့ထက်ထိုက်တန်သော ခေါမချည်ကို တွေ့ကြ၏၊ ထို့နောက် ထို့ထက်အဘိုးထိုက်တန်သော ခေါမပုဆိုးကို တွေ့ကြ၏၊ ထို့နောက် ထို့ထက်အဘိုးထိုက်တန်သော ဝါဂွမ်းကိုတွေ့ကြ၏၊ ထို့နောက် ထို့ထက်အဘိုးထိုက်တန်သော ဝါချည်ကို တွေ့ကြ၏၊ ထို့နောက် ထို့ထက်အဘိုးထိုက်တန်သော ဝါချည်ပုဆိုးကို တွေ့ကြ၏၊ ထို့နောက် ခဲမပြို+ထို့နောက်ဓာတ်သေတ္တု၊ ထို့နောက် ခဲမည်း၊ ထို့နောက် သံ၊ ထို့နောက် ကြေးနီ၊ ထို့နောက် ငွေ၊ ထို့နောက် ရွှေကိုတွေ့ကြ၏၊ နောက်ဆုံး ရွှေရတနာကို တွေ့သည်ကိုးအောင် ပညာယို့ယောဂျိုးသည် အဘိုးမတန်သည်ကို စွန့်၍အဘိုးတန်သည်ကိုသာ လဲလှယ်ဆောင်ယူသွား၏၊ ပညာမဲ့ယောဂျိုးမူ ပညာယို့ယောဂျိုး၏ အဘိုးမတန်သော အရာဝတ္ထုကိုစွန့်၍ အဘိုးတန်သော အရာဝတ္ထုကို ထမ်းဆောင်ယူခြင်း ပြုသကဲ့သို့ လဲလှယ်ထမ်းဆောင်ခြင်းမပြုဘဲ ဆင်ခြေပေးကာ ထမ်းယူဆောင်လာမြဲကိုင်းသော ပိုက်ဆံလျှော်ချည်ထုပ်ကိုသာ နေ့မိုးခ်ိသို့ ကျရောက်အောင် ထမ်းဆောင်ယူသွားရာ နောက်ဆုံး၌ နောင်တတဖန် ပူပန်ခြင်းဖြစ်ရလေသတတ်။ ။ဤ၌ ပညာယို့ယောဂျိုး၏ အဘိုးတန်မတန် အမှန်သိတက်သော ဉာဏ်ပညာဖြင့် ဆုံးလမ်းခြင်းမထားဘဲ +စွန့်သင့်

http://www.dhammadownload.com

သည်ကိုစွန့်ခဲ့ ယူသင့်သည်ကို ယူခြင်းဖြင့် ဆုံးမအပ်သူ အဘိုးတန်ဆုံးရတနာကို ရပြီ ခံစားရပုံ ပညာဝဲယောဂျီး၏ ဉာဏ်ပညာကင်းမဲ့ခြင်း အသင့်ကောင်းကျ ပြောဆို သည်ကို မနာယူခြင်း မစွဲလမ်းသင့်သည်ကို စွဲလမ်းယူခြင်းကဲ့သို့ဖြင့် ဆုံးမအပ် ဆုံးရတနာနှင့် လွဲ၍ နောင်တတဖန် ပူပန်သောကဖြစ်ရပုံကို ဆိုလိုရင်းမှတ်ရသည် ဤဝတ္ထုသာစကားကို ထောက်ထား၍ ပညာယွင်ယောဂျီး အလားတူ ဖြစ်ကြမှန် စာကြည့်သူများအား သတိ ပေးရပေသတည်း။

ဆွန်ကြားချက်များကို ပြဆိုခဏ်း ပြီးပြီ။

http://www.dhammadownload.com

(၅) မင်္ဂလမဒေသ အဝိုင်းအခြားကို ပြဆိုခြင်း

(က) သာသနာတော်နှင့် မင်္ဂလီမဒေသအဝိုင်းအခြား

ဝိနည်းပါဠိတော်စသည်၌ ဟောတော်မူအပ်သော မင်္ဂလီမဒေသ အဝိုင်းအခြားနိမိတ်ငါးရပ် တည်ရာဌာန စသည်ကို ဖော်ပြချက်

နမော ဝိဘဇ္ဇဝါဒိနော မဟာကာရုဏိကဿ တဿ

(အကျဉ်းမှတ်စဉ်) မင်္ဂလီမဒေသ အဝိုင်းအခြား နိမိတ်*အားဖြင့်၊

(၁) အရှေ့ဘက်နိမိတ်။

(၂) အရှေ့တောင်ဘက်နိမိတ်။

(၃) တောင်ဘက်နိမိတ်။

(၄) အနောက်ဘက်နိမိတ်။

(၅) မြောက်ဘက်နိမိတ်—ဤသို့ငါးဌာနယှဉ်ရာတွင်—

(၁) အရှေ့ဘက်*နိမိတ်ကား ရှေးအမည် ကဇင်္ဂလနိဂံမ (ကဇင်္ဂလနိဂုံး) ယခု အမည် ကံကဇောလ ဖြစ်သည် တည်ရာအားဖြင့် ဗိဟာရ (ဗိဟာဂ်) နယ် အလယ်ပိုင်းနှင့် အရှေ့ဘက် သန္တာလနှင့် ပရဂနာ ဒိစကြော်တို့၌ တည်ယှိသည်။

---

* နိမိတ် ၎င်းနိမိတ်ဟူသော စကားအသုံးအနှုန်းကို ရေးသော်အခါ နိဒါတ္တဟူသော မာဂဓပုဒ်ရင်းကို ပထာဂ်၌ ဒန္တဇနယ်မှာ ဣကာရယောဂ လုံးကြီးတင်နှင့်တကွ နိဒိတ်ဟု သတ်ပုံမှန်ကန်စွာ ရေးပြီး ရွတ်ဖတ်သောအခါ ဗမာဘုရင်လက်ထက် လွတ်ရုံးငါးရပ်မှာ ထိုးသုံးနှန်းသုံး ရွတ်ဘတ် ဘိသရဲ့သို့ (နိ) မှာ ဣ အက္ခရာ လုံးကြီးတင်ကို ပယ်ဖျောက်၍ အအက္ခရာနှင့်တကွ နိမိတ်ဟု ရွတ်ဘတ်လေ။

(မှတ်လွယ်ရန်သံပေါက်) နံ မှာလုံးကြီး၊ တင်တုံဖြီ၊ ဘတ်နည်းပဖြူရ။
လုံးကြီးတင်ပယ်၊ ဘတ်နည်းကြွယ်၊ နန်းလယ်သုံးနည်းပ။

ဤသို့ဘတ်နည်း ဥပဒေသကို မြစ်ကျေးဇူးစေးဝဲ့ထောက်မင်း မင်းကြီးမဟာမင်းလွှ စည်ဘူးရေး သတ်ထူး ဂန္ထမ်းသာဒ သံပေါက်ကားဟူကို ထောက်သင့်ရင်း မှတ်ယူတိုက်သည်။

ကာဗျသံပေါက်ကား အဆွင်နိဒိတ်၊ နယ်နိဒိတ်၊ နိဒိတ်ဝိုင်းခြားကွက်။
လုံးကြီးတင်လတ်၊ နတွင်မှတ်၊ ဘတ်ခါနသက်သက်။

http://www.dhammadownload.com

(၂) အရှေ့တောင်ဘက်ခုံဝိတ်ကား ရှေးအမည် သလလဂတိနဖဲ၊ ယခုအမည် ဆိုလာဂျီ မြစ်ဖြစ်သည်၊ တည်ရာအားဖြင့် ဗိဘာရနယ်တောင်ပိုင်း ဟာဇာရိကာဂ (ဟာဇ္ဇာရိကာဂ) နှင့် ဗင်္ဂလားနယ် အနောက်တောင်ပိုင်း မေဒဒုပဂု (ဒီဒနုပုရ) ဒေသတို့ကို တည်ယိုသည်။

(၃) တောင်ဘက်ခုံဝိတ်ကား ရှေးအမည် သေတကဏ္ဏိကခုံဝမ သေတကဏ္ဏိက ခုံဂုံးဖြစ်သည်၊ တည်ရာအားဖြင့် ဗိဘာရနယ်တောင်ပိုင်း ဟာဇာရိကာဂ ဒေသတို့ကို တည်ယိုသည်။

(၄) အနောက်ဘက်ခုံဝိတ်ကား ရှေးအမည် ထုနဖြောဟ္မဏဂါမ ထုနပုဏ္ဏားရွာ ယခုအမည် ထာနေသရဖြစ်သည်၊ တည်ရာအားဖြင့် ဒိလ္လီမြို့အနီး မြောက်ဘက် လောင်ကြီတွင် (၇၇) ဒီဂရီ လတ္တီတွင် (၃၀) ဒီကရီ ကဏ္ဍာလ (ကရ်ဏာလ) ဒေသတို့ကို တည်ယိုသည်။

(၅) မြောက်ဘက်ခုံဝိတ်ကား ရှေးအမည် ဥသိဂရွဇပဗ္ဗတ = ဥသိဂရွဇတောင် ယခုအမည် တိဗွတ်=တိဗက်လူမျိုးတို့၏အခေါ် ဥဿဝသန္နမဟာဂိရိ မြေတိုင်းအရာယိုများအခေါ် ဥတ်ဆန်ဖြစ်သည်၊ တည်ရာအားဖြင့် ဒိလ္လီမြို့မှအရှေ့မြောက်ကောသ (၆၀) မိုင် (၁၂၀) ကွာဝေးသောအရပ်၌ ယိုသော ဟမ်နွါရ (ဟာရိန္ဒါရ) ခေါ် အရပ်၏ အနီးမှာ တည်ယိုသည်။

မှာထားချက်။ ။တည်ရာဌာန ဆိုင်ရာများ၌ သိမှတ်လွယ်ရန် ဖေါ်ပြထားသော ဒိတြိဘ်နယ်ပယ် စီရင်စုအမည်များကို ဗမာ၊ ဟိန္ဒူ၊ ဗင်္ဂါလီ၊ ကျောင်းသုံး ဤကွဲပြားယိုမြေပုံများမှာ ပါသိုသော အမည်များသာဟု မှတ်ယူကြကုန်။

အကျယ်ဝေဘန် ပြဆိုချက်

(၁) အရှေ့ဘက် ကဇင်္ဂလနိုမိတ်အကြောင်း

အရှေ့ဘက်ခုံဝိတ် သတ်မှတ်ရာ ကဇင်္ဂလခုံဂုံးသည် ဥတ္တရလုလင် အစယိုသော တပည့်များနှင့် ပါရာသရိယ ပုဏ္ဏားဂိုဠ်း၏ နေရပ်ဖြစ်၍ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသအဆုံး ဂုံးခြင်းသဘဝနသုတ္တန်ကို ဟောတော်မူရာ အရပ်ဖြစ်သည်၊ ၎င်းအရပ်သည် စမ္ပာနဂုံးမှ အရှေ့ဘက်မြောက်ခြောက်ဆယ်ခြောက်မိုင် ဝေးကွာသောအရပ်မှာ တည်သည်။

၎င်းကဇင်္ဂလပုဒ် အဆုံးအဖြတ်

၎င်းကဇင်္ဂလဟူသော အမည်အရာမှာ အချို့ဗမာစာများ၌ အစဂငယ်အက္ခရာနှင့် တကွ ဂဇင်္ဂလဟု ပါဠိနေယျ၍ ၎င်းပါဠိယိုကိုင်း ဂဇသင်္ခါဆင်ဟော အနက်ကြီးပြီး

http://www.dhammadownload.com

ထင်ရှားရာအကျင့်ပါတ်များကို ရေးသားပြောဆိုကြသည် အချို့ကမူ အစဉ် ဂ အက္ခရာမပါဘဲ ဇင်္ဂလပုဒ်ကိုသာ ရွတ်ဖြင့်၏ ကြမ်းထမ်းခြောက်သွေ့သော မြေအနက်ဟော ဇင်္ဂလပုဒ်မျာကဲ့သို့ ဝိုက်ဝိတ်ဝစနက်၊ ပြုလုပ်ကျက် အဓိပ္ပါယ်ကြီစည် ရေးသားဖော်ပြကြသည် ဤသို့ဖော်ပြကြသောနောက်ဆရာများအလိုကား စင်စစ်မသင့်သည်သာ အကြောင်းကား နဝကမ္မိကော ဟောတု ကဇင်္ဂလာယံ ဟု လာသော်သော ပကိဏ္ဏကနိပါတ် အိသဇာတ်ပါဠိတော်နှင့် မဟာကဉ္စ ဝရိယာဝိဇ္ဇက ပါဠိတော်များ၌ ဆဲနှစ်လုံးဘွဲ့ ဇဂတိဆန်း ကမလာဂါထာ ပါဒသာမဂ္ဂိဝဒ်က ဒေသနာပါဠိလာယ်သောကြောင့်တည်း အကယ်၍ဂုဏ်း နောက်ဆရာတို့ အလိုအားဖြင့် သူမှ ပြဆိုအပ်ပြီးသော သာမဂ္ဂိသိက ဂါထာပါဒ၌ အက္ခရာတဆဲ့တသုံးသာ ယိုရာပေလိမ့်မည်၊ သိဟိုဠ် ယိုးဒယား အင်္ဂလိသ် အက္ခရာစာများ၌လည်း အက္ခရာ တဆဲ့ နှစ်လုံးပင် တည်တည်း ယိုကြသည်၊ ထိုသို့ ယထာဒိဋ္ဌပါဠိကိုစွဲ၍ အနည်းနည်းအဖုံဖုံ အဓိပ္ပါယ် ကြီစည်ကြခြင်းသည်ကား သုသောဓိတ ပရိသုဒ္ဓလိပျန္တရ ပါဠိများကို မကြည့်ရှု မတွေ့မြင်ကြခြင်း အပြစ်သာတည်း၊ ထိုစကားမှန်လျှင် သုသောဓိတ ပရိသုဒ္ဓ ဖြစ်သော သိဟိုဠ် ယိုးဒယား အင်္ဂလိသ် ဗင်္ဂါလီ ဟိန္ဒူ အက္ခရာပါဠိများမှာကား အစဉ် ကဏ္ဍဇပဌမက္ခရာ ကကြီးနှင်တက္က ကဇင်္ဂလဟုသာ တပေါင်းတည်းပါဠိနေယျ ကြသည် အချို့ဗမာမှုမှန် စာများ၌လည်း ဤအတူပါဠိမှန်ယိုသည်ပင် Kazangala လန်ဒန် ရိုက် ဇာတ်အဋ္ဌကထာ နိဒါန်းယိုပါဠိမှန်။ ၎င်းပါဠိမှန်အရ မြေပုံ၌ ဆွန်ပြအပ်ပြီးသော တည်ရာဌာနများနှင့် သင့်လျော်အောင် ဝိဂြိုဟ်ဝစနတ် ကြီစည်ပြုလုပ်လိမ့မူ ကံ ဥဒက် မနုဿာနံဝါ ဥပကာရဘူတ ဒဗ္ဗသမ္ဘာရာနံ သုလဘတ္တာ ကံသုခံ ဇနေတိ ဤဤကို ကဇာ ကဇံဝါ တဿဒီပတ္တာအင်္ဂလာတိ နိဿယတိတိဝါအင်္ဂလာ အင်္ဂလံဝါဟုပြု၊ အဓိပ္ပါယ်အားဖြင့် ၎င်းကဇင်္ဂလနိဂုံးသည် တည်ရာအားဖြင့် အင်္ဂိုင်းနှင့် နီးကပ်သော ကြောင့် အင်္ဂိုင်း ဇနပုဒ်တို့ကို ယူတတ်သည်ဟု မှတ်ရမည် ထို့နောက် ကဇာဇ သာ ကဇဋ္ဌ ဇ တံဝါ အင်္ဂလာဇ အင်္ဂလဋ္ဌာတိဂါ ကဇင်္ဂလာ ကဇင်္ဂလံဝါဟုပြုလုပ်ရမည် ပြုလုပ်လေ ၎င်းပုဒ်ကို ကျမ်းဂန်များ၌ အထူးပုဒ်ဆိုချက်မယို သာမည နာမဝါစက အဖြစ်ဖြင့်သာ ပုဒ်ဆိုလျက် ယိုကြသည်။

(မှတ်ရန်သံပေါက်) ဇင်္ဂလရွှေ့၊ ကကာရရွှေ့၊ မရွှေ့ပါမှမှန် (ကဇင်္ဂလ) မှန်။
ဇင်္ဂလရွှေ့၊ ဂကာရရွှေ့၊ မရွှေ့ပါ၌မမှန် (ဂဇင်္ဂလ) မှား။
ဇင်္ဂလရွှေ့၊ ဆကွရရွှေ့၊ မတွေ့ဆန့်ကျင်ဖြန် (ဇင်္ဂလ) မှား။
နိဂုံးခြားစာ၊ လုံးစုံမှာ၊ ကြည်ပါပညာဝန်။

ဂဇင်္ဂလပုဒ်လိင် အဆုံးအဖြတ်

ဤနာမဝါစက ကဇင်္ဂလပုဒ်၌ လိင်အားဖြင့် ကဇင်္ဂလာယန္တီ ဇင်္ဂနာမကော နဂရေ (ဒေသကနိပါတ်)တတိယမဟာဝဂ္ဂအဖွင့် အဂိုဂ္ဂါရိအဋ္ဌကထာ၊ ဇင်္ဂနာမကောတိ ကဇင်္ဂလာ

http://www.dhammadownload.com

တိဇေံ ဣတ္တိလိင်ဝသေနလဒ္ဓနာမကေ မရိုမပဒေသဿ မရိယာဒေဝီတေ နဂရေ နိဂမေတိ ဝဒန္တိ (ပုင်းဂိကာ) ကဇင်္ဂလာယန္တိ ဇင်္ဂနာမကေ နဂရေ တတ္ထတ်ရဒဋ္ဌသန္တာရာသုလဘာ (ပကိဏ္ဏကနိပါတ်ဘိသဇာတ် အဋ္ဌကထာ) ဤဆိုအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာ ဂိကာများ၌ (ကဇင်္ဂလာ) ဟု ဣတ္တိလိင်နှင့် အဆိုယိုသောကြောင့် လည်းကောင်း စမ္မက္ခန္ဓက မဟာကစ္စာယနတ္ထေရ ဝတ္ထုပါဠိတော် ဇကေနိပါတ် ဇကပဏ္ဏလဝဏ် ပဌမသုတ်အဖွင့် အဂိုတ္တိရ် အဋ္ဌကထာ သုတ္တနိပါတ်မင်္ဂလသုတ်အဖွင့် အဋ္ဌကထာများ၌ ကဇင်္ဂလဒနာမ နိဂမောဟု နပုန်းလင်နှင့် အဆိုယိုသောကြောင့်လည်းကောင်း ဣတ္တိလိင် နပုံလိင် နှစ်ချက်သင့် မှတ်ယူရမည် မှတ်ယူလေ။

ဗိဟာရနယ်အကြောင်း

တည်ရာဌာနခွဲ ဖေါ်ပြသော ဗိဟာရနယ် အဓိပ္ပါယ်နှင့်တကွ ပုဒ်အမည် အဆုံးအဖြတ်ကို ဤဆိုလတ္တံ့သောနည်းဖြင့် သိမှတ်ပါလေ။

ဗိဟာရနယ် ဟူသည်ကား ရာဇဂြိုဟ်ပြည် ထက်ဝန်းကျင် သုံးယူဇနာအရပ်အတွင်း၌ ဘုရားသခင် ဗျောလက်ထက်တော်က ကျောင်းတိုက်ကြီး တည်ရှစ်ရပ်ယိုရာ ၎င်း ကျောင်းတိုက်ကြီးများယို နယ်ပယ်အဝန်းသည် ဗိဟာရနယ်ဖြစ်သည် ၎င်းကျောင်းတိုက်ကြီး တည်ရှစ်ရပ်ကို အမှတ်အသားပြု၍ ဗိဟာရနယ်ဟု ခေါ်ဆိုသည်၊ ၎င်းအမည်ကို တို့ဗမာများ ပါဠိဘာသာဖြင့် ဒန္တော်ဌ ဝအက္ခရာ လုံးကြီးတင်နှင့် ဝိဟာရ Vihara ဟု ခေါ်ဆိုရွတ်ဖတ်ကြသည်၊ ဣန္ဒိယတိုင်းသားများကမူ သြဋ္ဌ ပဝဂ်တကိယက္ခရာ ဗထက်ချိုက်နှင့် ဗိဟာရဟု ခေါ်ဆိုရေးသားကြသည်၊ ၎င်းတို့အခေါ်အတိုင်း မြေပုံများ၌ ရေးသားကြသည်၊ဗမာမြေပုံ၌ အဆုံးရကောက် အက္ခရာမှာ အသက်တမ်းခွန်* နှင့် ဗိဟာရ ဟူ၍၎င်း အစမှာ ဘကုံးလုံးကြီးတင်ဆံခတ်နှင့် ဘီဟာရ်ဟူ၍၎င်း ရေးသားကြသည် မသင့်၊ အသင့်အမှန်အားဖြင့်ကား ဣန္ဒိယနည်း အစ၌ ဗထက်ချိုက် လုံးကြီးတင် အဆုံးရကောက်မှာ အသတ်မပါဘဲ ဗိဟာရဟု ရေးသားခေါ်ဝေါ်ခြင်းသာ အသင့်အမှန် ဖြစ်သည် အချို့ဗင်္ဂါလီပဏ္ဍိတ်များကမူ ပါဠိနည်းအရ ဝိဟာရ၌ ဝ ၏ အစိတ်ဣကို ဒေသဝါစက အမည်ဖြင့် ဇေါ်ဖွဲ့ရောက်၍ ဝေဟာရဟု ခေါ်ဆိုရေးသားကြသည် သင့်မြတ်သည်သာ။

(မှတ်လွယ်ရန်သံပေါက်) ပုဒ်ဗိဟာရ၊ ဒေသဇ္ဈ၊ ရောက်က ဣမှာ ဝုဒ္ဓိသာ။

ဤဆိုအပ်ခဲ့ပြီးသော ဆုံးဖြတ်ချက်သည် ဒေသဝါစက ပြုပြင်ပြည်ရွာ အမည်သည်သာ ပြအရာ၌ အဆုံးအက္ခရာမှာ သရနှင့်ကား ယိုဒ်ရမည်ကို ရည်ရွယ်သော ဆုံးဖြတ်ချက်ဖြစ်သည် သို့ဖြစ်ငြားလည်း ဤကဲ့သို့ ဗျာဇနန္တ, မထားသင့်သော အရာမျိုးပင် ဖြစ်လင့်ကစား ဗျာဇနန္တကဲ့သို့ အဆုံးအက္ခရာမှာ မပိတပိပေါ်ပေါ် အဖြားဆွတ်အသံမျိုးဖြင့်

http://www.dhammadownload.com

အဂ္ဂိယကိုင်း မြို့ကြီးသားများပင် ရွှက်ဘက်ပြောဆိုလေ့ကျင့်သည့်သို့ (ဖိဟာရ်) ဟု ရွှတ်ဘက်ပြောဆိုလေ့ကျင့်ကြပုံကိုလည်း သတိပြုကြရပေမည် ဖြစ်ကြလေ။

မှတ်လွယ်ရန်သံပေါက်

အဆုံးစာလုံး၊ ရွှတ်ဘတ်ဆုံး၊ နှလုံး*ဣ်သို့ရှု။
အသရုကင်း၊ သံညှင်းညှင်း၊ ရွှတ်လျှင်းများဟိန္တု။
ရေးပုကားအ၊ ကဝ်လျက်ပ၊ ဂေါ်းကြဆုံးစံဟူ။

တည်ရာဌာနဒွန် ဖိဟာရ နယ်တွင် သန္တာလနှင့် ပရဂနာဒို စတြိတ်များ ပါယ်ရာ ၎င်းအမည်များ ဗမာမြေပုံများ၌ မပါမယ်ကြ ၎င်း ဒိစတြိတ်များသည် အရှေ့လောင်ဂျီတွဒ် (၈၀) ဒိဂရီနှင့် မြောက်လတ္တီတွဒ် (၂၃) ဒိဂရီမျဉ်းကြောင်းများ၌ တည်ယ်ကြသည့်(မှာထားချက်)နောက်နောက်၌ ဤကဲ့သို့လောင်ဂျီတွဒ် လတ္တီတွဒ်များကို ညွှန်ပြသောအခါ၌ စဝ်ဆိုင်ရာအမည်များ ဗမာမြေပုံ၌ မပါမယ်သောကြောင့် သိသာရန် ညွှန်ကြားဖော်ပြသည်ဟု မှတ်ပါလေ။

(၂) အရှေ့တောင်ဘက် သလလဝတီ နိဒါန်းအကြောင်း

၎င်းအရှေ့တောင်ဘက် နိဒါန်းဖြစ်သော သလလဝတီ (ဆိလာဤ) မြစ်ကို ပဌမ သိက္ခာဘူဂေါလခေါ် ဇင်္ဂါလီ မြေပုံစာအုပ်၌ ကြည့်ရှုက ကလကတ္ထားမြို့၏ အနောက်မြောက်အရပ်မှာတွေ့ယ်ဒိုင်*သည် ၎င်းဖြစ်အမည်ကိုလအက္ခရာ နှစ်လုံးမဆင့်ဘဲ ရှေ့နောက်ယှဉ်ထွက် သလလဝတီ ဟူ၍သာ ပါဠိမှန်အမည်မှန် ယ်စေရမည်၊ သိဟ်ဠိုင်နှင့် အင်္ဂလိသဒ္ဒစာများမှာလည်း ဤအမည်မှန်အတိုင်း ယ်ကြသည်။ Sulalavati လန်ဒန်ရိုက် ဓာတ်အဋ္ဌကထာ နိဒါန်းပါဠိမှန် ဤပါဠိနေနှင့်အညီ ဤမြစ်၏ ကမ်းခြေတလျှောက်၌

* တန်းခွန်။ ။ပဲ့ပေါင်းပြောင်မှခဲ့၊ တန်းခွန်ဆောင်ထင် ဟူသော ရှေးအထက် အနှစ်လေးရာကျော် ကာလမလောက်က သျှင်အုန်းညီဆို ဂါထာခြောက်ဆယ်ဖျို့, မြင်းနတ်ကောင်းကင် တမ်းခွန်သော်၊ နှင်းဆွတ်ဆောင်းခွင် ချမ်းဟန်သော်၊ ငင်းလဝ်နှောင်းဖြင့်ကျွမ်းရန်သော်, ဟူသော ရှေးအထက် အနှစ်သုံးရာကျော် ကာလလောက်က နဝဒေးကြီးဆို ဝိုဝ်ဗုဒ္ဓရတုများနှင့်အညီ တန်းခွန်မသတ် ဝိသဇ္ဇနီ နှစ်လုံးနှင့် သတ်ပုံကွန မှန်ကန်ဗျာ ရေးသားတတ်ကြစေရမည် အချို့ပိဋကတ်ကား တံခွန်မရိုက်ဘဲချေကား သံဝှန်ပဆိုက်ဘဲချေကား' ဟု သေးသေးတင် ဝိသဇ္ဇနီမဲ့နှင့် ရေးသား ရွတ်ဘတ်စပ်ဆိုကြသည် ပသင့်သည်သာ။

* (နှလုံး) ဤ၌ နငေ်ဟလိုးမှာ စလုံးအသတ်ပေါ်စေဘဲ ရှေးလက်ဘကြီးများနှင့်အညီ မှန်ကန်ကြွနှစ္ဘာ ရေးတတ်စေရမည် (အကိုးကား) နှလုံးများဘွယ်ဟိလှ၏၊ အဆုံးဖျားဝယ်ဦးလှ၏၊ ပခုပါးဝယ်ထိလှ၏၊ (သျှင်တေဇောသာရဆို ရတု) တရုံးတင့်လှာ၊ နှလုံးဖြင့်သာ၊ ဒေကုံးပွင့်ခါ (ပေါရာဏလင်္ကာ)

(သံပေါက်) စိတ်နှလုံးမှာ၊ ရေးသားရာ၊ နှမှာစသတ်၊ ကင်းစေလတ်။ (နှစ်ခုသန်ျာကဲ့သို့ စ-သတ်နှင့်မရေးရ ဟူလို)

http://www.dhammadownload.com

ဖြူသတ္တဝါများ များစွာလည်လည်လည် ကျက်စားလှူးလာကြ၍ ပေါများသော ဖြူဆူးယို သောကြောင့် သလလဝတီ ခေါ်သည်ဟူသော အဓိပ္ပါယ်မှန်ကို မှတ်ယူရမည်၊ ၎င်း အဓိပ္ပါယ်အရ ၁စနှင့် ပြုလိုမူ သလလံ ဝိန္ဒတိ (တိသံ နဒိယန္တိ သလလဝဂ်ဟုပြုလေ သလလသဒ္ဒါ၊ ဖြူဖူးဟုခေါ်ကြသော ဖြူသတ္တဝါ၏ အမွေးဟော ၎င်းနောက် ဝန္တဲ့ ပစ္စည်းကား ပဟူတဇ္ဇ ဒွ် စိရင်သော နောက်ဆက်ပစ္စည်း ၎င်းနောက် ဒုက္ကိုလိင်စောတက ဤပစ္စည်းသက် ပြီးသည်း ဤပြဿိအပ်ခဲ့ပြီးသော အကိုးအကားနှင့်တကွ ယုတ္တိကို ထောက်ဆကြ၍ ဤမြစ်အမည်ကို လန္ဓစ်လုံးဆင့် ရေးချနှင့် သလ္လာဝတ်ဟူ၍လည်းကောင်း ယိုဒယား ခရာရေး ရေးချဲ့ သလ္လဝတီ ဟူ၍လည်းကောင်း အများမရေးမိကြရန် သတိပြုအပ်လှပေသည် သတိပြုကြလေ။ အဘိဓာန် အရည်ာဒိဝဂ် (၆၁၆) ဂါထာမှာ ကြည့်လေ။

(သံပေါက်) ဖြူဆူးပေါများ၊ အုကြောင်းထား၊ ခေါ်ခြားသလလဝတီ။

ဗမာပြည်ယို ချင်းတွင်းမြစ်ကို သလ္လာဝတီဟု ခေါ်ခြင်းသည် ဤသလလဝတီ မြစ်အမည်ကိုယူ၍ မှည့်ခေါ်သည်ဟု မှတ်ရမည်၊ ဤနည်းအတူ ဣန္ဒိယပြည်မှ အမည်ရင်း ကိုယူ၍ ဗမာပြည်၌ မှည့်ခေါ်သော အမည်များစွာ ယိုကြောင်း သတိပြုကြပါကုန် နောက်အရာအားလျော်စွာ ထင်ရှားလတ္တံ့။

ဤ၌ ဖြည့်စွက်၍ နာ နှင့် နဒီ အထူး သံပေါက်ဖြင့် ပြဦးအံ့

(သံပေါက်) ပုန္နပုံသက၊ မည်နာမ၊ ဖြစ်ကသည် နာဒီ။
သိန္ဓုသောဏ၊ ပုဗ္ဗဒိ၊ မှတ်ပဥာဏိ သုဒေသိ။
လောဟိတကျ၊ ခေါ်နာ၊ လိင် နပုန်၊ ဒီ။
အမည်နာမ၊ ထိလိင်၊ ဖြစ်ကသည် ခေါ်နဒီ။
သရဘူဂင်္ဂါ၊ ယမုနာ၊ ပဗာမတီ ကာဝေရီ။ (မြစ်ငါးဝင်း)

သလလဝတီဒိုဒိတ်အကြောင်း ပြီးပြီ။

---

* ဒိုင် ၎င်းကို စွပ်ဒိုင်ခြင်း စသည်ကိုဆိုရာ၌ နဂယ်မှာ ဟထိုးမပါစေဘဲ ရှေးသတ်ပုံများနှင့်အညီ ရေးတတ်စေရမည် အကိုးကား 'ကြံခွင့်တတ်နိုင်၊ မတတ်နိုင်နှင့်၊ ပြုနိုင်မှုနိုင်၊ သိနိုင်ကို့မှာ ခ ရာဟထိုး ယှဉ်တိုးပဖြစ်, (ရှေးဟောင်းသတ်ပုံ) 'ထွက်မခွဲနိုင်လို့က်ဂနိုင်နှင့်အနိုင်ထုတ်ချောက် (ပုံပျော်ဆရာတော်ပေတ္တာစာ) (၁၆၃) ပုဒ်ရင်း၊ 'မရွှင်းတို့နိုင် အနိုင်ကြိုးစား' (ပဉ္စာဝုဝဏ္ဏိ) တိုမှတပါး ဦးထားဒပ်များကို ထောက်အားလျင် ကာရိုက်ကင်းသောအရာမှာ ဟထိုးပဲ့၊ ကားရိုက်မကင်းသော အရာမှာ ဟထိုးနှင့်တကွ ရေးသားသင့်သို့ကြောင်း။ ဆင်ခြင်ပါလေ။

http://www.dhammadownload.com

(၃-၄) တောင်ဘက် သေတကဏ္ဍိကနိဂုံးနှင့် အနောက်ဘက် ထုနဗြာဟ္မဏဂါမ အကြောင်း

တဘိယနိမိတ်သေတကဏ္ဍိကနိဂုံး စသုဏ္ဍိနိမိတ် ထုနဗြာဟ္မဏဂါမတို့မှာ အကျဉ်းမှတ်စဉ် တည်ရာဌာနခွဲ ရေးသားဖော် ပြအပ်သော စကားရပ်များဖြင့်ပင် အဓိပ္ပါယ်သိနိုင်လောက်ပြီ ဖြစ်၍လည်းကောင်း အမည်ပုဒ်အနေအထား တရုံတရာ ရေးသားဆုံးဖြတ်ဘွယ် မရှိသောကြောင့်လည်းကောင်း အကျယ်ရေးသားဘွယ် မလိုတော့ပြီ။

တောင်ဘက် အနောက်ဘက်နိမိတ် ပြီးပြီ။

(၅) မြောက်ဘက် ဥသိရဒ္ဓဇပဗ္ဗတ နိမိတ်အကြောင်း

ဂင်းနိမိတ်သတ်မှတ်ရာ ဥသိရဒ္ဓဇတောင်သည် ဇုပ္ပါယပြည် အနောက်ယွန်း မြောက်ဘက်အစွန်း၌ တည်ယှိ၍ သင်္ကဿိုင်း ကဝိလဝတ်ပြည်မြောက်ဘက် နေပါလနယ်အတွင်း၌ ပါဝင်လျက် ဟရိန္ဒါရခေါ် အရပ်အနီးမှာ တည်ယှိသည်။ ဂင်းတောင်ကို ပန်းရင်းခေါ် နံ့သာမြက်မျိုး ပေါက်ရောက်ပေါများသော တောင်ဖြစ်၍ ပန်းရင်းမြက်များ အလံတမ်းခွန် ထူရိုက်ထားဘိသကဲ့သို့ ဖြစ်ခြင်းကြောင့် ဥသိရဒ္ဓဇ ပဗ္ဗတဟု မာဂဓဘာသာ အားဖြင့် ခေါ်ဆိုသည်။

ဟာရိန္ဒါရ–တည်ရာဌာနခွဲ ဟရိန္ဒါရ မည်သော အရပ်ဣန္ဒြပါယိရာ ဂင်းဟရိန္ဒါရနှင့် စပ်၍ ဗဟုသုတအလိုဌာ ပြဆိုဦးအံ့၊ ဂင်းအရပ်သည် ဟိန္ဒူဘာသာဝင် လူမျိုးတို့၏ ပူဇော်ဆည်းကပ်ရာ တိတ္ထဗေဒ ဌာနဖြစ်သည် ဂင်းကိုဟရိသဒ္ဒါ ဓိသဂျိုးနှတ်ဟော ရွါရ သဒ္ဒါ တံခါးပေါက်ဟော။ ဟရိ+ရွါရ ဟရိရွါရ ဓိသဂျိုးနှတ်မင်းထံ သွားရောက်ခြင်းငှါ တံခါးပေါက်အဝသဘွယ် ဖြစ်ခြင်းကြောင့် ဟရိရွါရဟုခေါ်သည်၊ ဗြာဟ္မဝတ္တ, မာယာပုရ, ဟူ၍လည်း ခေါ်ဆိုကြသေးသည်။ ဂင်း ဟရိရွါရ မြို့အနီး ဂင်္ဂါမြစ်ဆိပ်ကမ်း၌ ကျန်ဗိမဟာရ်ခေါ်သော ကောင်ယှိ၏ ဂင်းတောင်သည်ပင် ရှေးတတိယသင်္ဂါယနာတင်စဉ်အခါ အကြီးအမှူး ဦးစီးနာယက ဖြစ်တော်မူသော အသျှင်မောဂ္ဂလိပုတ္တတိဿ မထေရ် ခုနစ်ရွှမ်းပတ်လုံး ဝိဇေကသုခကို ပွါးများစေကာ သိတင်းသုံးနေတော်မူရာ အဟောဂင်္ဂါပဗ္ဗတ ဖြစ်သည်ဟု ဟိန္ဒူဘာသာ ဗုဒ္ဓစရိယာဂျမ်းစာအုပ်၌ အဆိုရှိသည်။ ဂင်းအဟောဂင်္ဂါပဗ္ဗတ အဓိပ္ပါယ်ကို ဂင်္ဂါမြစ် အလယ်ပိုင်း၌ ညို့မှိုင်းပြိုပြို နွစ်လျှိုးခဲ့ဩ ပြောပမျိုးမွမ်းဘွယ်ရာဖြစ်သော တောင်ဟု ဆိုလိုသည်။

ဥသိရဒ္ဓဇပဗ္ဗတ နိမိတ်အကြောင်း ပြီးပြီ။

နိမိတ်ငါးရပ်အကျယ် ပြဆိုချက် ပြီးပြီ။

http://www.dhammadownload.com

မင်္ဂိုလ်မဒေသအကြောင်းနှင့် အဆုံးအဖြတ်

မင်္ဂိုလ်မဒေသ အာရပ်ကား ဇမ္ဗူဒီပ်ကျွန်း၏ အလယ်ကျသောအရပ် ဟုအပ်ခဲ့ပြီးသော နိဒါတ်ငါးရပ်၏အတွင်း နယ်ပယ်အဝန်းသည် မင်္ဂိုလ်မဒေသဖြစ်သည်၊ ထိုမှအပြင်ဘက် အစွန်ကျသောအရပ်သည် ပစ္စန္တရာဇ်အရပ် ဒိလက္ခဏအရပ်ဖြစ်သည်၊ ဗဟုဿုတခန္ဓဲ့သော အဿုပဂ္ဂိုလ်များက ဤဒွိယပြဉ်ဟာဂဓိန်းလုံးကိုပင် မင်္ဂိုလ်မဒေသဟု မှတ်ယူခဲ့ကြသည် ထိုသို့မမှတ်ယူကြလေလင့် ဂုင်းမင်္ဂိုလ်မဒေသကို ထင်ရှားစွာသိနိုင်ရန် ဤကျမ်းမြေပုံ၌ မျဉ်းကြောင်းဂိုင်းဖြင့် သတ်မှတ်ပြထားသည် သတိပြုကြလင့်ကုန်လေကုန်။ ဤ၌ မင်္ဂိုလ်မဒေသပုဒ် အဆုံးအဖြတ်နှင့်တကွ ဂုင်းဂို့အနက်မှန်သိတို့ အရေးကြီးလှ၏ ဂုင်းပုဒ်၏ အနက်ကို အဘိဓာန်ဂိုကာ၌ အရိယာစာရဘူဒီတွာ မဇ္ဈောစသော ဒေသောစာတိမဇ္ဈာ ဒေသာဟု ပွင့်ပြချက်အရ ဒိသယဆရာများက ဖြူစင်သော အကျင့်ယိုသောသူတို့ ဖြစ်ထွန်းရာအရပ်ဟု ပြန်ဆိုကြရာ ထိုသို့ပြန်ဆိုခြင်းငှါမသင့်။ အကြောင်းကား ဂုင်းမဇ္ဈာသဒ္ဒါ ဖြူစင်ခြင်းအနက်ကိုမဟော အန္တရာလဒေမဇ္ဈာကို၏ပဓိယာယ် ဖြစ်သည့်အတိုင်း(အလယ်) အရပ်ကိုသာဟောသည် ဖြူစင်ခြင်းအနက်ကို ဟောသောသဒ္ဒါကား မအာဂ္ဂရာမှာ ဇကောဂ္ဂ ယောဂနှင့် မေဇ္ဈပုဒ်သာဖြစ်သည် အဘိဓာန်ဂါထာနံပါတ် (၆၉၇) မှာ ဂုင်းပုဒ်တိုက်ရိုက် ယိုနေသည် သို့အနက်အားဖြင့် ယှဉ်ဘက်ဖြစ်သော ပရိယန္တဩဝါစက ပစ္စန္တသဒ္ဒါ၏ အစွန်အဖျားဟူသော အနက်ကိုထောက်၍ အလယ်ကျသော အရပ်ဟူသော အနက်နှင့်သာ သင့်လျော်ရာ ဤ၌ ကောရယောဂ မေဇ္ဈပုဒ် မဖြစ်နိုင် အန္တရာလဒေမဇ္ဈာတွ အကာရယောဂ မဇ္ဈပုဒ်သာ အမှန်ဖြစ်၍ အလယ်အရပ်ဟူသော အနက်မှန်ကို သိနိုင်ရာန်ကျ မှတ်သူကြပါလေ၊ ထိုထက် အကျယ်သိလိုမူ ငါတို့ရေးသားစီရင်သော အဘိဓာန်နိဿယသစ်ကို ကြည့်ရှုပါကုန်၊ ဤအရာမျိုး၌ အဘတ်အရွတ်ထူးခြားအောင် မဘတ်ရွတ်နိုင်၍ ပုဒ်နေမှားတတ်သည်ကိုလည်း သတိထားကြရပေမည်၊ သိပ်ခိုင်နှင့်ကုဋ္ဌိယသားများကမူ မေဇ္ဈကို စသတ်သံနှင့် မစ်ဃ္ဈ မဇ္ဈကို တသတ်သံနှင့် မတ်ဃ္ဈဟု ရွတ်ဘတ်ကြသောကြောင့် မှားဘွယ်မယ်ကြတော့ချေ။

မိလက္ခနှင့် ပစ္စန္တ အဆုံးအဖြတ်

မှတ်ရန်သဝေါဟာရများ

ဥနှင့်ရှင်ဖြူ၊ မိလက္ခ၊ ခေါ်ယူဝေါဟာရ၊ အသင့်သာ။
ဗမာပါဠိစု၊ မိလက္ခ၊ မိုးမှုအမှန်သာ။
မိလက္ခာဟု၊ အလွဲဖြူ၊ မိုးမှုသိုဟိုင်္ဂမှာ။
ဋီကာအမှား၊ ရုပ်တွက်ထား၊ အမှားမှန်ထင်ကာ။

http://www.dhammadownload.com

မိလက္ခုဟု ဗမာစာများမှာယှိသော ပါဠိအမှန်သာ သိဟိုဠ်စာများ၌မူ အဘိဓာန်ဂိုကာရုပ်တွက်ထားသည်ကို အမှန်ထင်ပြီး မိလက္ခာဟု ရေးသားလျက်ယှိသည် မိလက္ခုဟူသော ဗမာစာယှိ ပါဠိမှန်သည် ရှေးပေစာဟောင်းများမှာ ယှိလာခဲ့သော ပါဠိဟောင်း ပါဠိမှန်ဖြစ်ကြောင်းကို၊ 'တောစတောင်ချေ၊နေသူလူရုဒိလက္ခုကား' (ဘူရိဒတ်ဇာတ်ပေါင်း) 'စဂိုက်ရုံ့ထူ တောင်သူညစ်ကျ၊ မိလက္ခုကား' (နေဒိမခါဒိုးခဏ်း) တောင်သူ့အယူ မိလက္ခူတို့ အမူသိမ်ဖျင်း' (မခါဒေဝပျိုသစ်) အစပ် ကာရန်သုံးချက်ညီ ရှေးဟောင်းလက်ာများကို ထောက်၍သိနိုင်သည်။

ပါကတဘာသာ အားဖြင့်လည်း ဤအတူ ဥကာရယောဂနှင့် မိလက္ခုဟုယှိရာ ဗမာစာယှိပါဠိသည် ၎င်းပါကတဘာသာမှ ဆင်းသက်လာသောပါဠိမှန်ဟု မှတ်ရမည်။ ၎င်းမိလက္ခု၏ အဓိပ္ပါယ်ကား ကျမ်းဂန်များ၌ အသိညာဏ်ကင်း အကျင့်မူညံ့ဖျင်းသော လူရိုင်းကို မိလိစ္ဆဟု အဆိုရှိရာ ၎င်းမိလိစ္ဆသည် မိလက္ခု၏ပရိယာယ်ဖြစ်သောကြောင့် အဓိပ္ပါယ်အားဖြင့် အတူပင်ဖြစ်သည်၊ အကြင်လူမျိုးသည် အသိညာဏ်ကင်း၍ အကျင့်မူညံ့ဖျင်းသော လူရိုင်းမျိုးဖြစ်ပြီး မဇ္ဈိမဒေသမှအပ ပစ္စန္တအရပ်၌ ဖြစ်ငြားအံ့။ ထိုသို့သော လူရိုင်းမျိုးကိုသာ မိလိစ္ဆ မိလက္ခုဟု အမှန်ခေါ်ဆိုရမည် အမျိုးကိုစွဲပြီး မိလက္ခုမျိုးဟု သတ်မှတ်ချက်မယှိ ထို့ကြောင့် တောင်သူလူမျိုးကို ခွဲခြားပြီး မိလက္ခုဟူ၍ လည်းကောင်း သို့မဟုတ် တောင်ယာကိုင်းကွန်း ထွန်ယက်လုပ်ကိုင် စားသူများကို မိလက္ခု ဟူ၍လည်းကောင်း ရေးသားပြောဆိုကြသော စကားများ မဟုတ်မမှန်ကြောင်း သိကြပါကုန်၊ ပစ္စန္တအရပ်ဟူသည် ဗုဒ္ဓသာသနာ မထွန်းရာ ဘိက္ခုစသော ပရိသတ်လေးပါး မယှိရာအစွန်အဖျားအနားကျသော အရပ်ဖြစ်သည် ထို့ကြောင့် နေရာအရပ်အားဖြင့် ပစ္စန္တ အကျင့်အမူအားဖြင့် မိလက္ခုဖြစ်ပုံကို (အသိညာဏ်ကင်း ကျင့်မူယွင်းနှင့် ညံ့ဖျင်းစင်စစ် လူရိုင်းဖြစ်သည့် လူညစ်တရ မိလက္ခုခေါ် မသူတော်တို့ ဘုံသော်ငှာန ပစ္စန္တဟု ဒေသမှတ်တို့ရာသတည်း) ဟူသော ရှေးပေါရာဏ လက်ာကို ထောက်၍ ကောင်းစွာသိနိုင်သည်၊ ထို့ပြင် မိလက္ခုပနာတိ အညာဏာပန မိလက္ခူ ဥဒက် ဒေပေါတိ ဝဒန္တိ (ဘူရိဒတ်ဇာတ်အဋ္ဌကထာ)မိလက္ခူတိ ဗာလာသတ္တာ(၎င်းဂိုကာဟောင်း) (ပစ္စန္တိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ မိလက္ခူသု အဝိညာတာရေသု ယတ္ထ နတ္ထိ ဂတိဘိက္ခူနံ ဘိက္ခူနိံ ဥပါသကာနံ ဥပါသိကာနံ) ပါဠိယဝဂ် သဒ္ဒတိ ပရိယာယသုတ် ပါဠိတော် ဤသို့စသော ကျမ်းဂန်သာစကားများကို ထောက်၍လည်း သိနိုင်သည်။

ဆိုအပ်ခဲ့ပြီးသည်များကို မှတ်လွယ်ရန်သံပေါက်

တောင်သူခေါ်ဖြူ၊ လူတစု၊ ကုလသညာ၊ ပဟုတ်ပါ။
လယ်ယာကိုင်းများ၊ ထွန်ယက်စံား၊ ခေါ်ငြားနာမား၊ ပဟုတ်ပါ။
အသိဉာဏ်ကင်း၊ ကျင့်မူဖွင်း၊ မှန်လျှင်းဝေါဟာ၊ လူရိုင်းသာ။

http://www.dhammadownload.com

ယင်းကြောင်းမှာ၊ဒိဋ္ဌိ၌၊ ခေါ်ရာဘဉာဏ်၊ဖျိုးဖိုင်းမှာ (လူမျိုးဖိုင်းနှင့်သက်ဆိုင်သည်ဟုလို)
ရုပ်ပစ္စက္ခ၊ ဒိဋ္ဌိ၌၊ ဗုဒ္ဓသာသနာ၊ ပတ္တနိုးဂူ။
ဘိက္ခုဘစ၊ စတုဏ္ဍ၊ ကင်းထပရိသာ၊ ထိုရပ်မှာ။
ထိုဒွန်နေက၊ ဒိဋ္ဌိ၌၊ ခေါ်ကြသည်ဘာ၊ ကျန်းဟွေမှာ။
ထိုဒွန်နေသူ၊ ဒိလက္ခူ။ ခေါ်ယူနည်းတူသာ။

ဒိလက္ခူ၏ အတ္ထုဒ္ဒါရကို ငါကျိုရေးသားအပ်သော အဘိဓာန် မိုသဲယဿစ် စတုဇ္ဇဏ္ဏဝဂ် (၅၁၆) ဂါထာမှာ ကြည့်လေ၊

ဖ္လေစ္ဆ=MLECCHA-သဒ်တဘာသာပုဒ်
ဒိလက္ခူ=MILAKKHU- မာဂဓဘာသာပုဒ်
ĀPAM MILAKKHĀ PANA DEVAMĀHU
အာပံ ဒိလက္ခာပနာ ဒေဝမာဟု=လန်ဗန်ရိုက်စာတ်အဋ္ဌကထာ-ပါဠိပျက်

ဒိလက္ခူ ပစ္စန္တ အဆုံးအဖြတ် ပြီးပြီ။

ဣန္ဒိယဝေါဟာရ အဆုံးအဖြတ်

ဤ၌ စကားအလျဉ်းသင့်၍ ဣဿိယဟူသော ဝေါဟာရအမည်ကို စိစစ်ဖြဆိုဦးအံ့။ ယခု ဣဿိယခေါ် ဟိန္ဒူလူမျိုးတို့နေရာ ဟိန္ဒုဌာနအရပ်ကို ဟိန္ဒူနှင့်ဇင်္ဂါလီ လူမျိုးများက ဘာရတမင်းပိုင် နိုင်ငံဖြစ်ခြင်းကြောင့် (ဘာရတဝဿ) (ဘာရတဝဿ) (ဘာရတခဏ္ဍ) (ဘာရတ) ဤသို့အမည်အားဖြင့် ခေါ်ဆိုရေးသားကြသည်။

ယင်းသို့ခေါ်ဆိုရေးသားကြခြင်းသည်—

ဥတ္တရကုယတ်သမုဒ္ဒါသူ၊ ဟိမာဒြေဒဉ်ဆွဝဒက္ခိဏ်ဘဲ။
ဝမ်တန္တာရတံနာမ၊ ဘာရတီယကြဿန္တတိ။

ဟူသော မဟာဘာရတကျမ်းကြီးနှင့် အညီပင်တည်း။

ဂဠိးဘံနက်ကား။ ။သမုဒ္ဒါသူ၊ ဘာရတသမုဒ္ဒါ၏။ ဝါ၊ မှ၊ ယက်ဥတ္တရ၌၊ အကြင်မြောက်အရပ် သည်လည်းကောင်း။ ဟိမာဒြေ၊ ဟိမဝန္တာတောင်၏။ ဝါ၊ တောင်မှ။ ယတ်ဒဉ်ဆွဝဒက္ခိဏ်ဘဲ၊ အကြင်ဒေတာင်အရပ် သည်လည်းကောင်း။ အသို့၊ (ထည့်) ယှိ၏။ တတ်၊ ထိုဆိုအပ်ခဲ့ပြီးသော အပိုင်းအခြားအတွင်း နယ်အရပ်သည်။ ဘာရတမိနာမဓေယ်မ်၊ ဘာရတမင်းပိုင် နိုင်ငံတော်အမ်ိုးအပိုင်း ဖြစ်ခြင်းကြောင့် ဘာရတဝဿ မည်၏။ ယတြာ၊ အကြင်ဘာရတဝဿ ဘာရတခဏ္ဍ၌။ ဝါ၊ ယခုဣဿိယ ခေါ် ဟိန္ဒုဌာန၌။ ဝါ၊ ဤဓမ္မဒီပဝတ္ထုန်း၌။ ဘာရတီ၊ ဘာရတမင်းနှင့် စပ်လျဉ်း

http://www.dhammadownload.com

သက်ဆိုင်သော၊ ဂါ၊ ဘာရတမင်းဆိုက် မိုင်ပင်သူ မိုင်ငံသားများ ဖြစ်သော၊ သန္တာတို၊ အမျိုးအနွယ်၊ ပေါ်ယယ်ကုလေ၊ သင်္ချိုများတောင်း၊ လူအပေါင်းသည်း။ တိုင်္ဂတို၊(ထည့်) တည်နေ၏။

အင်္ဂလိပ်သစ်သော သိုးဆောင်းလူမျိုးများကမူကား ၎င်းမိုင်ငံအတွင်း၌ စီးဆင်းသွက်လှိုသော သိန္ဓုမြစ်ကိုစွဲ၍ အင်္ဂျိယဟု ခေါ်ဆိုကြောင်း သရုလမည်သော ဗင်္ဂါလီအဘိဓာန် သိန္ဓုပုဒ် အဖွင့်၌လည်းကောင်း မဟာသုဇာတကဇာတ်မိန်း ကုမ္ဘစက္က အခန်း၌လည်းကောင်း အဆိုယိုသည် ထိုကိုလိုက်၍ တို့ဗမာများကလည်း အင်္ဂျိယဟု ခေါ်ဆိုကြသည် ၍မိုင်ငံကိုပင် ပညာယိုများက ဇမ္ဗူဒိဝိပကျွန်းဟု ခေါ်ဆိုကြသည်။

(သံပေါက်) ဟိန္ဒုဋ္ဌာန၊ ဘာရတ၊ခဏ္ဍဝဿာ နောက်ဆက်ကာ။ (ဘာရတဝဿ ဘာရတခဏ္ဍဟူလို)
ဟိန္ဒူ၊ဗင်္ဂါလီ။ မျိုးနွယ်လိ၊ အမည်ခေါ်ကြရာ။
တိုင်းရင်းသားများ၊ ခေါ်ကြခြင်း၊ မှတ်သား၍သည်ဟု။
သိုးဆောင်းလူများ၊ အမည်ထား၊ ခေါ်ခြင်းဇာနိယာ။
ဗမာများလည်း၊ သိုးဆောင်နည်း၊ လိုက်ပြီးခေါ်ကြရာ။
ဇမ္ဗူ၊ဒိဝိဆို၊ ၍ကျွန်းကို၊ ခေါ်လို၍ဖြည်သာ။

ဆက်ဦးဒုံ။ ။ဟိန္ဒူ၊မြေပုံ၌ ဟိန္ဒုဋ္ဌာန၊ ဗင်္ဂါလီမြေပုံ၌ ဘာရတဝဿ ဟူသော အမည်ကိုသာ သုံးစွဲ၍ အင်္ဂျိယဟူသော အမည်ကို သုံးစွဲပေးသားခြင်းမယို အခြားသင်းမူ တိုင်းရင်းသားဖြစ်ကြသော သူတို့သည် အမည်ရင်းကို သိကြပြီးဖြစ်၍ ဝိဒေသိက နိုင်ငံရပ်ခြား တိုင်းတပါးသားတို့ မှည့်ခေါ်သောအမည်ကို မရေးသားလိုကြ သိကိုင်းများပင် အမည်ရင်းကို မစွန့်ပဲ ဘာရတခဏ္ဍဟု ရေးသားကြသည်၊ ဥပမာ ငါဘူ ဗမာပြည်၌ မော်လမြိုင် ရတ္တမ ပြည်မြို့များကို သိုးဆောင်းများက Moulmein မော်လမိန် Martaban မာဟ်တဗန် Prome=ပြီး (ပရုတ်း) ဟု ခေါ်ဆိုရေးသားကြသော်လည်း အမည်ရင်းသိပြီးဖြစ်သော ဗမာများက ထိုသို့မရေးသား မခေါ်လိုကြပဲ မော်လမြိုင် ရတ္တမ ပြည် ဟူ၍သာ ရေးသား ခေါ်ဆိုကြကြောင်းသလဲသို့ လည်းကောင်း *အင်္ဂျိယပြည်ယို Banaras ဗာရာဏသီ ဟူသော သိုးဆောင်များခေါ်ဆိုသော အမည်အတိုင်း မခေါ်ဆိုကြပဲ ဗာရာဏသီ,ဟူ၍သာ ခေါ်ဆိုကြသိသလဲသို့လည်းကောင်း မှတ်ယူလေ။

(သံပေါက်) ဟိန္ဒုဋ္ဌာန၊ ဟုရေးကြ၊ ဇွေရဟိန္ဒူ မြေပုံ။"
ဘာရတဝပ်ဒ်၊ ဟုရေးကြ၊ ဇွေရ "ဝင်" ဟု မြေပုံ။" (ဗင်္ဂါလီမြေပုံဟူ)
စိတ်ဝိုင်းနှိုး၊ ဝဿဟု၊ ခေါ်ဖြွဲ့ဝိလှလူ များဟိန္ဒူ။"

(ဝဿသဒ္ဒါ ဆစိတ်ဆဝိုင်းဟော ဟူလို)

http://www.dhammadownload.com

ဘာရတခဏ္ဍ၊ ဟုရေးကြ၊ တွေ့ရပုံကူ၊ သိဟိုဠ်ဒီပူ။
ဟိမာလယ၊ သမုဒ္ဒ၊ အန္တရဘူ၊ ဒေသဟူ။
အမှန်သိခြား၊ နည်းတပါး၊ လိုက်သွားမခေါ်ယူ။
မှန်မသိခြား၊ နည်းတပါး၊ အများလိုက်ခေါ်ယူ၊

(အမည်မှန်အရင်းကိုသိက နည်းတပါးအမည်များကို လိုက်ပြီးခေါ်ရန်မလို အမည်ရင်းအမှန်ကို မသိသူများသာ တပါးအမည်ကို လိုက်ပြီး ခေါ်ဆိုကြသည်ဟူလို)။

သို့သော် ယခုအများအားဖြင့် သိုးဆောင်းလွှဲ မည့်ခေါ်ထားသည့်အတိုင်း ဣန္ဒိယပြည်ဟု အခေါ်အဆို အသုံးအနွဲများလွန်ယိုရာ ၎င်းအမည်မှန်ကို ရေးသားတတ်စေရန် လိုအပ်သည့် သိုးဆောင်းများက သင်္ခတ ပါကတ မာဂဓဘာသာ သုံးရပ်အညီ အမည်မှန် နဃယ် ဝ အောက်ဒြိုက်အဆင့်နှင့် (သိန္ဓု) ပုဒ်ကိုဖျက်၍ မဝိမပြင် *အပသဒ္ဒ အပန္တံသ အားဖြင့် နဃယ် ဒန္ဓေးအဆင့်နှင့် ဣန္ဒသ် ဏကြိုး ဒုရင်ကောက် အဆင့်နှင့် ဣတ္ထာသ်ဟု အလွဲရေးမှတ်ပြီး ၎င်းနောင် ဒေသဝါစက ဣယပစ္စည်း ဆက်သွယ်၍ India ဣန္ဒိယ ဣတ္ထိယ,ဟု ခေါ်ဆိုရေးသားကြသည် ဗမာများကလည်း ဤအတိုင်း ခေါ်ဆိုရေးသားကြသည် သည်တွင်မက အနျိုဗမာများက အလုံးကြီးတင်နှင့် (အိန္ဒိယ) စက္ခု စသော ဣန္ဒြေဟောပုဒ်မှာကဲ့သို့ (ဣန္ဒြိယ) ဤကဲ့သို့ အလွဲအပျက်ရေးသားလျက် ယိုကြပြန်သည် ထိုသို့ မရေးသား မခေါ်ဆို သင့်သည်သာ အမှန်အားဖြင့် ဘာသာကြီး သုံးရပ်အညီ သိန္ဓု ဟူသော အမည်မှန်ကိုထောက်၍ နဃယ် ဝ အောက်ဒြိုက် အဆင့်နှင့် (ဣန္ဒိယ) ဟူ၍သာ ရေးသားခေါ်ဆိုရမည် အင်္ဂလိပ် စာလုံးပေါင်းကိုလည်း Indhia ဟု အမှန် ရေးသားစာတ်ရမည် ရေးကြလေ။

(သံပေါက်) နဝအောက်ချိုက်၊ ဆင့်ရေးလိုက်၊ ရှေးဒွိသရ၊ ဒုရေးကြ။ (ဣန္ဒိယ) အမှန်ရေး။
ထိုပုတပါး၊ ရေးနည်းများ၊ အပုံးပုတ်လေကြ။
(ဣန္ဒိယ) (ဣတ္ထိယ) (အိန္ဒိယ) (ဣန္ဒြိယ) အပုံးပရေးကြလင့်။
ဣန္ဒိယ အမည် အဆုံးအဖြတ် ပြီးပြီ။

ပဝိ မဝြင် *ဝင်းဝေါဟာရပုံ ပိဋ္ဌ ဝိသျင်္ဘတ္တ ပုဂ္ဂိသဒတ္တ ပိယျိုးဖြစ်ရကား အရှစ်အပင့် မပါစေဝဲ ပသက်သက်နှင့် ပီ ဟုရေးရမည် အတိတက္တ အရာဋ္ဌသာ ပြိပုံ အရှစ်နှင့်တကွ ရေးရမည်။
(သံပေါက်) ဂုတ်သန်းရှင်း (၀)၊ အတိတ်ပြိ၊ စင်္ဂနှိရှစ်ပဲ့၊ အရှစ်နဲ့ (၀-ပြိ)။

(ကျန်ဟူပြီ စော်ဘွားညီလည်း ပဗိဆင်ခြေ) ဟူသော ဂ္ဂနားတော်သွင်း ချောင်းကိုလည်းကောင်း (ပပြောက်ကြားပြီ စကားပိဋ္ဌိ) ဟူသော မဟာစည်သူဂေါ်တင်းဘို ပိုဉ်ဗုဒုတုကိုလည်းကောင်း ထောက်လေ။

လည်းကောင်းနှင့် ၎င်း *ဤအရေးအသားနှစ်ပျိုးတွင် လည်းကောင်း ကို စသဒ္ဓါဒိန်္ဓ အနှက် သမုစ္စယတ္ထအရာဋ္ဌ ၎င်းကို တသဒ္ဓါ ဣပသဒ္ဓါဘိန်္ဓ အနုက်ဥဒ္ဒေတ္တ အဝိဥဒ္ဒေတ္တ အပွာသဒ္ဒတ္တ အရာတိဋ္ဌ သုံးခဲ့ရေးသားရမည် ရေးသောအခါ အမှန်ရေး၍ ဘတ်သောအခါ ဂါပွဒေါသလွှတ်အောင် ဘတ်ရမည် သည်ထက် အကျယ်သိလိုမူ ငါတို့ရေးသားအပ်သော ဗာလာဝတောရ ဂဏ္ဌိပဒတ္တပိဋ်စွယ် ကျမ်းမှာကြည့်လေ။

http://www.dhammadownload.com

မင်္ဂလာဒေသနိဒါန်းရပ် အပိုင်းအခြား စသည်များကို
မှတ်လွယ်ရန် သဘောက်

(၁) အရှေ့တောင်၊ နောက်တောင်က၊ သလလဝကိုဆို။
(၂) တောင်ကတိုက်၊ ပစ္ဆိမ၊ ထုနုရွာဟုဆို။
(၃) ဗြောက်နိဒါန်း၊ ဥသီရ၊ ဥတ္တရတောင်ဟုဆို။
(၄) နိဒါန်းဝ၊ အတွင်းကျ၊ ဒေသအလယ်ကို။
(၅) မင်္ဂလာပနော်၊ ဒေသခေါ်၊ ထုတ်ဖော်ကျန်းအလို။
(၆) ထိုမှပြင်ကျ၊ ပန္နဿ၊ ခေါ်ကြလူ့ဝိုဒိုရ်။
(၇) သာသနိက၊ မင်္ဂလိ၊ ကြည့်ကြပြေပုံကို။
(၈) ယူဇနာအလျား၊ သုံးရာထား၊ မှတ်သားကျန်းအဆို။
(၉) နှစ်ရာငါးဆယ်၊ အနံဝယ်၊ တသွယ်မှတ်စေလို။
(၁၀) အဝန်းကိုးရာ၊ ယူဇနား ပမာလည်းဦးလို။

သာသနာ့တော်နှစ်ဦး အရှ ဆိုအပ်ခဲ့ပြီးသော နိဒါန်ငါးရပ်၏ အတွင်း အရပ်နယ်ပယ်သည် မင်္ဂလာဒေသအရပ်ဖြစ်သည့် အလျားယူဇနာ သုံးရာ အနံအကျယ်ယူဇနာ နှစ်ရာ့ငါးဆယ် အဝန်းယူဇနာ ကိုးရာယို၍ ပုံအားဖြင့် လှည်းဦးပုံဖြစ်သည် ဟူလို။

ဝိနည်းပါဠိတော် စသည်၌လာသော

သာသနာတော်နှစ်ဦးအရှ မင်္ဂလာဒေသအပိုင်းအခြား ပြဆိုခဏ် ပြီးပြီ။

(ခ) မနုသခ်တကျမ်းလာ လောကိနည်း မင်္ဂလာဒေသအပိုင်းအခြား နိဒါန်းလေးရပ်နှင့်တကွ တည်ရာဒေသကို ပေါ်ပြချက် (အကျဉ်းမှတ်စဉ်)

လောကိနည်း မင်္ဂလာဒေသအပိုင်းအခြား အရှေ့ဘက်နိဒါန်စသည်ဖြင့် နိဒါန်းလေးရပ် သတ်မှတ်ပိုင်းခြားထားရာတွင်—

(၁) အရှေ့ဘက်နိဒါန်ကား ပယောဂဆိပ်ဖြစ်၍ တည်ရာအားဖြင့် ဂင်္ဂါမြစ်နှင့် ယမုနာ (ဇမုနာ) မြစ်နှစ်ခုဆုံရာ ကောသမ္ဗီပြည်အနီး ယခု ဧလာဟာဗာဒ (ဧလာဟာဗဒ်) ခေါ်ပြည်တည်ရာဖြစ်သည်။

(၂) တောင်ဘက်နိဒါန်ကား ဝိန္ဓျတောင်တန်းဖြစ်၍ တည်ရာအားဖြင့် ဗုဒ္ဓိဇာနယ်အမြားဟိုင်းနှင့် ယူဒ္ဓိယပြည် အလယ်ဟိုင်းနယ် သဒ်တနည်းအလို ဥတ္တရပထကိုင်း အဆုံးနှင့်ဒက္ခိဏာပထကိုင်း အစအရပ်မှာ တည်ပေ့သည်။

http://www.dhammadownload.com

(၃) အနောက်ဘက်နိမိတ်ကား ကုရုခေတ္တ (ကုရုတိုင်း) ဝိနသန,ဆိပ်ဖြစ်၍ တည်ရာအားဖြင့် ဒိလ္လိမြို့မြောက်ဘက် အနီးမှာ တည်ယိုသည်။

(၄) မြောက်ဘက်နိမိတ်ကား ဟိမဝန္တာတောင်ဖြစ်၍ တည်ရာအားဖြင့် ဇုဒ္ဓိယပြည် မြောက်ဘက် အဆုံးမှာ တည်ယိုသည်။

အကျယ်ဝေဘန်ပြဆိုချက်

အရှေ့ဘက် ပယာဂနိမိတ်အကြောင်းနှင့် ပုဗ္ဗအဆုံးအဖြတ်

အရှေ့ဘက်နိမိတ် သတ်မှတ်ရာ ပယာဂ ဆိပ်သည် မြတ်စွာဗုဒ္ဓား သခင် ဝေရဉ္ဇာ၌ နွားဒသမဝါ ကပ်ဆိုတော်မူပြီး ဝါကွတ်၍ ဒေသစာရီ ကြွချီတော်မူသော အခါ ဗာရာဏသီသို့ ကူးကြွတော်မူရာ ဆိပ်ကမ်း၊ ယခုအခါ ဣလာ, ဇလာဟာဗာဒ် ဟုခေါ်ဆိုကြသော မြို့ဖြစ်ကြောင်း မင်္ဂလကောသမည်သော ဟိန္ဒီအဘိဓာန်ကျမ်းနှင့် သင်္ခတကျမ်းများမှာ၊ အဆိုရှိသည် ယခုအခါ ကောသမ်ခေါ်သော ကောသမ်ဗြို့၏အနိုး အရှေ့မြောက်ဘက်မှာ တည်ယိုသည်၊ဟိန္ဒူဘာသာပင်လူမျိုးတို့ လွန်စွာအရေးကြီးသော ပုညတိတ္ထဖြစ်၍ ဘူရိဒတ်ဇာတ်တော်လာ နေသာဒပုဏ္ဏား မကောင်းမှု ဆေးကြော မြှောပြစ်ရာ ဆိပ်ကမ်းဖြစ်ခဲ့ဘူးလေသည်။

ဤဆိပ်ကမ်းအမည်ကို ပစောက်မှာရေးချနှင့် ပါယာဂ ဟူ၍လည်းကောင်း၊ ပနောင် ရကောက်ရေးချနှင့် ၎င်းနောက် ယပက်လက် ဂငယ်ရေးချနှင့် ပရာယဂါ ဟူ၍လည်းကောင်း အလွဲအမှာက် ရေးဘတ်လျက်ယိုကြသည် ထိုသို့ မရေးဘတ်ကြ လေလင့်၊ အမှန်အားဖြင့် ၎င်းအမည်ပြုရာ၌ Prayāga ဟု အင်္ဂလိပ် အက္ခရာဖြင့် သင်္ခတဘာသာကို ရေးသားထားရာ ၎င်းအက္ခရာစာတမ်းကို သေချာစွာ တိုက်ရိုက် ပြန်ဆိုမူ ပစောက်ရရစ် ယပက်လက်ရေးချနောက် ဂငယ်ရေးချမပါပဲ ပြယာဂဟူသော သင်္ခတဘာသာပုဒ်ရင်းပင် ခေါ်ဝေါ်ကြသည်၊ ၎င်းပုဒ်၌ ပစောက်အက္ခရာက ရကောက်အရစ်ကို ပယ်ဖျက်လျှင် ပယာဂဟူသော ပါဠိဘာသာ ပါကတဘာသာနှင့်ငါတို့ဗမာဘာသာပုဒ်ရင်းအမှန် ဖြစ်လာ ၏၊ သင်္ခတဘာသာအားဖြင့် ပြယာဂ ပါဠိဘာသာနှင့် ပါကတဘာသာအားဖြင့် ပယာဂ ဟု ပါဠိနေယျပုဂ္ဂိုလ်ကို ပြယာဂံသ္မွရမာဏာသ္မု ယာန္တိ ပါပါနိ သံကွယံ (ပရာဏသမ္မယ) ပယာဂပတိဋ္ဌာနံ ပယာဂပတိဋ္ဌာနေ (ပါရာဇိကဏ် ဂေရုကဿာပါဠိတော်) ဤသို့ယို သည်ကိုထောက်၍သိလေ။

(သံယုတ်) ပအရစ်ဝယ်၊ ရရစ်ပယ်၊ မှတ်ဘွယ် မာနှင့်ပါ။ (မာဂဝနှင့် ပါကတ—ပယာဂ)
ပစောက်ရရစ်၊ လယ်ယာဖြစ်၊ ဆုံးလစ် ဂ,သာ,သဒ်တာ။ (သဒ်တ—ပြာယာဂ)

http://www.dhammadownload.com

လွန်ကဲမြင့်မြတ်သော ပူဇော်ပျဉ်းနာ သို့မဟုတ် မြတ်သောဒါန ကောင်းမှုပြုရာ ပုညခေတ်ဟု အဓိပ္ပါယ်ဆိုလိုသည့် ၎င်းအမည်ကို အင်္ဂလိပ်အက္ခရာဖြင့် မာဂဓနှင့် ပါကတဘာသာ ပေးလိုမူ အထက်ပေါ်ပြပြီး အင်္ဂလိပ်စာလုံးပေါင်း၌ R အာဂ် အက္ခရာ တလုံးကိုပယ်နှုတ်လျှင် မာဂဓနှင့် ပါကတဘာသာ ဖြစ်တော့သည်သာ ဆိုအပ်ခဲ့ပြီးသော ဘာသာပြန်နည်းနှင့်အညီ ပစောက်မှာ ရေးချမပါစေဝဲ ယပက်လက်မှာ ရေးချနှင့် မှန်ကန်ကျနစွာ ပယာဂဟု ရေးဘတ်မှသာ လိုအပ်သောဋ္ဌာနဖြစ်သော ရေဆင်ဝကို ရနိုင်မည် သို့မဟုတ်ဝဲ ပစောက်နှင့်ယအက္ခရာမှာ ရေးချနှင့် ပါယာဂဟု ရေးဘတ်ခဲ့လျှင် တည်နေရာဋ္ဌာနဖြစ်သော ပယာဂ ရေဆင်ဝကိုမရဝဲ ပါယာဂါသဟဉ္ဇာတိအိ ဟူသော မဟာသမယသုတ် ပါဠိတော်ကဲ့သို့ တည်နေတတ်သော နဂါးနှင့်လူ စသည်တို့ကို ဆိုလိုသည်ဟု မလိုအပ်သော အနက်အဓိပ္ပါယ်ထောက်လိုဒ့်မည် ဤအရာမှာကား ဋ္ဌာန ဖြစ်သော ပယာဂ ရေဆင်ဝကိုသာ ဆိုလိုသည့် ပညာယိုများ အထူးသတိယှိကြပါစေ ဤပယာဂဆင်ဝ နိဒါတ်အရာ၌ မဟာသဇာတက ကျမ်းအဆိုကို ဆင်ခြင်တွယ်ယှိ၏ ဆင်ခြင်ကြလေ။

ပယာဂပုဒ်အဆုံးအဖြတ် ပြီးပြီ။

တည်ရာဋ္ဌာန၌ပါသော ယမုနာမြစ်အဓိပ္ပါယ်

ဟိန္ဒူလူမျိုးများက (ယဘ-ဇဘ) (ယမဒဂ္ဂိ-ဇမဒဂ္ဂိ) စသည်တို့မှာကဲ့သို့ ပါကတဘာသာ သဒ္ဒါနည်းကို မှီသဖြင့် ယ-ကို ဇပြု၍ ဤယမုနာ့ကို ဇမုနာ (ဂျမုနာ) ဟု ရေးသားဘတ်ရွတ်ကြသည် ၎င်းတို့ဘာသာ အဘိဓာန်များမှာလည်း ရေးသားပါယှိသည် ဗမာအက္ခရာ ဏ္ဍီယမြေပုံ၌ ဂျာမုနာ ဂျမ်နာ ဂျမုနာ ဟူသောအမည်သုံးမျိုးဖြင့်ပါယှိသော မြစ်ကား မြစ်ကြီးငါးစင် အဝင်အပါ ဤယမုနာမြစ်ပင်ဖြစ်သည် ၎င်းမြစ်ကို ယမမင်း၏ နှမတော် ဖြစ်ခြင်းကြောင့် ယမုနာမြစ်ခေါ်သည်ဟု ပူရာဏ်ကျမ်းများမှာ အဆိုယှိသည် Ymuna အရိယ ကိမ်းဗရိဒ်နှင့် (ဟမ်) (ဗုဒ္ဓိသ်တ်)ဏ္ဍီယစာအုပ်မြေပုံများ၌ ပါယှိသော စာလုံးပေါင်းမှန်။

(သံပေါက်) ယမ နှမ၊ ဆိုကုန်ကြ၊ ဂင်္ဂဆုဂုဏ်မှာ။
နှမအနက်၊ ဥ နဒီသက်၊ နောက်ဆက်ဏ္ဍလိင်အာ။
ယမဿသာဘဂိနီ၊ ယမုနာဝဲ (ယမ+ဒုနာ+ဘယမုနာ)။
ယကိဇပြု၊ ဟိန္ဒူစု၊ ရွှတ်မူလေ့အလာ (ယမုနာ-ဇမုနာ)။

ဤအရာ၌ မာဂဓ သင်္ဃတဘာသာ နှစ်မျိုးသုံးမှာပင် အဓေါ်အမည်ကဲ့၏။
ယမုနာ သရယူမတီ (မာဂဓအဘိဓာန်)။
ယမုနာ ဇမနဘွသာ (အမရကောသ)။

http://www.dhammadownload.com

ဂင်းအမည် အခေါ်ဒွန်ဟျိုးကို Yamuna–Jamuna ဟုစာလုံးပေါင်းသစ် အမှန်ရေးလေ ကာလိန္ဒီ သူရိတာ, ဘုရိယာတာ, သမုဒ္ဒသာ, စသောအမည်များသည် လည်း ဂင်းယမုနာဖြစ်၏ အမည်များပင်တည်း။

အရှေ့ဘက် ပဃောဝနိုင်ငံတော်ဆိုင်ရာအကြောင်း ပြီးပြီ။

တောင်ဘက် စဉ္ဆန်ဒိတ်အကြောင်းနှင့် ပုဒ်အဆုံးအဖြတ်

ဤတောင်ဘက်ဒိသိုင်း စဉ္ဆတောင်သည် အစဉ်အတန်းအားဖြင့်လည်း ရှည်လျား အမက်အစောက်ဖြင့်အားလည်း မြင့်ငွါး၍နေလတ္တိ၏အသွားကို ကွယ်ကာတားမြစ်သကဲ့သို့ ဖြစ်သည် သို့မဟုတ် အထူးသဖြင့် တောက်ပတတ်သည် တနည်း ယောဂီပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းအားထုံသို့ သက်ဝင်၍ အထူးသဖြင့် ကြီစည်ကြရာ နိဝရဏတရားတို့ကို ဖုတ်မြိုက်ကြရာဖြစ်သည် ထို့ကြောင့် ဂင်းတောင်ကို ပါဠိနှင့်ဗမာဘာသာအားဖြင့် ဝိဇ္ဈတောင် သဒ်တဘာသာအားဖြင့် ဝိန္ဓျတောင်ဟုခေါ်သည် ဣန္ဒိယတိုင်းသားများကလည်း ဂင်း သဒ်တဘာသာအတိုင်း ခေါ်ကြသည်။

ဝလုံးကြိုးတင် (၉) ယေ စွမ္ဘင်ဆွဲအဆင့်နှင့် ဝိန္ဓျ (မာဂဝနှင့် ပါကတ)။

နယေဝအောက်ဒြိုက် ယပင့်အဆင့်နှင့် ဝိန္ဓျ (သဒ်တဘာသာ) ဤသို့အမှန်ရေးရ မည်၊ ယင်းသို့အမှန်ရေးရမည် အဖြစ်ကို ဟိမဝပ္ပဒေသ (မနု) ဝိဇ္ဈော ပဏ္ဍော ဝက်ာဒိ (မာဂဝအဘိဓာန်) ဤသို့သော ကျမ်းလာပုဒ်နေများကို ထောက်၍သိလေ၊ အင်္ဂလိပ် အက္ခရာစာလုံးပေါင်းမှန် ရေးလိုမူ Vinjha ဟုရေးလေ။

ဗမာဘာသာနှင့် ဗမာအက္ခရာရေး ပါဠိကျမ်းစာများ၌ ဝိဇ္ဈာဋဝိဟု အမှန် ခေါ်ဆိုရေးသားရမည်ကို ဝိဇ္ဈာဋဝိ ဟု ဇဒွဲစွမ္ဘင်ဆွဲ နှစ်လုံးဆင့်နှင့် ပါဒ်အများကို ခေါ်ဆို ရေးသားလျက် ယိုကြသည် သတိပြုကြကုန်။

ဗမာအက္ခရာ ကျောင်းသုံးဆွဲဒြိယမြေပုံစာအုပ် စသည်၌ နယေအဆင့် ဒထွေး ယပင့်နှင့် ဝိန္ဓျဟူ၍လည်းကောင်း ယပင့်မပါဘဲ ဝိန္ဓ ဟူ၍လည်းကောင်း အမျိုးမျိုးအက္ခရာ အရေးအသား ပျက်စီးလျက် ယိုကြသည် ကျောင်းဆရာများ သတိယိုကြစေ။

ထိုသို့ပျက်စီးရခြင်း အကြောင်းကား အခြားမဟုတ် ဘာသာစကားအားဖြင့် သဒ်တဘာသာ အက္ခရာသင်္ကေတ အမှတ်အသားအားဖြင့် အင်္ဂလိပ်ဖြစ်သော Vindhya ဟူသောစာလုံးပေါင်းကို အကျအနအမှန်အကန် မပြန်ဆိုတတ်သောကြောင့် ဖြစ်သည်

http://www.dhammadownload.com

အမှန်အကန်ပြန်ဆိုမူ ဝိန္ဒျဟူသော သင်္ခတဘာသာ ပုဒ်ရင်းအမှန် ဖြစ်လာရမည် ဟိန္ဒူ ဗဂ်ါလီ ကလယ် သိဟိုင်္ဂဗြေငုံများမှာ ဂင်းပုဒ်ရင်းအမှန်အဘိုင်း ရေးသားပါယ်ကြသည် ဂင်းပြင် ရရစ်အဆင့် ဝိန္ဒြ-ဝိန္ဒြ ဟု ရေးသား၍ လျှာလဲပ်သံဖြင့် ဝဲန္ဒမ ဟု ရွတ်ဘဝ်ခြင်း မပြုဒ်ကြရန်လည်း သတိပြုကြရပေမည်။

(သံပေါက်) နှ–ဝအောက်ချိုက်၊ အဆင့်၌၊ ပင့်လိုက်ယကာရ။
အဝဋ္ဌဝိ၊ ရေးပြန်ဘိ၊ မှတ်သိဝိဒ္ဓ၊-သံတ။
ဗျ၊ ဗျင်္ဂဆွဲ၊ နှ ဥ လဲ၊ ဖြစ်မြဝိဒ္ဓ၊ မာဂဝ။

(ဝိဥ္ဇ သင်္ခတပုဒ်မှ ဗျ, ကို ဗ္ဗ၊ နှ၊ ကို ဥ, ပြု၍ ဝိဒ္ဓျဟု မာဂဝပုဒ်ဖြစ်လာသည် ဟူလို)။

---

(၃) ဥတ္တရုပထနှင့် ဒက္ခိဏာပထ အဆိုးအဖြတ်

တည်ရာဌာနဒ္ဒ ဖေါ်ပြပါရှိသော ဥတ္တရာပထနှင့် ဒက္ခိဏာပထ အဝိုင်းအခြား ပါဠိနည်း သင်္ခတနည်း နည်းနှစ်မျိုးယှဉ်ရာ ထိုနှစ်မျိုးတွင် ပါဠိနည်းအရ ဥတ္တရာပထကာ အဿဝါဏိဇာ(ပါရာဇိကဏ်ပါဠိတော်၊ဧရဉ္ဇကဏ္ဍ)နဟ် တေ ဒက္ခိဏာပထမနှသာဝိယ အဿဒ္ဓါ အပ္ပသန္နာ တေ ပန သဒ္ဓါ ပသန္နာ ဗုဒ္ဓမာမကာ ဓမ္မမာမကာ သံဃမာမကာ (ဂင်းဗမ္ဗင့်) ဂင်္ဂါယ ဒက္ခိဏာဒိသာ အပဋိရူပဒေသော ဥတ္တရာဒိသာ ပတိရူပဒေသောတိ အဓိပ္ပါယေနာဟ နဟိတေဟိ အာဒိဂင်္ဂါယ ဒက္ခိဏာတိရ ဇာစာ ဒက္ခိဏာပထ မနှသာ အမှာက်ဗုဒ္ဓေါတိ ဇဝံ ဗုဒ္ဓံ မမာယန္တိ ဗုဒ္ဓမာမကာ ဇဝံသေသေသုပိ (ဂင်းအပ္ပင့် သာရတ္ထ ဒီပနီဋိကာ) ဂင်းအလားတူ (ဝိမတိ ဝိနောဒနိဋိကာ) (သုလိသ်လက္ခဏ် သာမညဖလသုတ် အဋ္ဌကထာ) (ဂင်း အမ္ဗဋ္ဌသုတ်အဋ္ဌကထာ) ဤဆိုအဝ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာ ဋီကာ များနှင့်အညီဂင်္ဂါမြစ် မြောက်ဘက်နယ်ပယ် တလျောက်ကို ဥတ္တရာပထ ဂင်းဂင်္ဂါမြစ် တောင်ဘက်နယ်ပယ်တလျောက်ကို ဒက္ခိဏာပထ ခေါ်သည်ဟုမှတ် ဤ၌ မဇ္ဈိမအတွင်းမှာ ပါဝင်နေသော ဝေရဉ္ဇာကို ဒက္ခိဏာပထ ကိုင်းမှာသွင်း၍ ဆိုသော ကျမ်းဂန်စကားနှင့် သင့်လျော်ညီညွတ်ကြောင်း သတိပြုလေ ဥတ္တရုပထအမည်ကို ရ မှာ ရေးချပါ ဥတ္တရာပထ (ရေးချမပါ ဥတ္တရပထ) နှစ်မျိုးသင့်ကြောင်း မှတ်လေ။

(သံပေါက်) ရမှာရေးချ၊ ရေးမချ၊ ဘွယပါဒ်နေသင့်။
ရမှာရေးချ၊ မပါက၊ မှတ်ပါနိပါတ်သင့်။

သင်္ခတနည်းအားဖြင့် မြောက်ဘက်ခဲ့ ကိုမဂဓဌာကောင် တောင်ဘက်ခဲ့ ဝိဇ္ဇုတောင် တန်းအရှေ့ဘက်၌ ဗင်္ဂလားအော်ခေါ် ဝင်္ဂါပဒေသရ အနောက်ဘက်ခဲ့ ယခုအာရေဗျခေါ် ကြသော အာရဗပင်လယ် အာရဗသာဂရ ဤဆိုအဝ်ပြီးသည့်ကျဲ့၏ အတွင်းနယ်ပယ်

http://www.dhammadownload.com

တလျောက်ကို ရွတ်ရသောကဗျာ ဖေါ်သည်။ ကိုးမှတောင်ဘက် နှယ်ပယ်ကတလျောက်ကို ဒက္ခိဏာပထဝီ ဖေါ်သည်။

(သံပေါက်) အိမဝါဒီ၌၊ မြောက်တောင်က၊ မှတ်ကြမင်္ဂလာဟောက်။
ဥတ္တရာပထ၊ ယင်းမည်၏၊ ခေါ်ကြမပေါက်, ကျန်းကိုထောက်။
ဤသည်ဝါဒ၊ မနုက၊ ဆိုထမ္မင်းမပေါက်။ (မနု သခ်ၤတကျန်းအဆို)။
ဥတ္တရာပထ၊ သာသန၊ ကျန်းကွန်းထောက်၊ ဂင်္ဂါမြောက်။
ဒက္ခိဏာပထ၊ တောင်ဘက်ကျ၊ ယင်းမှဆင့်ထောက်၊ နှစ်နည်းရောက်။
ဒက္ခိဏာပထ၊ ဝေရဉ္ဇ၊ ဆိုကြကျန်းထောက်၊ ယွင်းမပေါက်။

(သာသနာတော်ကျမ်းအလို ဂင်္ဂါမြစ် မြောက်ဘက် ဥတ္တရာပထ-တောင်ဘက် ဒက္ခိဏာပထ-ဝေရဉ္ဇာသည် ဒက္ခိဏာပထ၌ ပါဝင်သည်ဟူလို)။

ဝိဉ္ဇုနိမိတ်အကြောင်းစစ်ဆိုင်ရာ ပြဆိုချက် ပြီးပြီ။

အနောဂ်ဘက် ကုရုခေတ္တ ဝိနသန နိမိတ်အကြောင်း

ဤ၌ ကုရုခေတ္တဟူသည် ကုရုတိုင်း ကုရုနယ်ပယ်ဖြစ်၍ ၎င်းကို ကုရုမင်းနှင့် ပဏ္ဍာဝမင်းတို့ စစ်ထိုးရာနယ်ဖြစ်သောကြောင့် ကုရုခေတ် ဟူ၍လည်းကောင်း မြတ်သော အကျင့်တည်ရာဖြစ်သောကြောင့် ဖြဟ္မာဝတ္တ ဟူ၍လည်းကောင်း ခေါ်ဆိုကြသည့် ၎င်းနယ်သည် သရဿတီ,မြစ်နှင့် ဒိသဝတီ,မြစ် နှစ်ခုတို့၏အလယ်၌ တည်ယို၍ ဒိလ္လီမြို့၏ မြောက်အနီးမှာ တည်ယိသည်။

(သံပေါက်) ကုရုပဏ္ဍဝ၊ မင်းရာဇ၊ ယုဒ္ဓခေါ်လစ်၊ ဒေသဖြစ်။
သရဿတီ၊ ဒိသဝတီ၊ ဖြစ်နှစ်လီ၊ တည်ညီလယ်ခေတ်၊ ဒေသဖြစ်။
ဒိလ္လီ၏မြောက်၊ ခရီးထောက်၊ မှတ်လောက်၍ခေတ်၊ အနီးဖြစ်။
ကုရုခေတ္တ၊ ဖြဟ္မာဝတ္တ၊ ဒွေနာမ၊ ဌာနတူလစ်၊ ထူးမဖြစ်။
အကျင့်တည်ရာ၊ ဖြစ်၍သာ၊ ဝေါဟာစင်စစ်၊ ဝတ္တဖြစ်။

ဤ၌ သရဿတီ အမည်နှင့် ဒိသဝတီ,အမည်ဟူးကို ရေပေါဟူးသည်ကို ခွဲ၍ သရဿတီမြစ်, ဟူးသောကျောက် ယိသည်ကိုခွဲ၍ ဒိသဝတီမြစ်,ဟု ခေါ်ဆိုခြင်း ဖြစ်ရာ ပုဒ်အနေအားဖြင့် ရေဟောသရသဒ္ဒါနောင် ဝန္တုပစ္စည်းသက် ဝန္တုမှ ဝကိုသပြု ရှေ့၌လည်း သ,လာ နှုတ်ကိုတပြု ၎င်းနောင် ဤ ပစ္စည်းသက်၍ သရဿတီဟု မာဂဓ ပုဒ်ပြီးရမည် ဤ၌ အဘိဓာန်ဋီကာဆရာ ချပ်တွက်ထားပုံ ဆင်ခြင်လေ သရနောင် သဝဆွဲနှင့် သရသွတိကား ဒေဝဝါဏီ သဒ်တဘာသာဖြစ်၍ ဤ၌မလိုအပ် ဒိသဝတီ၌ ဒိသသဒ္ဒါကျောက်ခဲပေါ ပုဒ်ပြီးလွယ်ပြီ။

http://www.dhammadownload.com

(သံပေါက်) ရေကိုသရ၊ ကျောက်ဒိုသ၊ ခေါ်ကြနောက်ဗို့၊ ဝန်ဟုဘြို့။
သရနောက်က၊ သာဂပ၊ ဝသဖြို့ဘြို့။
ဝန်ဟုဘန်း၊ တအဖြို့၊ နောင်းမှုတလို၊ ပစ္စည်းဘြို့။
သရဿတီပဒ၊ ပဒဂဝ၊ ဟောဇကူးနဒီ။
သရနောက်မှ၊ ဝဆွဲသ၊ ဒေဝဝါကို၊ ဘာသာဒို့။ (သရသွဖိ မသင့်)
ဝန်ဟုပစ္စယ၊ အနက်ရ၊ မှတ်ပဥာကို၊ အဿဇ္ဈိ။
ရေနှင့်ကျောက်ခဲ၊ များရွှန်ဒွဲ၊ ခေါ်မြကြောင်းဒို့ ဒွေနဒီ။
ဇုတ္တိလိင်္ဂ၊ ဇောတက၊ မှတ်ကြနောက်ဗို့၊ ပစ္စည်းဘြို့။

ဤဆိုအပ်ပြီးသော သရဿတီမြစ်သည် ရှေးက,အထင်အရှားယှဉ်ခဲ့ပြီး နောက်ကာလ၌မူ တိမ်ကောကွယ်ပျောက် သွားခဲ့လေပြီ ထိုသရဿတီမြစ် တိမ်ကောပျောက်ပျက်သွားရာဒေသကို နောက်ကာလ၌ ဝိနုသနဆိပ်ဟု ခေါ်ဆိုခြင်းဖြစ်သည် (သရဿတီမြစ်၏ တိမ်ကောပျောက်ပျက်ရာကို စွဲ၍ ဝိနုသနဟူလို) ဟိန္နုဘာသာဝင် တို့ကမူ အလုံးရုံသော မကောင်းဟု ဇဝျောက်ပျက်ရာ ပျက်စီးရာကိုစွဲ၍ ဝိနသနဆိပ်ဟု ခေါ်ဆိုကြသည်။

(သံပေါက်) သရဿတီဟောဂ၊ ရုဒ်ဒေသ၊ နောက်ခါခေါ်လစ်၊ ဝိနသန်။
လုံးစုံပါပ၊ ဗျောက်ပယ်ထ၊ နဲ့ပြခေါ်လစ်၊ တနည်းစစ်။

ဟုဏ္ဏခေတ္တ ဝိနသန နိဗိတ်အကြောင်း ပြီးပြီ။

မြောက်ဘက်နိဗိတ်အကြောင်း

မြောက်ဘက် ဟိမဝန္တာ နိဗိတ်ထင်ရှားပြီဖြစ်၍ ရေးရန် မလိုတော့ပြီ။

ထိုဆိုအပ်ခဲ့ပြီးသော လောကိနည်း မရှိမဖြစ်သ အပိုင်းအခြား နိဗိတ်လေးရပ်ကို (မနုသန်တ) ကျမ်းပ၌ပြုလုပ်ထားပုံ ဇဟုသုတအလို့ငှါ ဖေါ်ပြဦးအံ့။

ဟိမဝပ္ပဒေသယော်ဇနံ၊ ယဝဉ်ပြာဒေနဇနံဟိ။
ပြတ္တရေဝပြဿဂါဒ္ဓ၊ မရွေးဇေးစပြက်ပိတ္တဲတား။

အနက်ဂိုဏ်း။ ။ဟိမဝပ္ပဒေသယော်ဇနံ၊ဖြေဂါထာပါဠိတော်ကား ဟိမဝန္တာတောင်တောင်ဘက်က ဝိတ္ထာရတောင် ယူဇနာတိုင်အောင် နှစ်သိန်းကျဲ၏။ ယဝဉ်မ ၊ အကြင်အလယ်အဝွင်း အရပ်သည် လည်းကောင်း။ ဝိနဇနာဒီး ဒီလိုပြဋ္ဌေးမြေဂါထာတော်အနှံး ဟုဏ္ဏခေတ္တ ဝိနသနတိုက်ဆိုမှ။ ပြာဂ်အဝိ၊ အရွှေးဘက်တလျှောက် နှစ်ပေါင်းအရာရသည် လည်းကောင်း။ ပြဿဂါဒ်၊ ဂင်္ဂါမြစ်နှင့် ယမုနာမြစ် ဆုံရာဌာန ဒေသဘာဝအဟု ခေါ်ကြသော ပယာဂတိုက်ဆိုမှ

http://www.dhammadownload.com

ပြတ္တဂေဝစ၊ အနောက်ဘက်နယ်ပယ်တလျောက် အရပ်သည်လည်းကောင်း။ အလွှို့ယှိ၏ (ထည့်) တာ၌ ၁ (ထည့်) ထိုသို့သဘောယှိသော အရှေ့ အနောက် တောင်မြောက် လေးပါး နိဒါတ်ဖျားဖြင့် ပိုင်းခြားမှတ်သားအပ်သော အရပ်ကို၊ မဇ္ဈိမဒေသ အရင်ဟူ၍။ ပြကိုယ်ရှိသတား၊ ခေါ်ဆိုအဖျား ပြောကြားအပ်၏။ (ဤအရာအနက်ပေး အချုပ်အလွဲများတတ်သောကြောင့် ကျနုပ်နှိုက်နှိုက် အနက်ပါဂေါ်ပြလိုက်သည်)။

ဤသို့ပြဆိုအပ်ပြီးသော နိဒါတ်လေးရပ်အတွင်းကို လောကီနည်းအားဖြင့် မဇ္ဈိမဒေသအရပ် ဂုဏ်မှအပြင်ဘက်အရပ်ကို ပစ္စန္တအရပ်ဟူ၍ မှတ်ကြပါကုန်၊ ဤလောကီနည်းအလို အဝန္တိတိုင်း ဥဇ္ဇေနီပြည် ဝေဒိသမြို့များလည်း မဇ္ဈိမဒေသအတွင်း ပါဝင်ဝင်ရောက်ယှိကြသည်ကိုလည်းကောင်း ဝိနည်း မဟာဝါစမွက္ခန္ဓက ပါဠိတော်၌ ဟောတော်မူချက် အရဟသာသနာတော်နည်းအားဖြင့် အဝန္တိတိုင်း ပစ္စန္တဒေသ၌ပါဝင်သည်ကိုလည်းကောင်း ဤသို့ မတူကွဲပြား ခြားနားနေကြပုံကို သတိပြု၍ သိထားကြပါကုန်။

လောကီနည်း မဇ္ဈိမဒေသနိဒါတ် အဝိုင်းအခြား မှတ်လွယ်ရန်

(သံပေါက်) ဟိမဝန္တိဆ္သာ၊ ပယာဂါ၊ တဖြာဝိနုသ။
ပြောက်တောင်ရှေ့နောက်၊ စဉ်တလျောက်၊ မှတ်ထောက်နိဒါတ်။
ကျမ်းသစ်တ၊ နည်းအရ၊ ဒေသဝန္တိ ဥဇ္ဇေနီ။
ဝေဒိသပါ၊ ယင်းသုံးဖြာ၊ မှတ်ရာဥာဏ် မဇ္ဈိမ်။
သာသနာနည်းအရ၊ ပစ္စန္တ၊ ဖော်ပြအဝန္တိ။
ဤသို့အထူး၊ မှတ်လေဦး၊ ကြည်နူးသုတေသီ။

လောကီနည်း မဇ္ဈိမဒေသ နိဒါတ်အဝိုင်းအခြား ပြဆိုချက် ပြီးပြီ။

ဤတွင် မဇ္ဈိမဒေသ နိဒါတ်အဝိုင်းအခြား ပြဆိုခဏ်း ပြီးပြီ။

http://www.dhammadownload.com

(၆) အဘိဓာန် ကျမ်းလာ တိုင်းကြီး နှစ်ဆဲ့တတိုင်းနှင့် ၎င်းတို့၏မြို့တော်များ တည်ရာဌာန စသည်များကို ပေါ်ပြခြင်း

ရှေးဦးစွာ တိုင်းကြီးနှစ်ဆဲ့တတိုင်းကို မြို့တော်များနှင့်တွဲဘက်၍ သရုပ်အစဉ်အားဖြင့် သိရန်

ဦးရေ	တိုင်း	မြို့တော်	ဦးရေ	တိုင်း	မြို့တော်
၁	ကုရု	ဇနပဒ	၁၂	စေဒိ (တိ)	သဟဇာတိ
၂	သက္က	ကပိလဝတ္ထု	၁၃	ဝင်္ဂ	ဝင်္ဂ
၃	ကောသလ	သာဝတ္ထိ	၁၄	ဝိဒေဟ	မိထိလာ
၄	မဂဓ	ရာဇဂဟ	၁၅	ကမ္ဗောဇ	ဇနဒ္ဓရ
၅	သိဝိ	ဇေတုတ္တရ	၁၆	မဒ္ဒ	သာကလ
၆	ကလိင်	ဒန္တပုရ	၁၇	ဘဂ္ဂ	သံသုမာရဂိရ
၇	အင်္ဂ	ဧဏ္ဍေနိ	၁၈	အင်	စမ္ပာ
၈	ဒက္ခိဏာပဌာလ	ကမ္မိလ္လ	၁၉	သိဟဠ	တမ္ဗပဏ္ဏိ
၉	ဥတ္တရပဌာလ	အဟိဆတြ	၂၀	ကသ္မီရ	သိရိနဂရ
၁၀	ဝဇ္ဇိ	ဝေသာလီ	၂၁	ကာသိ	ဗာရာဏသီ
၁၁	ဂန္ဓာရ	တက္ခသိလာ	၂၁	ဥဇ္ဇေ	တာမလိတ္တိ

မှတ်ချက်။ ။ပဌာလတိုင်း နှစ်ကိုင်း ခွဲထားသောကြောင့် (၂၂) တိုင်း ဖြစ်သည်ဟုမှတ်။

အထက်ဖော်ပြထားရာ အစဉ်၌ အချို့ကိုင်းမှာ အဘိဓာန်၌ မလာသောမြို့များနှင့် တွဲဘက်ထားရသောကြောင့် အဘိဓာန်ကျမ်းလာမြို့များ အရုံအလင်းမပါဝင်ပဲ အာဠဝိ ကောသမ္ဗိစသော မြို့ခြောက်မြို့ ကျန်ယိုနေသေးရာ ၎င်းကျန်ယိုသောမြို့များ နောက် အကျယ်ဝေဘန်ပြဆိုရာ၌ ထင်ရှားလင့်ဲ့။ ကျန်ယိုသောမြို့များကား အာဠဝိ၊ ကောသမ္ဗိ၊ သာကေတ၊ ပါတလိပုတ္တ၊ သင်္ကဿ၊ ကုသိနာရာ မြို့များတည်း အဘိဓာန်ကျမ်းလာ အားလုံးပေါင်းမြို့ ၂၀-ဖြစ်သည်။

ဖော်ပြအပ်ခဲ့ပြီးသော ကိုင်းများနှင့် မြို့များကို အစဉ်အကိုင်း အကျယ်ဝေဘန်၍ ပြခွင့်ယိုသလောက် ပြဆိုပေးဲ့။

http://www.dhammadownload.com

(၁) ကုရုတိုင်းအကြောင်း

အကျဉ်းမျှဖော်စဉ်။ ။ကုရုတိုင်းအမည်၊ ကုရုတိုင်း၊ ရှေးပြိုလောင်းဟောင်းအမည် ဇာနပ္ပဒ္ဓ၊ ဟတ္ထိနာပုရ၊ ပဂ္ဂိုလ်ပုရ၊ ယုဓိဋ္ဌိအမည်၊ ဒိလ္လိဋ္ဌိ ရှေးအမည်ဖြစ်အမည် ကမ္မာသဒမ္မ၊ ကမ္မာသဓမ္မ၊ ၎င်းတိုင်း၏ တည်ရာကား ပဲကျောင်း= ပဉ္စာဝ်=ပန်ျဝ်၊ နယ်အရှေ့ဘောင်ပိုင်းအရပ်မှာ တည်ယိုသည်။

အကျယ်ဝေဘန်ပြဆိုချက်–

ကုရုတိုင်း။ ။ဤကုရုတိုင်းကား ပညာပါရမီ ဖြည့်ကျင့်တော်မူသော ဝိဓုရသုခဒိန် သစ္စပါရမီအရာ၌ ပရမတ္ထပါရမီမြောက် ဖြည့်ကျင့်တော်မူသော မဟာသုတသောမမင်းစသော ဘုရားအလောင်းတော်ကြီး၏ ဖြစ်ပေါ်နေခဲ့ဘူးရာ ဖြစ်သည့်ပြင် ကုရုဓမ္မဟု ခေါ်ဆိုအပ်သော ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကြဲးရအောင် ကောင်းစွာကျင့်သုံး ဆောက်တည်ကြသော လဒ္ဓိသူတော်ကောင်း သိလဝန္တ ပုဂ္ဂိုလ်များ တည်နေရာ တိကန်ပါက် ကုရုဓမ္မဇာတ်လာ ဓနဉ္ဇယမင်း အစဖြစ်သော တကျိပ် တယောက်သော သူတော်ကောင်းတို့နေရာ ငါဘို့ဗုဒ္ဓရားသျှင်လက်ထက် မဟာသတိပဋ္ဌာနသုတ် မဟာနိဒါနသုတ်စသော ခက်ခဲနက်နဲသော သုတ္တန် ဒေသနာတော်တို့ကို ဟောတော်မူရာ တိုင်းဖြစ်သည်။

ကုရုတိုင်းဟု ခေါ်ရခြင်းကား အလောင်းတော် မန္ဓာတုစကြာမင်း ဖြစ်စဉ်အခါ လေးကွန်းကို လှည့်လည်တော် မူရာ ဥတ္တရကုရုခေါ် မြောက်ကွန်းမှ လိုက်ပါလာကြသော မြောက်ကွန်းသူ မြောက်ကွန်းသားတို့ကို နေထိုင်ရန် ချပေးထားရာ ဖြစ်သောကြောင့် ဥတ္တရကုရုဆိုလိုထွက် ရှေ့ပုဒ်ကိုချေ၍ (ကုရု) တိုင်းဟု ခေါ်ဆိုခြင်း ဖြစ်သည့် ၎င်းတိုင်း၏ တည်ရာအမှန်ကို ပြဆိုအပ်ပြီးသည်မှတပါး သစ်တဘာသာ ဓတ္တိသကြဲမတန်ဟု ကျမ်းလာဂါထာနှင့် အညီလည်း မှတ်သင့်ရာသောကြောင့်–

ဟတ္ထိနာပုရ မာရဇ္ဇ၊ ကုရုခေတ္တဿ ဒက္ခိဏေ။
ပဉ္စာလော ပုဗ္ဗဘာဂေကု၊ ကုရုဒေသော ပကိတ္တိတော။

ဟု မာဂဓဘာသာ ပြန်ဆိုထည့်သွင်း ပြဆိုလိုက်သည်။

အနက်ကား။ ။ကုရုခေတ္တဿ၊ ကုရုမင်းနှင့် ပဏ္ဍဝမင်းကြီး၏ စစ်ဆိုးရာ ယုဒ္ဓဘူမိ ဖြစ်သော သရဿတီ ဒိသဝတီမြစ်နှစ်စင်းကြီး၏ အလယ်အကြားအရပ်၌ တည်လျက်သော ကုရုခေတ္တ၏။ ဒက္ခိဏေ၊ တောင်ဖျက်နှာအရပ်၌။ ဟိတံ၊ (ထည့်) တည်ယိုသော။

http://www.dhammadownload.com

ဟတ္ထိနာပုရံ၊ ဟတ္ထိနာပုရမည်သောမြို့ကို။ အာရဇ္ဇ၊အစအဝိဉ်းအခြားပြု၍။ ပဇ္ဇဘာဂေတု၊ အနုရွှအာဒါဝ်မျက်နှာ အဘိမုခကား။ ပဠာလော၊ ပဠာလဒေသသည်း အထြိ၊ (ထည့်) ယိုဏ်း ဇကာဒိသော (ထည့်) ဤသို့သဘောယို့သော ကိုဉ်းအရဝ်ကို။ ကုရုဒေသော၊ ကုရုတိုင်းဟူ၍။ ပကိတ္တိတော၊ ခေါ်ဆိုလူများ ပြောကြားအပ်၏။

အင်္ဂလိသ် သိဟိုဠ် ဘိန္နူ မြေပုံများမှာလည်း ဤအတူပင် တည်ရာဌာန ပါယို့သည် ဆိုအပ်ခဲ့ပြီးသော စကားရပ်တွင် ကုရုမဟာဝတ်အမည် အရာ၌ ပုဒ်မှန်အားဖြင့် ယခုရေးပြသည့်အတိုင်း ကဏ္ဍဇပထမကွရာ ကကြီး ဥကာရယောဂနှင့် ကုရုမွေဟူ၍သခ ပါဠိမှန် ယို့စေရမည် အများအားဖြင့် ဂါရဝဝတ္ထု ဂရုသဒ္ဒါမှတ်ပြီး တချောင်းငင်မဲ့ ဂငယ် အကွရာနှင့် ဂရုဝမွေဟု အများကို ခေါ်ဆိုရေးသားလျက် ယို့ကြရာ ထိုသို့ မခေါ်ဆို မရေးသားမိကြရန် သတိပြုကြလေ ဤ၌ အဒေးအမြတ် ပြုအပ်သော အနက်ကို ရည်ရွယ်၍ ဆိုလိုသည်မဟုတ် အဟုတ်အမှန်အားဖြင့် ကုရုဟိ ရက္ခိတဇ္ဈော ဝမွော ကုရုဝမွော ဟူသော ဝစနတ္ထနှင့်အညီ ကုရုတိုင်းသူတိုင်းသား လူအများတို့ မကျိုး မပေါက် ကျင့်သုံးဆောက်တည်အင်သော ငါးပါးသီလတရားကိုရည်၍ (ကုရုမွေ) ဟု ဆိုလိုရင်းဖြစ်သည် သိဟိုဠ် ယိုးဒယားစသော လိပျန္တရများမှာလည်း ဤပါဠိမှန် အတိုင်းပင် ရေးသား ပါယို့သည် Kurudhmmajātaka ဟု လန်ဒန်ရိုက် တိက နိပါတ် ဇာတ်စာအုပ်မှာလည်း ပါဠိမှန်ယို့သည် ထိုနှင့်စပ်၍ အကြောင်းအရာ အကျယ် သိလိုက သုတ်မဟာဝါ မဟာနိဒါနသုတ်အပွင့် အဋ္ဌကထာဋီကာများမှာ ကြည့်ရှုကြကုန်။

(သံပေါက်) ကုရုတိုင်းသား၊ ကျင့်တရား၊ ခေါ်ငြားကုရု,ဝမွဟု။
ဗမာပါဠိတွင်၊ တချောင်းငင်၊ မယွင်ဂငယ်ရှု။
ဂရုဝမွေ၊ ရေးဆိုကြ၊ မှားလွဲသတိဖြု။
မဟာနိဒါ၊ သုတ်နှင့်မှာ၊ ရှုပါပေါင်းဝိဉာ။,,

ဣန္ဒပတ္ထအဆုံးအဖြတ်

ဣန္ဒပတ္ထ။ ။ဝင်းပုဒ်၌ ဣန္ဒ+ပတ္ထ—ပုဒ်ခွဲ၍ ဣန္ဒသဒ္ဒါ မြင့်မိုရ်တောင် ပတ္ထ—သဒ္ဒါ၊ တောင်လျဉ်တောင်ဝှမ်းဟော အဓိပ္ပါယ်မှာ ဆိကြားမင်း၏နေရာဖြစ်၍ ဌာနအား ဖြင့် ဣန္ဒမည်သော မြင့်မိုရ်တောင်မင်း၏ ညီညွတ်သောမြေအဘို့ တောင်လျှင်တောင်ဝှမ်း တောင်ထွဉ်နှင့်တူသောကြောင့် ၎င်းမြို့နေရာကို ဣန္ဒပတ္ထ ဟု ဆိုလို၏၊ ထိုကြောင့် ဣန္ဒ နှင့် ပဒေးဘော် က-က-အသဒိသ သံယုဂ်နှင့် ဣန္ဒပတ္ထဟု ပုဒ်အမှန် ယို့စေရမည်၊ ဤပုဒ် အရာ၌ အဘိဓာန်ဋီကာဆရာက ဒန္ဓ်ဇပဋ္ဌမကွရာ ဣန္ဒဒေးဘော်နှင့် ရုပ်တွက်တားသဖြင့်

http://www.dhammadownload.com

ဂုဏ်အကိုင်း လိုက်နာကားထားကြကာ အစဉ်ဆက်သိ ဘိုးဘွား၊ ဖခင်၊ ဆိုးဖယား အကျင့် ပါဠိကျမ်းစာ အားလုံးမှာပင် အနုမုဒ္ဒ၊ ပဉ္စမကျင့် ကုန်-ဖွေးကောင်နှင့် အမှားကို ရေးသားကျက်မှတ်ကြရာ ထိုးဖောက်အသားပျိုးကို သက်ပြင်းချခဲ့ကြရ လေတော့သဖြင့် Indapatta(လန်းမနံမွှေတ်အဋ္ဌကထာ)ယိုပါဒ်မှားအမှန်အားဖြင့် Indapatthaဟု ပြင်ဆိုရေးရမည်။

ဟူယင်ဆန် မှတ်တမ်း၌ ၎င်းတိုင်းအကျယ်အဝန်းသည် ဖိုင်ပေါင်း ၅၀၀-ယှိ၍ ယှိအတွင်း၌ ကျောင်းကိုက်နှစ်ဆယ် သံဃာတော် သုံးထောင်ယှိသည်၊ ဝိဂိလမြို့၏အနီး ကျောင်းတိုက်တခု၌ ကမ္ဘာပေါ်တွင် အလွန်ဆန်းကြယ်သော ရုပ်ထုတော်တဆူယှိသည်၊ ၎င်းကျောင်းတိုက်၏ အရှေ့ဘက် ပေတချဖြင့်သော ကျောက်စေတီ တဆူယှိသည်၊

http://www.dhammadownload.com

အခြားအသောက စေတိတော်တဆူလည်းယှဉ်သည်)ဤသို့စသည်ဖြင့် ဖေါ်ပြပါယှဉ်သည်ကို ထောက်၍ ဤကိုင်းနှင့် ရှေးကသာသနာ လွန်းကားခဲ့ဘူးကြောင်း ကောင်းစွာသိနိုင်သည်။

အသျှင်မဟာဒုဋ္ဌဖေသ။ ။အိမ္ဗတပါး ဤကိုင်းနှင့် သာသနိကကျမ်းပြုအမော်ပုဂ္ဂိုလ်ကျော်မျှား လွန်းပေါ်ခဲ့ဘူးလေသည်၊ ထိုတွင် အရိုတ္တိုရ်အဋ္ဌကထာ နိဂုံးလာစကားကို ထောက်ဆားဆင်ခြင်သောအားဖြင့် သင်္ဂဟအဋ္ဌကထာ ကျမ်းပြုဆရာ အသျှင်မဟာဗုဒ္ဓဖေသာသ မထေရ်လည်း ဇာတိအားဖြင့် ဤကိုင်းမှာဖြစ်သည်ဟု ငါတို့သဘောရယ်သည်၊ ကမ္ဗေဒိယာခေါ် ခမင်ပြည်မှ ရေးသားဖြစ်ပေါ်လာသော–

ဗောဓိမဏ္ဍာ သမီပဿိ၊ ဇာတော်ပြာဟဋ္ဌာ မာနဝေါ။
ဝိဇ္ဇာသိပ္ပကလာ ဝေဒိ၊ လိသု ဝေဒေသု ပါရဂေါ။

ဤသို့စသည်ဖြင့် ပြဆိုအပ်သောဗုဒ္ဓဖေသာသုဗ္ဗတ္တိကျမ်းလာစကားများသည်လည်းကောင်း၊ တထာ ဂတ ဥဒါန ဒိပနိဋ္ဌ ပြဆိုအပ်သော အသျှင်မဟာဗုဒ္ဓဖေသာသနှင့်စပ်သော စကားများသည်လည်းကောင်း အဋ္ဌုပုဂ္ဂိုလ်များ၏ အသျှင်မဟာဗုဒ္ဓဖေသာသ မထေရ် ရာမညတိုင်း သတ်ထုံပြည်သားဟု ပြဆိုသောစကား, ယိုးဒယားပြည်ကလည်း ယိုးဒယားပြည်သား အဋ္ဌ သိင်္ဟဠဋ္ဌများကလည်း သိင်္ဟဠဋ္ဌကွန်းသားဟု ပြဆိုသော စကားများသည်လည်းကောင်း များစွာဆင်ခြင်ဘွယ်ယှဉ်သည်။

ကရစ်သကရဇ် ၁၀၉၀-ခုနှစ် သိင်္ဟဠဋ္ဌကွန်း ကောလမ္ဗိုဖြို့၌ ရှိကိန်ဝင်သော အဘိဝမ္မဂ္ဂ ဝိဘာဝိနီကျမ်း (ဝိညတ္တိ) နိဒါန်းဋ္ဌ (အသျှင်ဗုဒ္ဓဖေသာသ မထေရ်သည် ဒက္ခိဏ ဇမ္ဗုဒီပက ဋ္ဌသိယတောင်ပိုင်း (အနွှကဗိုင်း) အနွှကပြာဟဋ္ဌကေါတွ-အနွှကပြာဟဋ္ဌအနွယ်၌ ဖြစ်သည်ဟု ပြဆိုအပ်သော စကားများသည် အသင့်ယုတ္တိယှဉ်သည်ဟု သဘောရသည်၊ ယခုနောက် သိင်္ဟဠဋ္ဌ ပညာယှဉ် အများအားဖြင့် ဤကဲ့သို့ပင် သဘောရယှဉ်ကြသည်၊ အနာဂတ်သာသနာ၌ လွန်စွာအထူး ကြေးဇူးများစေတော်မူသော အသျှင်မဟာဗုဒ္ဓဖေသာသ မထေရ် ဗုဒ္ဓဒူစ် ကိုးကုကျော်မှာ ဇမ္ဗုဒီပ၌မှ သိင်္ဟဠဋ္ဌကွန်း ဘက်သို့ ကူးတော်မူ၍ အနုရာဓပြို့ မဟာမေဃဝန် ဥယျာဉ် မဟာဝိဟာရ ကျောင်းတိုက်၌ သဃ်ပါလ မထေရ်ထံ သိင်္ဟဠဋ္ဌဘာသာ မဟာအဋ္ဌကထာ မဟာပစ္စရိတ် အဋ္ဌကထာ ကုရုန္ဒီ အဋ္ဌကထာများကို ကောင်းစွာ လေ့လာသင်ယူပြီး ရှေးဦးစွာ ဆရာဖြစ်သော သဃ်ပါလမထေရ် တောင်းပန် တိုက်တွန်းချက်အရ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပါဠိကို စီရင်တော်မူသည်။

ထို့နောက် ဒါဋ္ဌာနာဂမထေရ် တောင်းပန်ချက်အရ သုမင်္ဂလ ဝိလာသိနီ မည်သော ဒီဃနိကာယ် အဋ္ဌကထာ ပါဠိကို စီရင်တော်မူသည်၊ ထို့နောက် မဟာရဋ္ဌ ဒီဃ ပဋ္ဌနသိပ်ခဲ့ရှေးကအတူ နေခဲ့ဘူးသော ဗုဒ္ဓပုတ္တမထေရ် တောင်းပန်၍ ပပဉ္စသူဒနီ

http://www.dhammadownload.com

မည်သော မဇ္ဈိမ နိကာယ် အဋ္ဌကထာပါဠိကို ဖိုရင်တော်မူသည်၊ ထို့နောက် ကပ္ပိပရ ပြိုဋ္ဌ အတူနေခဲ့ဘူးသော ဓောဘပါလ မထေရ် တောင်းပန်၍ သာရတ္ထပကာသိနီ မည်သော သံယုတ္တနိကာယ် အဋ္ဌကထာပါဠိကို ဖိုရင်တော်မူသည်၊ ထို့နောက် ပုဏ်းဓောတိ ပါလ မထေရ်ပင် တောင်းပန်၍ မနောရထ ပူရဏီမည်သော အင်္ဂုတ္တရ နိကာယ် အဋ္ဌကထာပါဠိကို စိရင်တော်မူသည်၊ ထို့နောက် ပရမတ္ထ ဓောတိကာ မည်သော ခုဒ္ဒက ပါဋ္ဌ အဋ္ဌကထာပါဠိကို စိရင်တော်မူသည်၊ (တောင်းပန်သူ မထင်ရှား)။

ထို့နောက် ကုမာရကဿပ မထေရ် တောင်းပန်၍ ဓမ္မပဒ အဋ္ဌကထာပါဠိကို စိရင်တော်မူသည်၊ ထို့နောက် ပရမတ္ထ ဓောတိကာ မည်သော သုတ္တနိပါတ် အဋ္ဌကထာ ပါဠိကို စိရင်တော်မူသည်၊ (တောင်းပန်သူ မထင်ရှား) ထို့နောက် မဟိသက တိုင်း မင်းမျိုးမှ ဖြစ်သော ဗုဒ္ဓဒေဝမထေရ် အတ္ထဒဿီ မထေရ် ဗုဒ္ဓဒိတ္တ မထေရ်တို့ တောင်း ပန်၍ ဇာတ်အဋ္ဌကထာ ပါဠိကို စိရင်တော်မူသည်၊ ထို့နောက် ဗုဒ္ဓဆိရိမထေရ် တောင်း ပန်၍ သမန္တပါသာဒိကာ မည်သော ဝိနည်းအဋ္ဌကထာ ပါဠိကို စိရင်တော်မူသည်၊ ထို့ နောက် သောဏမထေရ် တောင်းပန်၍ ကင်္ခါဝိတရဏီ အဋ္ဌကထာ ပါဠိကို စိရင် တော်မူသည်၊ ထို့နောက် ဗုဒ္ဓဃောသ ထေရ် တောင်းပန်၍ အဘိဓမ္မာ အဋ္ဌကထာ များကို စိရင်တော်မူသည်၊ ဤအဋ္ဌကထာ ကျမ်းများကို စိရင်ပြီးနောက် ဓမ္မဟိဒ်သို့ ကူး၍ ဗုဒ္ဓဂယာ မဟာဗောဓိသို့ အဖူးအမျှော် ကြွရောက်တော် မူကြောင်း ပဇ္ဇပဒေါဠ ဝံသ မည်သော မဟာဝင် သတ္တတိ သတိမပိုင်းမှာ ပြဆိုထားသည်၊ ဤ၌ ကျမ်းစိရင် ရန်တောင်းပန်သူ ပုဂ္ဂိုလ်ကို တွင် အသျှင်ဗုဒ္ဓဒေဝ မထေရ် ဗုဒ္ဓပတ္တမထေရ် ဓောတိပါလ မထေရ်တို့ကား ဤဋ္ဌိယတောင်ပိုင်းမှ ဖြစ်ကြ၍ အသျှင် ဗုဒ္ဓဃောသ မထေရ်နှင့် အဘူနေ သိတင်းသုံးဖော်များ ဖြစ်ကြသည် ကိုလည်းကောင်း၊ ၎င်းပြင် ဤဋ္ဌိယမှ သီဟိဠ်ကျွန်းသို့ ကူးသွားရာ ကာလအားဖြင့် အသျှင်ဗုဒ္ဓဃောသနှင့် မကွာလှသော အဘိဓမ္မာ ဝတာရ အဋ္ဌကထာဆရာ အသျှင် ဗုဒ္ဓဒတ္တမထေရ် ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာဆရာ အသျှင် အနိရုဒ္ဓါ မထေရ်တို့၏ ဤဋ္ဌိယ တောင်ပိုင်း ကဠိပုရစောဠတိုင်းမှ ဖြစ်ကြသည်ကို လည်း ကောင်း၊ ထောက်ထား၍ အသျှင်ဗုဒ္ဓဃောသ မထေရ် ဤဋ္ဌိယတောင်ပိုင်း အန္ဓကတိုင်း ဇာတိဖြစ်သင့်ကြောင်း ဤ၌ဖော်ပြ လိုက်ရပေသတည်း၊ (ဆင်ခြင်ယူကြကုန်) (ထိုမှတပါး ကျမ်းပြု ပုဂ္ဂိုလ်အများ ဤဋ္ဌိယ တောင်ပိုင်းမှ ဖြစ်ကြပုံ ဒေသိုင်ဝန်း အခန်းမှာ ပြဆို ထားသည် ဆက်စပ် ကြည့်ကြကုန်)။

(သံပေါက်) ဗုဒ္ဓဃောသ၊ ပြတ်ထေရ်ရ၊ ဇာတကဋ္ဌဝမှာ။
အန္ဓကတိုင်း၊ ဤနတောင်ပိုင်း၊ မဆိုင်း၊ ဖြစ်သင့်ရာ။
အင်္ဂုတ္တရ၊ နိဂမ၊ လာထ၊ ကြောင်းမြော်ပါ။
ဆိုစဉ်ကာလ၊ အန္ဓက၊ ထွန်းပ၊ သာသနာ။
ကျမ်းဖြိုဒုဿ၊ ပုဂ္ဂိုလ်များ၊ ထွန်းကား၊ တောင်ပိုင်းမှာ။

http://www.dhammadownload.com

ဤကိုင်း၏ တည်ရာဌာနကို ကျမ်းမပေါ်ပဲ အနှစ် (၃၂၇) ခန့်စီ လောက်က ဣဿိယ ရှေးဟောင်း မြေပုံနှင့် ကိုမ်းဗရိုက် ဂျာနယ် မြေပုံ၊ အောက်စဖို့ ဂျာနယ် မြေပုံများနှင့် အညီ ပြဆိုအပ်သည်။

ကိုင်း၏ အမည်လည်း ကိုင်းမြေပုံများ၌ အခြို့ Andhra ဟု သင်္ဘတ ဘာသာ ဖြင့် တညီတညွတ် ပေါ်ပြ ကြသည်။

သင်္ဘတဘာသာ အခြို့
မာဂဓဘာသာ အဆက
ပါကတ ဘာသာ အဆ ဖြစ်သည်။

အခြားး ကဏ်ဍာရုကား ဇဲရွဝ ဟု (ဝါဂုရ သံဟိတာ)၌ ဆိုသောကြောင့် အဆက တိုင်းနှင့် ကဏ္ဍာရုတိုင်း အကူဖြစ်သည်။

မဟိသက မဏ္ဍလတို့ အဆက ဂျုံ့ ဝဒ္ဓိဟု (ဝဇီရဗုဒ္ဓိနှင့် သာရဏ္ဍ ဒီပင်္ကာ၌) ဆိုသောကြောင့် အဆကတိုင်းနှင့် မဟိသကတိုင်း အတူ ဖြစ်ကြောင်း ကိုလည်း သိရမည်။

အဆကတိုင်း ပြဆိုချက် ပြီးပြီ။

---

(၆) ဒဓိဋ္ဌ တိုင်းအကြောင်း

အကျဉ်းပြဿနာခင်း။ ။ကိုင်းအမည် ဒဓိဋ္ဌ, ဩဂဓဋ္ဌ=ဩဂဓဋ္ဌ၊ ရှေးပြိုတော် အမည် ကပ္ပိယပုရ ယခုမြို့အမည် ကဒိုဝရမ် (ကံကျိဝရမ်) တည်ရာဌာနကား ဣဿိယ တောင်ပိုင်းယို မဒရာသ်နယ် မြောက်ဘက်၌ ကစ္ဆနာခေါ် ကဏ္ဍာမြစ် တောင်ဘက်၌ ကာဝေရီမြစ် ကျိုး၏ အတွင်း နယ်ပယ်ဖြစ်သည်၊ (တနည်း) ဝိဠ္ဘ တောင်တန်း၏ တောင်ဘက်ယို နယ်ပယ် အဝန်းဖြစ်သည်။

အကျယ်ဝေဘန် ပြဆိုချက်

ဒဓိဋ္ဌ။ ။ဤဒဓိဋ္ဌ မည်သော တိုင်းကား ရှေးက အလောင်းတော် အကိတ္တိ ရသေ့ပညာယို တရားအားထုတ် နေဘူးရာဌာန ဖြစ်သည်၊ သိရိဓမ္မာသောကမင်း လက်ထက်က သာသနာပြုရ အားထုတ်ခဲ့ဘူးရာဌာန ဖြစ်သည့်အပြင် နောက်၌လည်း သာသနာစည်ကားရာ သိဟိုဠ်ကျွန်းနှင့်ယည်း နည်းကပ်သဖြင့် သာသနာအဆက်အသွယ် ရယို့ကာ ဗုဒ္ဓနှစ် တယောင့်ခြောက်ရာကျော် ခုနစ်ရာခန့် ကိုင်အောင် သာသနာ အဆက်မပြတ် တည်ယို့နေခဲ့ပြီး အသွင်ဗုဒ္ဓဃောသ အသွင်ဓမ္မပါလ အစယို့သော ဂန္ထဆရာကြီးပြုအမေ့ ပဂ္ဂုလ်ကျော်တို့၏ သိတင်းသုံး နေထိုင်ရာ ဖြစ်ထွန်း ပေါ်ပေါက်ရာ ဌာန ကိုင်းကြီး ဖြစ်ခဲ့ဘူးသည်။

http://www.dhammadownload.com

ဤဘိုင်းကို ကုန်ဒိယ ဘိုင်းသားများက ဆာမိလ တမိလ အင်္ဂလိပ်များက တမယ်လ်-ဟု ခေါ်ကြသည်၊ ပဒဲ့ကေဖြာဝိဓူးယူတား ဟူသော (ဝါဂုရသံဟိတာ) ကျမ်းလာစကားနှင့်အညီသင်္ခတဘာသာအားဖြင့် ပြာဝိဓူ=ပြာဝိဓုပဟူ၍သည်းခေါ်သည်၊ အနူပဂ္ဂေန ဒဒိလ ဂုပ္တ ပတ္တာ၊ စသော (စရိယာဝိဓုက) ကျမ်းလာ စကားအရ မာဂဓဘာသာအားဖြင့် ဒဒိဠ ခေါ်သည်၊ ဤဒဒိဠ=ဒါဒိဠ နှစ်ချက်သင့်ဟု မှတ်။

ဤဒဒိဠတိုင်း၏ အာဏာယ်အဝန်းကို အာဏာညွှန်းမှတ်စဉ်ခဲ့ နှစ်နည်း ပြဆိုထားရာ ပုတိယ နည်းအရ ဝိဇ္ဇုတောင်တန်း၏ တောင်သက် ကုန်ဒိယ တောင်ပိုင်း တပိုင်းလုံးနှင့် သက်ဆိုင်လျက် ယိုသည်ကို၊ ထိုသခ်တ ကျမ်းများအရ ဖော်ပြလိုက်သည်၊ ထိုသခ်တ ဘာသာ ကျမ်းများတွင် ခန္ဓပုရာဏ် ကျမ်းအလို ဝိဇ္ဇုတောင်တန်း၏ တောင်ဘက်ခြ ဒဒိဠ ကုန်း၏ အစိတ်အပိုင်း ငါးတိုင်းအဆိုယင်း ငါးတိုင်းကား (၁) အန္ဓကတိုင်း (၂) တေလင်္ဂတိုင်း (၃) ဂုဇ္ဇရာဋ္ဌတိုင်း (၄) ဒဒိဠတိုင်း (၅) မဟာရဋ္ဌတိုင်းများ ဖြစ်သည်။

ဝါဂုရသံဟိတာ ကျမ်းအလို (၁) အန္ဓကတိုင်း (၂) ကဏ္ဏာဋတိုင်း (၃) ဂုဇ္ဇရာဋ္ဌတိုင်း (၄) ဒဒိဠတိုင်း (၅) မဟာရဋ္ဌတိုင်းများတည်း။

ဤဟတ်သံဟိတာ ကျမ်းအလို=(၁) အန္ဓကတိုင်း (၂) ကဏ္ဏာဋတိုင်း (၃) စောဠတိုင်း (၄) ကေရလတိုင်း (၅) ပါဏ္ဍျတိုင်း (၆) ကလိင်္ဂတိုင်း များတည်း။

ဤသို့ တမျိုးစီ ပြဆိုထားကြသည်၊ ထိုခြ အင်္ဂဟိတဂဟဏ နည်းအားဖြင့် ယူမူ (၁) အန္ဓက (၂) တေလင်္ဂ= တိလင်္ဂ (၃) ဂုဇ္ဇရာဋ္ဌ (၄) ဒဒိလ (၅) မဟာရဋ္ဌ (၆) ကဏ္ဏာဋ (၇) စောဠ (၈) ကေရလ (၉) ပါဏ္ဍျ (၁၀) ကလိင် ဤသို့ ဆယ်တိုင်း ဖြစ်သည်၊ ၎င်းဆယ်တိုင်းအား လုံး ကုန်ဒိယ တောင်ပိုင်းခြ အနှံ့အပြား တည်ထွက်ယိုသည်၊ (မြေပုံကြည့်ပါ) ထို့ကြောင့် ဒုတိယနည်းအရ ဒဒိဠတိုင်း၏ အာဏာယ်အဝန်း ကုန်ဒိယ တောင်ပိုင်း တပိုင်းလုံးနှင့် သက်ဆိုင်ကြောင်း သင်္ခတကျမ်းများ အလိုဆိမှက်ဘွယ် ယိုသည့် ဤအတွင်းခြ ကံစိပုဂ္ဂတိုင်း မဟိသကတိုင်း ဩဇ္ဇုံခေါ် ဥဇ္ဇလတိုင်း ဝနဝါသိတိုင်း သုရဋ္ဌတိုင်း တစိတ်အပါအဝင် အပရန္တတိုင်း အဿကတိုင်းများလည်း ပါဝင်ကြောင်း သိရှိသဘောပေါက်ထားသင့်ကြောင်း ထပ်လောင်းဖော်ပြလိုက်ပါသည်။

ဒဒိဠတိုင်း ဗုဒ္ဓသာသနာ။ ။ဤဆိုအခ်ခဲ့ပြီးသော တိုင်းများနှင့်တကွ တိုင်းပေါင်းတဆဲဝါးတိုင်းပါဝင်သော ဤဒဒိဠတိုင်းကြီးခြ ရှေးက ဗုဒ္ဓသာသနာ ကာလအတန်ကြာအောင် ပျံ့နှံ့တည်ယိုခဲ့ပုံ ဤခြဆိသင့်ရကား အနည်းငယ်ထုတ်ပြဦးအံ့၊ သိရိဝမ္မာသောကမင်း၏လက်ထက် သာသနာပြုစေလွှတ်ရာ ကိုးတိုင်းကိုးဌာနတွင် ဤကုန်ဒိယတောင်ပိုင်းဒဒိဠတိုင်းခြ လေးဌာနပါဝင်ထွက်ယိုသည်၊ ၎င်းလေးဌာနကား ၁။မဟာရဋ္ဌတိုင်း၊ ၂။ဝနဝါသိတိုင်း၊ ၃။ မဟိသကတိုင်း၊ ၄။ အပရန္တတိုင်း၊ ဤလေးဌာနတည်း။ ၎င်းပြင် ကလိင်္ဂတိုင်း

http://www.dhammadownload.com

အန္ဓကတိုင်း စောဋ္ဌတိုင်း ပဏ္ဍုတိုင်းများ၌ပင်လျှင် ဓမ္မာသောကမင်းကြီးကိုယ်တိုင် အမတ်တမန်တို့ကို သာသနာပြုရဟန်းတော်များကို ကျောက်စာများ စေလွှတ်သော အဆောက်အဦးများကို ဘူးဖေါ်လေ့ယိုသောအားဖြင့် သိရသည်၊ ဤကားဗုဒ္ဓခေတ် လေးရာအတွင်း သာသနာ ပျံနှံ့တည်ယှဉ်ခဲ့ပုံတည်း ထို့နောက် သာသနာနှစ် ကေးရာကျော်မှာ သိဟိုဠ်ကျွန်း စဝဏ္ဏသင်္ဂါယနာမတင်ပြီ သိဟိုဠ်ကျွန်းဘက်မှ ပိဋကတ်သုံးပုံဆောင်ရွက်ရန်း တော်ခုနစ်ရာ ဤဓမ္မပြုဖြစ်ရန်းဘက်သို့ ကူးရောက် သိဘင်းသုံးနေတော်မူကြ၍ ပရိယတ္တိသာသနာ မပျောက်ရအောင် ဆောင်ရွက်တော်မူကြသဖြင့် ထိုအခါကပင် ပင်လယ်နှင့် နီးစပ်ရာဌာနများ၌ ပရိယတ္တိသာသနာ ပျံနှံ့တည်ယှဉ်သင့်သလောက် တည်ယှဉ်ခဲ့ပေသည်၊ အန္ဓကအဋ္ဌကထာကြီးလည်း အန္ဓကတိုင်းမှာ ဖြစ်ထွန်းခဲ့သည်၊ ဤ၌ပရိယတ္တိ ယှဉ်ခဲ့လျှင် သာသနာတည်ယှဉ်ရမည်ကို သိရန်အချက်ဖြစ်သည် ထို့နောက် ဗုဒ္ဓနှစ် ကိုးရာအတွင်း အဋ္ဌကထာဆရာ အသျှင်မဟာဗုဒ္ဓဃောသ မထေရ်လက်ထက်မှစ၍ ချုပသိဒ္ဓိ ကျမ်းပြုဆရာ အသျှင် စောဋ္ဌိယ ဗုဒ္ဓပိယတို့ လက်ထက်တိုင်အောင် သာသနာအတန် စည်ကား တည်ယှဉ်ခဲ့သည်ဟု ဆိုရမည် အကြောင်းမူ အဋ္ဌကထာဆရာ အသျှင်မဟာဗုဒ္ဓဃောသ သည်ပင် အန္ဓကတိုင်း ဓာတိဖြစ်ကြောင်း အန္ဓကတိုင်းအခမ်းမှာ ပြဆိုခဲ့ပြီ၊ ထို့ပြင် အသျှင်ဗုဒ္ဓဃောသနှင့် ကာလတူ ဗုဒ္ဓဝင်အဋ္ဌကထာ အာဘိဓမ္မာဝတာရ အဋ္ဌကထာ စသော ကျမ်းပြုဆရာ အသျှင် ဗုဒ္ဓမတ္တမထေရ် စောဋ္ဌတိုင်း တမ္ဗပဏ္ဏိဖြစ်အနိုး ဥဒုရ နဂရဖြစ်မှာ ဖြစ်သည်၊ ပရမတ္ထဝိနိစ္ဆယကျမ်း အာဘိဓမ္မတ္ထ သင်္ဂဟကျမ်းစသော ကျမ်းပြုဆရာ အသျှင်အနိရုဒ္ဓါမထေရ် အသျှင်ဗုဒ္ဓဃတ္တနှင့် ဆရာဟူဖြစ်သည် ယုင်းသည်ကဲ့သို့ တိုင်း ကာဝေရိဖြစ်မှာဖြစ်သည်၊ နေတွင်အဋ္ဌကထာ စသောကျမ်းပြုဆရာအသျှင်မမျှပါလ မထေရ်လည်း ကဲ့သို့ပုဂံတိုင်းမှာဖြစ်၍ နေတွင်အဋ္ဌကထာကို ပါဠိဘာသာပြန်ခဲ့ကြပုံနှင့် ဓမ္မာသောကမင်းကြီးကောင်းမှု ပဒရထိတွဲ ကျောင်းကုံကမ္ဘာ ကျောင်းစိုရင်တော်မူသည်။ (ထိုင်းအသျှင်ဓမ္မပါလ မထေရ်ကား ငါတို့ဗမာပြည်သို့ ဝိနည်းကတော်များနှင့် တကွ သာသနာပြု ကြွရောက်တော်မူသော ပုဂ္ဂိုလ်တည်း) ထိုမှတပါး မူလဌိကာဆရာ အသျှင် အာနန္ဒာ ဝိမတိဌိကာဆရာ အသျှင်ကဿပ သာရတ္ထဒီပနီ ဋီကာဆရာ အသျှင်သာရိပုတြာ ကဉ္စာယန ကျမ်းပြုဆရာ အသျှင်ကစ္စည်းမထေရ်တို့သည်း ဤကဲ့သို့ယတောင်ပိုင်း ဒဝိဋ္ဌတိုင်းမှာပင်ဖြစ်ကြသည်တုပညာယှဉ်များအသိအမှတ်ပြုထားကြသည်၊ ဤသို့ ပြဆိုအပ် ခဲ့ပြီးသည်များကိုထောက်၍ ဒဝိဋ္ဌတိုင်း၌ ဗုဒ္ဓသာသနာ အတန်စည်ကားခဲ့ဘူးကြောင်း ပြဆိုရခြင်းဖြစ်သည်၊ ကာလအားဖြင့် ဗုဒ္ဓနှစ် တထောင်ခြောက်ရာကျော်ခုနစ်ရာခန့် ကုဋ အောင် တည်ယှဉ်ခဲ့သည်ဟု ထိုထိုကျမ်းပြုဆရာများ၏ ဆောတ်ကိုထောက်၍ သိသင့်သည်။

ထိုမှနောက်ကာလ၌ အယုခြားနား မင်းတပါးတို့ လှုန်ပွားလှုမ်းပိုး အမျိုးမျိုး ပျက်ဆီးမှုကြောင့် ဗုဒ္ဓသာသနာတော်သည် ဤဒုန်ဒဲသ တောင်ပိုင်း၌မှေးမှိန် ပျောက်ကွယ်ခဲ့လေပြီ။

http://www.dhammadownload.com

ကဋ္ဌိပုဂ္ဂိုလ်။ ။ဤမြို့ကို ကန့်နဂဠိဟူ၍လည်းကောင်း ကဋ္ဌိပုရဟူ၍လည်းကောင်း သခ်တဘာသာ ကျမ်းစာများ၌ ခေါ်ဆိုသည်၊ အသျှင်အနိရုဒ္ဓါပြု ပရမတ္ထဝိနိစ္ဆယ နှံဂုံးခွဲလာသော သေလေးကဋ္ဌိပုရေရရွှေ့ ကာဂေဠိနဂရေဝရေ။ ဟူသော ဂါထာဒွ အလိုအားဖြင့် ကဋ္ဌိပုရကိုင်းဟု မြို့အမည်ကို ကိုင်းအရာ၌ သုံးထားသည်ကို တွေ့ရသည်၊ ဟိန္ဒူနှင့် ဗဂ်ါလီ မြေပုံများ၌ ဤမြို့ကို ကံစီဝါရမ်ဟု ရေးသားပါယိသည်၊ ရှေးက အသျှင်ဗုဒ္ဓဒတ္တ အသျှင်အနိရုဒ္ဓါ အသျှင်ဓမ္မပါလ အသျှင်ဓောတိပါလ အစရှိသော ကျမ်းပြုပုဂ္ဂိုလ်များ နေထိုင်ခဲ့ဖြစ်၍ သာသနာတော်နှင့်စပ်၍ ထင်ရှားသောမြို့ဖြစ်သည်၊ ထိုသို့ရှေးက သာသနာစည်းကားခဲ့ကြောင်းကို ဗုဒ္ဓနှစ် ၁၁၇၄-ခု ကရဏ် ၆၃၀-ခုနှစ်က လှည့်လည်မှတ်သားခဲ့သော တရုတ်ပုဉ်းကြီး ဟူယင်ဆန် မှတ်တမ်း၌ ဤမြို့နယ်ဌာနတွင် သံဃာတသောင်း ကျောင်းတိုက်တရာ ရှေးအဆောက်အဦးဟောင်း အပျက်အစီးများစွာ တွေ့ယိုရကြောင်း အဆိုယိုသဖြင့်လည်း ကောင်းစွာသိနိုင်သည်။

ဗမာပြည် ဗုဒ္ဓသာသနာအဆက်။ ။ဗမာပြည်အောက်ပိုင်း သုဝဏ္ဏဘူဒေသ၌ အပါအဝင် ရာမညတိုင်း သုဝမ္မပုရခေါ် သက်ထုံပြည်သို့ ရှေးဦးစွာ သာသနာရောက်လာသည်မှာ သောဏမထေရ၊ ဥတ္တရမထေရတို့ သာသနာပြုကြွသွားရာ မူလသုဝဏ္ဏဘူဒေသ သုမာတြာ (ရမဟြာ) ကွန်းမှ မျှဉ်ရောက်ယိုလာသည်၊ သို့ရောက်ယိုလာသော်လည်း ထိုအခါက ပရိယတ္တိ အမြစ်မတွယ်သေး၍ သာသနာမစည်ကားသေး ဗုဒ္ဓနှစ် တထောင်ကျော်အသျှင်ဗုဒ္ဓဃောသတို့ခေတ်နောက် မျှားစွာနောက်မကျလွန်းသော ကာလအဋ္ဌကထာ ဒီကာကျမ်းပြု အသျှင်ဓမ္မပါလတို့လက်ထက် ဇာတိယတောင်ပိုင်း ဒဝိဋ္ဌတိုင်း ကဋ္ဌိပုရမှအသျှင်ဓမ္မပါလ ကိုယ်တိုင်ဦးစီးဦးဆောင်ပြု၍ ဝိဉ္ဉာကတ်တော်နှင့်တကွ ဗမာပြည် အောက်ပိုင်း သတ်ထုံသို့ ကြွရောက်လာပြီး သာသနာပြုတော်မူသည်၊ ထိုအခါမှစ၍ ပရိယတ္တိ အမြစ်တွယ်သဖြင့် သာသနာ စည်ကားလာသည်၊ ထိုအကြောင်းနှင့်စပ်၍ အသျှင်ဓမ္မပါလအမည် ကံစီဝါရမ်ဖြို့ အမည်များစွာနှင့်တကွ ရှေးမွန်ကမ္ဘည်းစာဟောင်းများမှာပါယိသကြောင်း သိရသည်၊ ထိုရှေးမွန်ကမ္ဘည်းစာဟောင်းများ၌ ရေးသားသော အကွရာများမှာ ရှေးဇာဋိယ တောင်ပိုင်းသုံး မလဝါ အက္ခရာများ ဖြစ်သည်၊ ထို့နောက် သတ်ထုံမှ ဗမာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနိရုဒ္ဓါ (အနော်ရထာ) မင်းလက်ထက် ဗမာသကရာဇ် ၅လေးရာကျော်မှာ ဝိဉ္ဉာကတ်နှင့်တတွ သံသနာရောက်သည်၊ နောက်ပုဂံ သာသနာသည် ကဋ္ဌိပုရ သိဟိုဠ်ကျွန်း ယိုးဒယား ခမင် သာသနာများနှင့် အဆက်မပြတ် အလွန် စည်ကား လာရာ ဟာခတိုင် ဗမာပြည် သာသနာသည် ထေရဝါဒ ငါးနိုင်ငံတွင် ပေါ်လွင် ထင်ရှား လေးစားသမှု အဘူး ပြုရသည့် အခြေ၌ တည်ယိုနေသည်။

http://www.dhammadownload.com

ဗမာပြည် သာသနာဆက်သွယ်ရောက်လာပုံ အလွယ်မှတ်ရန် သံပေါက်များ

(သံပေါက်) သီဟိုဠ်ဒွီပ၊ ကဆ္ဆီပ၊ ရောက်ယူသာသနာ။
ကဆ္ဆီပ၊ သုဝဏ္ဏ၊ ပုရသို့ရောက်လာ (သုဝဏ္ဏပုရခေါ်၊ သတ်ထုံသို့ရောက်)
ကဆ္ဆီပုရ၊ ဇုန်ယ၊ ဒဗ္ဗဒေသိုင်းနယ်မှာ။
ကဆ္ဆီဝရဝ်၊ ရေးသားဟန်၊ မှတ်ရန် ဟိန္ဒုဗင်မှာ။ (ဟိန္ဒူနှင့်ဗင်္ဂလီပြေပုံမှာ)
ဝမ္မပါလ၊ ဖြတ်ထေရ၊ ထိုမှဆောင်ကျင်းလာ။
သတ်ထုံမှနောက်၊ အထက်ရောက်၊ မှတ်လောက်သာသနာ၊ ပုကာဝ်မှာ။
ထောင့်ခြောက်ရာတစ်၊ ဂုဠ္ဗနှစ်၊ ရောက်လှစ်ထိခါ၊ သာသနာ။
အနိရုဒ္ဓါ (အနော်ရထာ) မင်း၊ ဆောင်ယူကျင်း၊ မယွင်းမှတ်လေပါ။
ယိုးဒယား ခမင်၊ သီဟိုဠ်တွင်၊ ထို့ပြင် ကဲ့ဒိမှာ။
ပုကာဝ်နှင့်ဆက်၊ အရောင်ထွက်၊ ပမျက်သာသနာ၊ ခုတိုင်သာ။

ဤဆိုအပ်ခဲ့ပြီးသည်ကား ဒဗိဠဘိုင်းခွဲ ပုဒ္ဓသာသနာ တည်ယိုခဲ့ပုံနှင့်တကွ ဗမာပြည်သာသနာ ရောက်ယိုလာခဲ့ပုံ အကြောင်းကြောင်းချုပ်တည်း။

ဒဗိဠတိုင်းနှင့်သုဝဏ္ဏဘူမိ။ ။ထိုမှတပါး ဤဒဗိဠဘိုင်းကြီးခွဲ နယ်ပယ်အစိတ်အပိုင်း ကျယ်ဝန်းသလောက် လူမျိုးအမည်အားဖြင့် များပြားလှပေသည်၊ အများအားဖြင့် လူမျိုးအမည်ကိုလည်း နေရာတိုင်းအမည်ကဲ့ခဲ့၍ ခေါ်ကြမြဲဖြစ်သည်၊ မဒရာသ နယ်သားများကို မာဒရာစီ ဒဗိဠတိုင်းသားများကို တမယ်လ် စောဠတိုင်းသားများကို စောဠီယာ=ဂျုဠယာ=ကျူလယာ ကလိင်္ဂတိုင်းသားများကို ကာလိင်္ဂ=ကော်လိင်္ဂ=ကော်ရင်္ဂီ (ကျိ) တိလင်္ဂာ=တေလင်္ဂတိုင်းသားများကို တေလင်္ဂ=တေလုဂု အန္ဓကတိုင်းသားများကို အန္ဓြာ မဟာရဋ္ဌတိုင်းသားများကို မဟာရာဋ္ဌီ သုရဋ္ဌတိုင်းသားများကို သုရဋ္ဌီ (စူရတီ) ဂုဇ္ဇရာဋ္ဌ တိုင်းသားများကို ဂုဇ္ဇရီ ဤသို့စသည်ခေါ်ဆိုကြသည်၊ ထိုလူမျိုးတို့သည် အများအားဖြင့် ကူးသန်းရောင်းဝယ်မှု ပြုကြရာ၌ ဗင်္ဂလားပင်လယ်အရှေ့ဘက် ကမ်းရိုးတန်းယို သုဝဏ္ဏဘူမိခေါ် တိုင်းပြည်မှစ၍ ကွန်းများသို့ ကူးလူးဆက်ဆံရောင်းဝယ်နေထိုင်လျက် ယိုကြသည်ကို ယခုမျက်မြင် အများအပြား တွေ့ယိုကြရသကဲ့သို့ ရှေးကလည်း ကူးသန်းသွားလာလျက် ယိုကြမည်မှာ ယုံမှားဘွယ် မယိုဖြစ်သည်၊ ပေါရာဏကကျင်းစာ ရာဇဝင်မှတ်တမ်းများ၌လည်း သမ်တဘာသာ သုဝဏ္ဏဘောမ သုဝဏ္ဏဒွိပ ပါဠိဘာသာ သုဝဏ္ဏဘူမိ သုဝဏ္ဏဒွီပ အမည်များဖြင့် ဝင်္ကပါသာဂရခေါ် ဗင်္ဂလားပင်လယ် အရှေ့ဘက်နှင့် အနောက်ဘက် ဆက်သွယ်ကူးသန်း သွားလာခဲ့ကြပုံအကြောင်း အရာများစွာ တွေ့ယိုရသည် ထိုမှတပါး အခုခရစ်ယို လူမျိုးများကို ဘီစစ်ရာ၌လည်း ပါဠိသမ်တစသော ရှေးကျမ်းစာအဟောင်းနှင့် ရာဇဝင်များအရ ဇမ္ဗူဒွီပ ခေါ် ကုဋ်ယပြည်ကြီးမှ အများအားဖြင့် ဆင်းသက် ဆက်သွယ်လာခဲ့ကြောင်း ထိယို

http://www.dhammadownload.com

ကြရသည်၊ ထိုသို့ရှေးက ဆက်သွယ်လာခဲ့ကြပုံ အကြောင်းမှန်ကို ယခုနောက်ကာလ ပူကြရာ၌ လူမျိုး အသွင်အပြင် အမူအရာအားဖြင့် လည်းကောင်း ဘာသာစကားရပ် အားဖြင့် လည်းကောင်း အသိုးအဆောင် ဝတ္ထုပစ္စည်းအားဖြင့် လည်းကောင်း တည်ရာဌာနဝတ္ထု အမည်ပညတ်အားဖြင့် လည်းကောင်း ကိုးကွယ်ရာ ဘာသာအားဖြင့် လည်းကောင်း ပထဝီ အနေအထားအားဖြင့် လည်းကောင်း ထောက်ထားဆင်ခြင်၍ အမှန်သို့ရောက်နိုင်သမျှ ရောက်အောင် ယူဆကြရာသည်ပဋိပဝတ္တိအနေအထားအားဖြင့်သာဝတ္ထု ဘူဒိန္ဒ် ဒဒိဋ္ဌဘိုင်းကူးသန်းသွားလာရန် ရေကြောင်းလေကြောင်းအဘယ်မျှ အဆင်သင့်ဖိုင် သည်ကို မြေပုံတွင်ကြည့်က ကောင်းစွာဆိုနိုင်သည့် တည်ရာဌာန အမည်ပညတ်အားဖြင့် သာဝတ္ထုဘူဒိန္ဒ်နယ်၌ အပါအဝင်ဖြစ်သော ဣန္ဒေါဒိယာခေါ် အင်ဒိုဒိုးရှား ဣန္ဒေါစိန (ကိုဒိုန) ခေါ် အင်ဒိုချိုင်းနား စသောအမည်များကို ထောက်ထားသော အားဖြင့်လည်း ဣန္ဒိယပြည်နှင့် ဆက်သွယ်ခဲ့ကြောင်း သိနိုင်သည်။ ထိုမှတပါးသော အကြောင်းများ ဖြင့်လည်း စိစစ်ကြည့်ကြလေ၊ ဤ၌ အမြဲက်မှုပြဆိုလိုက်သည်၊ အထူးအားဖြင့် ငါတို့ ဗမာပြည်နှင့် အဆက်အသွယ် ယိုခဲ့ပုံကို ရှေးရာဇဝင် မှတ်တမ်းများနှင့်တကွ နောက်ဖြစ် သတ်ထုံရာဇဝင် မွန်ရာဇဝင် စသည်များကို ထောက်ထားသိယို နိုင်သည့်အပြင် ထို့ထက်အထူး ရှေးမွန်ကလေးချော့ သိချင်းများကို တွေ့ယိုရသဖြင့် ၎င်းကလေးချော့ သိချင်းများအရ သုဝဏ္ဏဘူဒိ အပါအဝင် ဗမာပြည်အောက်ပိုင်းနှင့် အဘယ်မျှအဆက် အသွယ်ယိုခဲ့သည်ကို ကောင်းစွာသိယိုနိုင်သည်၊ ထို့ကြောင့် ဤ၌ ရာဇဝင်လိုက်စား သူများနှင့်တကွ သုတကာဝိပုဂ္ဂိုလ်များအကျိုးငှါ ရှေးမွန်ကလေးချော့ သိချင်းများကို ဘာသာပြန်ဆိုချက် ငါကိုယ်ဆင်မြင်ယူဆ. ချက်များနှင့်တကွ ထုတ်ပြဦးအံ့။

ဒုဒ်ဆေးချက်။ ။ဤဆိုလတ္တံ့သော ရှေးမွန်သိချင်း သုံးပုဒ်မူသည် (၁၉၂၀) ခုနှစ်က ထုတ်ဝေခဲ့ဘူးသော သုတေသန ဂျာနယ်၌ (သတ်ထုံဒိစတြိတ် ပေါင်မြို့ပိုင် ခလောက်အင်းပဉ္စင်းတော်ကြီးထံမှရယ်သည်)ဟုဖော်ပြပါယိုသောမူ, အချို့မွန်ပညာယိုများ ထံမှရယ်သောမူများ, ထိုမူအားလုံးကို မွန်ပညာယိုများနှင့် နှိုးနွှာတည်းဖြတ်ထားသော မူဖြစ်သည်ဘာသာပြန်အရာမှာလည်း ၎င်းသုတေသနဂျာနယ်၌ပါယိုသောဘာသာပြန်မူ, ပညာဝန် မောင်ဘိုးကျားကိုယ်တိုင် ခလောက်အင်း ပဉ္စင်းတော်ကြီးထံ ထပ်မံသွားရောက် ထားစီစစ်ပြီး ဘာနဒ် ဝိဇုကတ်ကိုက် မွန်စာရေး မောင်ထွန်းရင်နှင့် ဆွေးနွေးပြီး ပေးပို့လိုက်သောမူ, မနုံနယ် ဖါးအောက်ပဉ္စင်းတော်ကြီး ဦးစန္ဒိမာ ပြန်ဆိုသောမူ, ကျောက်စာ ရုံးစာရေး မောင်ချစ်သိန်း ပြန်ဆိုသောမူ, အချို့သောမွန် ပညာယိုများထံမှ ခက်နိုးခက်ရာ၌ ပြန်ဆိုရယိုသောမူ, ထိုမူအားလုံးကို နှိုးနွှာတည်းဖြတ် ယေဘူယျနည်း အားဖြင့် ယူအပ်သော မူဖြစ်သည်၊ မှတ်ချက်များကား အများအားဖြင့် ငါတို့ထင်မြင် ယူဆချက်များဖြစ်သည်။ ဤကား မှာထားချက်တည်း။

http://www.dhammadownload.com

ရှေးမွန်ပညာဟိုများ ရေးသား စပ်ဆိုအပ်သော
ရှေးမွန် ကလေးချော့ သီချင်း ၃-ပုဒ်

(၁) မွန်ဒသီချင်း (မွန်ဘာသာ အရေးအသား)

ဒွက်မန်ဒ။ ။ဟိလေပ်ယောလေပ် ပိုင်ကြွင်ဂေါဓေ ဒေသရုးမန် ဩင်ဇီသီဒန် ဂဲ့ရမန္ဒ ဒေသ အတံ ပွဲ့ဲလဲကုနဲ့ မဖးဩဲခြာ ဝိပါကဂဲ့ တက်ခွုိင်လုံတံရး ဇြာကိုဝ်ဗိုဝ် ကွင်ရောင်ကောန်။

၎င်းမွန်အသံထွက်

ဒွက်မွန်ဒဲ့။ ။ဟိလေ ယောလေ ပိုင်ကရုံမ်ဂေါတေ ဒေစရဲးမွန် စန်ပိစွယ်ဒွန် ကော(မ်)ရမွန်ဲ့ ဒေစအယောမ် ပေ့ဲလဲကော့နိုင်း မဖဲဗိုက်ခရာ ဝိပါကကောမ် တကော့ ခမွိုင် တနော့(မ်) ဟုံမ်ရဲးဇယ်ကောပ် ကျပ်ဝ်ကလုန်ဒွန်းကွန်း။

(၂) မွန်ဗိုင်သီချင်း (မွန်ဘာသာ အရေးအသား)

ဒွက်မန်ဒိုင်။ ။ဟိလေပ် ယောလေပ် သင်ကြိုင် ဂက်ဂါ ဒေသရုးမန် ဗိုမန်ဗိုင် ပွန်လောန်ဗိုပ်လဂုင်(ဂို)ဘုင်ကြိုကမွ ထေဝ်ဍွာနဲ့အပ် ကံလလ်ဏာ ခြာနွဲမိမ မူသွဲကာလ ဒေသဒတန် ဗိုပ်ပွန်ရောင်ကောန်။

၎င်းအသံထွက်

ဒွက်မွန်ဒိုင်။ ။ဟိလေယောလေ စံကရုံမ် ဂင်ဝဲဒေစရဲမွန် ပွေမွန်ဗိုင်ပလွန် လွန်ကျပ် (ပ်) လဂုန်(ဂို)ဘိင် တ္ဂွဲကွန်ဲ့ ဆော့ဆန်အယောမ် ကော (မ်) လဲလယ်းဏာ ခရာနွဲမိဲ့ မူစန် ကာလဒေစဲ့ ဟွံန်တော (န်) ကျပ်ဝ် ပလွန်ဒွန်းကွန်း။

(၃) မွန်ညသီချင်း (မွန်ဘာသာအရေးအသား)

အိုင်ဂွိုင်သွဲ့ယျ တိလဂ်ဏာ ဒေသဒုင်မန် သိုင် ကုသိုလ် အောန်ကျကမောန်ဒ် တရုဗိသ်ပဗ္ဗ တိဝါခဒုင် ဒုင်တရုံပြ ဲ့သုဝဏ္ဏ မင်္ဂလသုဒ္ဓ ပုတရုဂိုဝ် ဗိုပ်ကျင်ရောင် ကောန်။

၎င်းအံသံထွက်

အေးဂ္ဂ်စမိုင်းယ တွိုကလိုင်ကဏာဒေစတိမ်မွန် စမိုန်ကော့စောအွန် ကျကမွန်ဒ တရောင်ဒေပုဇက်တွဲ့ ဝမ်ခဒုန် တိမ်တရင်း ပဒုံ့ဟ် စောက်ဝ့ဗ္ဗ မင်းဇလိုင်းစွဒ်ဲ့ ပလ တရောင်ကပ်ကျပ်(ပ်) လုန်ဒွန်းကွန်း

ဤကားရှေးမွန် ကလေးချော့ သီချင်း ၃-ပုဒ်တည်း။

http://www.dhammadownload.com

(၁) မွန်ဒ သီချင်း (ဘာသာပြန်)

(ကွင်းအတွင်းယှဉ် စကားပျားသည် ထင်ရှားအောင် ထည့်သွင်း ပြုထို ထားသော စကားပျား ဖြစ်သည်)။

ဟိလေ.....ယိုင်ငေး။ ။(ဥာဏ်ပေးသော စကားပျား ဖြစ်သည်) ဖုံးချစ်သား လူကလေး ဂေါဒါဝံဖြစ်ဝ ကံရမဒ္ဒ (ကော်ဗိုမဒ္ဒယ်)ခေါ် ပင်လယ် ကမ်းရိုးတန်း ဌာန သည် ငါတို့ မွန်ဒလူမျိုးများ၏ နေ့ဖွင့်ဌာန ဟောင်းဖြစ်တယ် (ငါတို့မှာ) ရှေးဝိပါက ကံအား ထွေ့ခဲ့ရာ အနှောင်းဆခင် ဘရင်မင်းနှင့် ကွေ့ကွင်းပြီး (ထိုအရပ်မှ) ထွက်ခွါလာ ခဲ့ကြရာ (ဗမာပြည် အောက်ပိုင်း) ဇယားနယ် (တနင်သာရီ) တကော့ခမ်းရှင် ခေါ် ပယူး ကျွန်း ဌာနသို့ ရောက်လာကြရတယ် သားမောင်ရယ်.....

(မွန်ဘာသာ) ပိုင်ကြိုင်ဂေါဒေ အရ ဂေါဒါဝံ ဖြစ်ဟု အများပြန်ဆိုကြသည်။ ၎င်းမြစ်ကား ဖွတ်ဒိုယ တောင်ပိုင်း မဗရာသနယ် မြောက်ပိုင်း ကလိင်္ဂတိုင်း အတွင်း ဗီးဆင်းလျက် ယခုတိုင် ဒုင်းဂေါဒါဝံ အမည်ဖြင့်ပင် ထင်ရှားလျက် ယိုသော မြစ်တည်း၊ (မြေပုံတွင် ကြည့်ပါ) ကံရမဒ္ဒ ဂုင်းကို မွန်သံဖြင့် ကောမဲရဲ့ မွန်ဒံ-ဟု အသံထွက် ဆိုကြသည်၊ ၎င်းသည် ပင်လယ် ကမ်းရိုးတန်း အမည်ဖြစ်၍ တည်ရာဌာန အားဖြင့် မဒရာသနယ် မြောက်ဘက်လားသော် ဂေါဒါဝံဖြစ် တောင်ဘက် လားသော် ကာဝေရိဖြစ် ဤအတွင်းယှဉ် ကမ်းရိုးတန်းနယ်တည်း၊ ၎င်းနှင့် အင်္ဂလိပ် အရေးအသား Coromandel ဟု မြေပုံများ၌ ရေးမှတ်ထားသည်ကို တွေ့ရသည်၊ အသံထွက် ကောရိ မန်ဒယ်လ်ဟု ထွက်ဆိုသောကြောင့် မွန်သံနှင့် အလားတူလေသည်၊ အချို့ကုန်ဝယ ရှေး ဟောင်း မြေပုံများ၌ ၎င်းဒေသ ဌာနကို ကော်ရမဒေဆဟု ရေးမှတ် ထားသည်ကို တွေ့ရသည်၊ ဤဌာနသည် စောင်္ဂ ဘုံင်းဌာနဖြစ်၍ မူလအမည် စောင်္ဂဒေသ သို့မဟုတ် စောင်္ဂမဏ္ဍာလ ဖြစ်သင့်ရာ ၎င်းမှ အခေါ်အဝေါ် အရေးအသား ဆင်းသက် ပျက်ကွက်လာ ဟန်တူသည်၊ အင်္ဂလိပ် အကွာရာ ပြန်ဆိုရာ၌ စီအက္ခရာကို အချို့က စသံ အချို့က ကသံ ပြန်ဆို ကြသည်. အမှန်အားဖြင့် ဗသံ ပြန်ဆို၍ စောရိ မန္ဒိလ် ပြန်သင့် သည်၊ ရ-နှင့် ဠ-သည် ကာခဲ့ ကာရိယဖြစ်၍ အသံ ပြောင်းနိုင်သည် မဒ္ဒိလ်,သည် မဏ္ဍာလမှ ဖြစ်လာပုံ ရသည်၊ မွန်ဒ, ဟူသော အမည် သည်လည်း ကော်ရဲ့ မွန်ဒံမှ ဆင်းသက်လာဟန် တူသည်၊ ဆင်ခြင်ယူကြကုန်၊ ဤမွန်ဒသိချင်းစာအရမွန်ဒလူမျိုးကို့သည် ဖွတ်ဒိုယ တောင်ပိုင်း ဂေါဒါဝံဖြစ်ဖူမ်း ပင်လယ် ကမ်းရိုးတန်း ဌာနမှ အရှေ့ဘက် ဗင်္ဂလား ပင်လယ်သို့ ကူးပြောက်ခဲ့ကြပြီး ရှေးက ဇယားနယ် ယခု ထနသီးရီ ကျိုက္ခမီ နယ် သံလွင်ဖြစ်ဝ မုတ္တမသို့ ဝင်ရောက်ကြကာ တကောခမ်းရှင်ခေါ် ပယူးကျွန်း၌ ရှေး ဦးစွာ နေထိုင်လာခဲ့ကြသည်ဟု ဆိုရပေမည်၊ ကာလအားဖြင့် ဤမှပြန်သော်နှစ်ပေါင်း တထောင်ကျော် ခန့်မှန်းရမှိသည်၊ မွန်သုံးမျိုးတွင် နောက်ဆုံး ထတိယ အကြိမ်ရောက် လာသော မွန်များဟု မှတ်ယူသင့်သည်၊ (ဆင်ခြင်ယူကြကုန်)။

http://www.dhammadownload.com

(၂) ပွန်ဒိုင် သီချင်း (ဘာသာပြန်)

ဟီလေ.....သိုလေး။ ။ချစ်သား လူကလေး ဂင်္ဂါခေါ် မဟာနဒီ မြစ်ဂွမ်း ငွာန သည် ငါတို့ပွန်ဒိုင်များ၏ နေရပ်ဟောင်း ဖြစ်တယ် ငါတို့ ပွန်ဒိုင်များသည် ထိုနေရပ် ဟောင်းမှ ထွက်ခွါလာခဲ့ကြရာ လဂုန်=လရုံ(ရုံ=ရန်ကုန်) တိုင်ကူမဲဇ(တိုက္ကို)မြို့သို့ရောက် ခဲ့ကြရတယ် ရှေးကဲ့ကြပ္ပာ စိမ်ရာ နေရင်းငွာန ဒီဘက်များနှင့် ကွဲကွာ နေကြရတယ်၊ ဘယ်အခါတိုင်မှ နေရပ်ဟောင်းသို့ ပြန်ရောက် ကြရမည်လဲ သားရယ်.....

မွာဘ်ချက်။ ။ဤ၌ ဂင်္ဂါအရ မဟာနဒီ မြစ်ဟု ပြန်ဆိုကြရာ ဂင်္ဂါ သဒ္ဒါသည် သာမည မြစ်ဟောသဒ္ဒါဖြစ်၍ လိုအပ်သော မြစ်ကို ယူနိုင်သွင့် ယို့သောကြောင့် ဤ၌ မဟာနဒီ မြစ်ဟု ပြန်ဆိုခြင်း၌ အသင့် ယူကြံ့ ယို့သည် ဟု ဆိုမှုမည် ယို့ကြောင်း ကား ဤသို့ချင်း၌ ပါသော လဂုန်=ဘိကုံ့မြို့ကို နောက်အခါ ဥက္ကလာပ အမည်ဖြင့် ထင်ရှားဦးမည်ဖြစ်ရာ၎င်း ဥက္ကလာပကား အခြားမဟုတ် ဗုဒ္ဓဃ တောင်ပိုင်း ကလကတ္တာ မြို့ တားမလိတ္တ မြို့ကို့မှ အနောက်တောင်ဘက် မဝေးလွန်းလှသော ယခု စြာရီဆခေါ် နယ် အရပ်သည် ရှေးက ဥက္ကလ ခေါ် တိုင်းဖြစ်သည်၊ ၎င်း နေရပ်ဟောင်း ဥက္ကလ တိုင်းအမည်ကို ယူ၍ နေရာသစ် ရန်ကုန်ကို ဥက္ကလ နောက် ပ-အက္ခရာပို၍ ဥက္ကလာပ ဟု မှည့်ခေါ်လာခြင်း ဖြစ်သည်၊ ထိုနေရပ်ဟောင်း ဥက္ကလ ကိုင်း၌ မဟာနဒီခေါ် မြစ်သည် ကြီးကျယ်ထင်ရှားစွာစီးဆင်းလျက် ယို့သောကြောင့် ဤ၌ဂင်္ဂါအရ မဟာနဒီမြစ်ဟုပြန်ဆို ခြင်း၌ မျှားစွာ သင့်လျော်သည်ဟု ဆိုထိုက်သည်၊ လဂုဏ်ဂုဏ်တဲ့ဟူမှု၌ လဂုဏ် ကား တင်နေ သည် ခွနေသည် ဟူသော အဓိပ္ပါယ်ယို့သည်၊ အဏ္ဏုစာမှု၌ လဂို ဟု ရေးသားပါယို့ရာ ၎င်း အသံထွက် လဂုံ ဟု အသံထွက်၍ တောမြို့ရုံ ဟု အဓိပ္ပါယ် ယူကြသည် ဤသို့ယူခြင်းက သာ၍ အဓိပ္ပါယ် သင့်လျော်ဘွယ် ယို့သည် ဤ အရ မြို့ဖြစ်သည်၊ ထိုအရ သုံးခု အရေ အတွက် တည်း၊ ကုန် အရ ကြုံ ဟူသော ပွန်စကားနှင့် အလားတူ ဖြစ်၍ ပြုစ်ချောင်း ယူသည်၊ ဗ အရ ပေါင်းဆုံခြင်းယူ အပေါင်း အားဖြင့် တောမြို့ ရုံလည်းဖြစ် ချောင်းဆုံးခု ဆုံရာလည်း ဖြစ်သော အရပ်ဖြစ်ဟု အဓိပ္ပါယ် ရယူသည်၊ နောက်ကာလ၌ လဂုံနှင့် တိုက္ကုမဲ့ ခဲ့ပြီး လဂုံမြို့ နောက်၌ ဒဂုံ=ရဂုံ*=ရန်ကုန်* ဟူ၍လည်းကောင်း၊ တိုက္ကုံ=တိုင်ကုံ*မြို့ ဟူ၍လည်းကောင်း ခေါ်လာကြသည်၊ ဤ၌ ချောင်းဆုံးခုအရ အမျိုးမျိုးယူကြရာ မေ့ဝန်းချောင်း ဝဲနှုးချောင်း လှိုင်ဖြစ်ချောင်း

*ဒဂုန် (တနည်း) ဒဂုံဖြို့။ ။၎င်းသမည် ဝေါဟာရသည် ပွန်စကား လဂုဏ် အသံထွက် လဂုန် (တနည်း) လဂို အသံထွက် လဂုံမှ ဆင်းသက်လာသော စကားဖြစ်၍ ပဌမ နည်းအရ ဂငယ် တချောင်းငင် နသတ် ဒုတိယ နှည်းအရ သေးသေးတင် သို့မဟုတ် မသတ် ရေးရမည်။

ရုံ။ ။၎င်းအမည်လည်း လို လဂို ဟူသော ပွန်စကားမှ လဂုံ-ဒဂုံ-ရဂုံ ၌သို့ ဆင်းသက် လာသော ကြောင့် သေးသေးတင်မသတ် ရေးရမည်။

http://www.dhammadownload.com

ဤချောင်းသုံးခု ဖြစ်သင့်သည်ဟု ထင်သည်၊ သို့သော် ဤ၌ ချောင်းသုံးခု ဆုံရန် သာ လိုရင်း ပဓာန ဖြစ်သည်၊ ဥဒ္ဒေသလာပ အမည်သည်လည်း မှန်နိုက္ခုန်ပြီ၏ အမည် ပင် ဖြစ်သည်။

အနည်းငယ် ချဲဦးအံ့၊ မွန်ဖိုင် လူမျိုးပဲ့သည် ဒီဒေ့ နေရပ်ကောင်း ဖြစ်သော ရွာဖြိယ ပြည် တောင်ပိုင်း ကလိဂ်သိုင်း၏ မြောက်ဘက် မဿာနမဲ ဖြစ်၀မ်းနှ တည် ယိုသော ယခုအခေါ် ဩရိဿ=ဥရိဆ ရှေးအခေါ် ဩဠ=ဥက္ကလ ဘိုင်းမှ ဗုဂုးပွင့် တော်မမှုသိ အန္တစ်တရာကျော် နှစ်ရာခန့်လောက်က အရှေ့ဘက် ပြောလား ပင်သယ်သို့ ကူးမြောက်ခဲ့ကြရာ ဗမာပြည်အောက်ပိုင်း ပင်လယ် ကမ်းခြေးတန်းသို့ ရောက်လာကြ၍ ရန်ကုန် မြစ်ဝအတွင်းသို့ ဝင်ရောက်ကြသည်၊ ရှေးဦးစွာ ချောင်းယုံးခု ဆုံရာ ဒေတာ မြို့ဝင်လည်း ထူထပ်ရာ ဌာနကို ဝေ့ယှဉ် ကြသဖြင့် ပုဂံး ဘိုင်း၏ လက်ို ဦးဝင်တြဲ ကုမ္ဘ အသံထွက် လက်ို တိဝ်တရှဲ့ ကုမ်ဒဲ့-ဟု အမည် သတ်မှတ် ကြပြီး ထို အခေါ်ဒေ မြို့ရွာ တည်နေကြသည်၊ နောက် ပြုကြီးရွာကြီး ဖြစ်လာသော အခေါ် ဒီဒိဝ်ို နေရပ် ဟောင်း ဥက္ကလ ဟူသော အမည်ကို ယူ၍ ဥက္ကလပြို့ နောက် ပ-အက္ခရာနှင့် တကွ ဥက္ကလာပ ပြို့ဟု မှည့်ခေါ်လာကြသည်၊ ထို့ကြောင့် ဤ၌ ရှိ မာဂုန်=ဖားကို တိကုံ ဥက္ကလ= ဥက္ကလာပ=ခန်ဂုန် ဤသို့ အမည်လေးမျိုး ယှဉ်ကြောင်း မှတ်သင့်သည်၊ (ထိုမှတပါး တပဿ ဘလ္လိက ကုန်သည် ညီနောင် အကြောင်းများနှင့် တကွ သိလိုမူ ဥက္ကလ တိုင်း အခေတ်းနှင့် ဆက်စပ်ကြည့်လေ) ဗမာပြည်ရောက် မွန်သုံးမင်္ဂးတွင် ဤမွန်ဖိုင်တို့ ကား ရှေးဦးစွာ ရောက်လာသော မွန်များဖြစ်၍ ဤမှပြုံသော် နှစ်ပေါင်း နှစ်ထောင့် ခြောက်ရာကျော် ခုနစ်ရာခန့် ယှဉ်ပြိုဟု မှတ်သင့်သည် (ဆင်ခြင်ယူကြ ကုန်)။

ရန်ကုန်။ ။ထင်းဝေါဟာရသည် မူလ မွန်စကား လဂ-မှ ရင်္ဂုံ ခြင်္ဂလး ဦး၊ ဝင်း ရင်္ဂုံ- ဟူသောအသံ သို့ လိုက်၍ နောက်ကာလ၌ တမျိုး အဓိပ္ပါယ်ယူဆပြီး ရန်ကုန် ဟု ခေါ်လာသော အမည်ဖြစ်ဟန် တူသည်၊ ထို့ကြောင့် ရင်္ဂုံ-ကား ရှေးအမည် ရန်ကုန် ကား နောက် အမည်ဟု မှတ်သင့်သည်၊ သို့သော် ဝင်း ရန်ကုန် အမည်သည် လွန်ခဲ့သော အနှစ် နှစ်ရာလောက်က ရေးသား ခေါ်ဝေါ်လာသော ပေါရာ ဏက ဝေါဟာရဖြစ်၍ ဝင်းအတိုင်း ရေးရမည်သာ ဝင်းကိုနှုတ် ဝေဂိုက္ခယဉ်းရုံ ဟူ၍ ပင်္ဂ စီထားကြသည်ပင်

တိကုံ။ ။ဝင်းအမည်သည် ဩကုပ္ပ (တရွှဲကုမ်း) ဟူသော မွန်ဘာသာမှ ဆင်းသက်လာသော အမည်ဖြစ်၍ ကကြီးတချောင်းငင် သေးသေးတင်နှင့် သို့မဟုတ် မသတ်နှင် တိကုံ-ဒေါ်ကုမ်ို ဟု ရေးရမ်းည်၊ ချောင်းသုံးခု ဆုံရာဖို့ဟု အဓိပ္ပါယ်ယှိသည်၊ ဝင်းကို ပင်္ဂီစီလျှင် တိုကုမ္ဘ ဟူ၍သာ ခေါ်မည်၊ သို့သော် ပင်္ဂီဒွ် ချောင်းဟော ကုမ္ဘသဒ္ဒါ မယို သခ်တ ပါကတတို့ဝ်လည်း မယို၊ ထို့ကြောင့် ပင်္ဂီဒွ်ဝဲ့ ဥပကမျိုးသာ ပြစ်ရမည်၊ အချို့ ဂငယ်တချောင်းငင်နှင့် တိဂုဗ္ဘ အချို့ မနှင့် ဘကုန်းတင်ဖို့ တိကုန် ဤ၌ ပင်္ဂီစီကြရာ မွန်စကား အဓိပ္ပါယ်မှ တခြားဖြစ်သောကြောင့် လုံးဝမသင့်သည်သာ ဟိုပုတပါ။ ဗမာပြားသော ဂငယ် တချောင်းငင် သေးသေးတင်နှင့် တိဂုံမြို့ ဒဂွေးလုံးကြီးတင်နှင့် ဒိဂုံမြို့ ဟူ၍လည်း အချို့ ဆေးသားများ ရာ လုံးဝမသင့်ဟု မှတ်ရမည်။

http://www.dhammadownload.com

မှတ်ချက်သံပေါက်များ

(သံပေါက်) ချောင်းသုံးခွဆို၊ အရပ်ဆို၊ ဘုန်ဖြိုတည်ကြ။ (ပဌမနည်း နသတ်)
စိန်ဖြိုင်ဆန်၊ လို (လုံ) ဖြဟ်၊မှတ်ချက်၊ဘုံပ။ (ဒုတိယ သေးသေးတင်မသတ်)
ဘုန်-ဘုံ-နောက်တိုက်၊ သတ်ပုံရေးနည်းပြ။
ကုသိနာရုံ၊ အင်ကြင်းစုံ၊ ရုပ်ဖြိုင်ထောင့်ကွေး။ (ကဝိလက္ခဏာ)
ချောင်းသုံး၊ တိုက်၊ ဒေဖျောံ၊ ဘုံ ခွဲထားရေး။
ပွန်တိုရုန်ကုန်၊ ပြုးကခုန်၊ ဘုန်အပညိပေး။
ကညာတကု၊ နောက်ခြံရှု၊ သံယုတတိယ၊ ပကာရ။ (တိုက္ပပ)
ပွန်တိုဝေါဟာ၊ အရင်းသာ၊ ပုဂ်ပါ၊ ပြုံကုပ္ပ။
ကုံနှင့်ကြိုး၊ ချောင်းဟောပုံ၊ နှစ်ခုံနှက်ထူကြ။
တြိကုပ္ပမှု၊ တိကုပ္ပ၊ ရေးရုပါဠိတု။ (ပါဠိပဋိရူပက)
ချောင်းဟော၊ ကုပ္ပ၊ ပယ်ကြ၊ သုံးဝဘာသာစု။ (ပါဠိ သဒ်တ ပါကတ)
ဂုပ္ပ-ကုန်ဟု၊ မာဂဝ၊ ဌာနပယ်သင့်။
ဒီဝုံ-တိဝုံ၊ ရေးသားပုံ၊ လုံးစုံပယ်သင့်။

(၃) ပွန်ညသိချင်း (ဘာသာဖြန်)

အိုချစ်သား လူကလေး တိလင်္ဂာ (တိုက်လိုင်ဂာ) အရပ်သည် ငါတို့၏ နေရပ်ဟောင်းဖြစ်တယ် ငါတို့အစ္ဆာဘုရင် မင်းသည် ရှေးကုသိုလ်ကံနဲ့၍ စစ်ရွာမှာ ကျဆုံးသောကြောင့် ငါတို့သည် ထိုနေရပ်ဟောင်းမှ အရွှေအာဏ်သို့အလျှောအမြန် ထွက်ခွါလာခဲ့ကြရာ သဒ္ဒလုလင်က လခ်းလွှဲပြသဖြင့် ဂင်္ဂေကျောက်အပူယိုရာ သုဂန္ဓာ မည်သော ကောင်းမြတ်သော မြို့ဟောင်းသို့ ဆိုက်လာကြရတယ် သားမောင်ရယ်။

မှတ်ချက်။ ။ဤနေရာ တိလင်္ဂာခေါ် အရပ်ကား မွန်ပြည်ပြည်တောင်ပိုင်း မဒရာသ နယ်မြောက်ပိုင်း ဂေါဒါဝရီမြစ်မြောက်ဘက် ကလိင်္ဂတိုင်း ဒုင်းတိုင်းအနောက်ဘက် နယ်စပ်လွှက်ယိုသော တိလင်္ဂာ=သို့မဟုတ် တေလင်္ဂတိုင်းခေါ် အရပ်တည်း ထိုအရပ်မှ တိလင်္ဂာဘိုင်းသား လူမျိုးမျာသည်၊ အမှန်းအားဖြင့် ဘုရားရှင်ပဓါန်ဒွါဇာ စံလွန်တော်မူပြီးနောက် ဗုဒ္ဓန္တစ် နှစ်ရာကျော် သုံးရာအတွင်းက အရွှေဘက်ပင်လယ်သို့ ကူးခြောက်ခဲ့ကြ၍ ဗမာပြည် ပင်လယ်ကမ်းမျိုးတန်း စစ်တောင်းမြစ်ဝသို့ ဆိုက်ရောက်ကြပြီး အတွင်းသို့ ဝင်ကြကာ ကေလာသတောင်အနှံး သုဝဏ္ဏမည်သော မြို့ဟောင်းရာသို့ တက်ရောက်နေထိုင်ကြသည်ဟု ဤသိချင်းအရ ဆိုသွယ်ယိုသည်၊ အများအားဖြင့် သူမျိုးအမည်များကို ဒေသတို့ နေထိုင်ခဲ့ရင်း တဲ့ဦးအမည်ကိုခဲ့၍ခေါ်လေ့ယို့ကြသည့်အတိုင်း ဤသို့အမည်ကို ပါဠိဘာသာ တိလင်္ဂာသို့မဟုတ် တေလင်္ဂလူမျိုးဟု ခေါ်ကြသည် ဖွန်သံဖြင့် တိလင်္ဂာကို တွိုက်လိုင်ဂာ သို့မဟုတ် တေလင်္ဂကို တုက်လိုင်ဂခေါ်သည်၊ နောက်ကာလ၌ အခေါ်ကို အလွယ်အရွှေကိုအာ ခေါ်လေ့ယို့သဖြင့် တွိုက်လိုင်ဂာ သို့မဟုတ် တိုက်လိုင်ဂကို တိုက်လိုင်ဟု ခေါ်ကြပြီးနောက် ဗမာသံနှင့် ရောလာကာ တဲ့လိုင်=တလိုင်=တလိုင်းဟု

http://www.dhammadownload.com

အဆင့်ဆင့် အသံပြောင်းလဲ ခေါ်လာကြသည်ဟု ထင်မိပေသည်။ ရှေးဦးစွာ ဤအမည်ကို ဗမာပြည်သို့ ရောက်လာသော မွန်ဘွဲ့တွင် ဤတိလင်္ဂ=တေလင်္ဂဟိုင်းသားမွန်အများနှင့် သာ သက်ဆိုင်သော အမည်ဟု ဆိုသင့်သည်၊ နောက်ကာလ၌ ဤအမည်ပျံ့နှံ့ပြီး မွန် အားလုံးကိုပင် တလိုင်းဟု ခေါ်လာကြပုံရသည်။ ထို့ကြောင့် ဤအမည်သည် ယခု နောက်လူတို့ ယူဆကြသည့်အတိုင်း တဦးက တဦးကို နှိမ်ချခေါ်ဆိုသော အမည်မျိုး ဟုတ်ဟန်မတူ၊ ထို့ပြင် မည်သည့်ဘာသာမဆို သံဘူကြောင်းကွဲ ကြောင်းတူ သံကွဲ စကားလုံးမျိုး ယိုတတ်သည်ကိုလည်း သတိမူ ယူသင့်ကြပေသည်ဟု သဘောရသည် (ဆင်ခြင်ယူကြပုန်)။

မွန်ဥာ။ ။ဂင်းအမည် နောက်ကာလ၌ မွန်တို့ ရောက်ပျံနေထိုင်ရာ ဗမာပြည် အောက်ပိုင်းကို ရာမညတိုင်းဟုအမည်သတ်မှတ်ခဲ့ကြသည့် ဂင်းရာမညအမည်သည်လည်း ခမင်း ယိုးဒယား စသော အင်္ဂလာဝါန်ိုင်ငံများမှ ဆက်သွယ်လာသောအမည် ဖြစ်ဟန် တူသည်၊ သင်တဘာသာအလို ရာမ၌ ဂင်းသည် ရာမာယနနှင့် အလားတူဖြစ်သည်၊ ပါဠိဘာသာ ရာမည ဂင်းကို မွန်သံဖြင့်ရဲ့မွန်ည့ဂင်းမွမွန် ညဖြစ်လှာပုံရသည်။ ထို့ကြောင့် မွန်ညအမည်သည် ရာမညတိုင်းသား မွန်အများနှင့်ဆက်ဆံသော အမည်ဟုဆိုသင့်သည်။

မွန်။ ။ဂင်းအမည် မွန်ဒ၊ မွန်ဗိုင်၊ မွန်ည အမည်များမှ မွန်ဟု အလွယ်ခေါ်လာကြပုံရသည်၊ (ဆင်ခြင်ယူကြပုန်)

ဤတိလင်္ဂ=တေလင် တိုင်းသား မွန်အများ၏ ရောင်ရာကာလ ဤမှပြန်သော နှစ်ပေါင်း နှစ်ထောင်နှစ်ရာကျော် သုံးရာခန့် ရှိပြီဟု ယူဆယ် ယို့ပေသည်။

ရှေးမွန်ကလေးဒေါ်သာ သိချင်းဆိုင်ရာ ပြဿနာချက် ပြီးပြီ။

အကိုင်ဆွဲအဆုံးအဖြတ်။ ။ဂင်းအကိတ္တိပညာယို၏ အမည်ပြအရာ၌ အလုံးရုံ ဗမာအက္ခရာ ပါဠိကျမ်းစာများမှာ က အက္ခရာ၌ လုံးကြီးတင်ပျောက်လျက် အကတ္တိ ဟူ၍သာယိုကြ၏ သိဟ်ုင်္ဂ ယိုးဒယားစသော မိုင်ဝင်ခြားစာများမှာမူ အကိတ္တိဟူ၍သာ ကမှာ လုံးကြီးပင်နှင့် ယိုကြ၏ ထိုတွင် မိုင်ဝင်ခြားစာအယို ပါဠိသာ သိဟ်ုင်္ဂခရာမေး စရိယာဝိဋ္ဌက အဋ္ဌကထာလာ အဓိပ္ပါယ်နှင့် ညီညွတ်သောကြောင့် အသင့်ဖြစ်သည်။

ဂင်းအဋ္ဌကထာလာ အဓိပ္ပါယ်အကျယ်မှတ်ရန်

(သံပေါက်) ကျော်စောဆန်ကျင်၊ နက်နှစ်ဝွင်၊ ဟောလျှင်မှန်ကိတ္တိ။
နှစ်ပုဒ်တွဲစပ်၊ ပြုသမာသ်၊ ပညတ်အကိတ္တိ။
ကျော်စောမင့်၊ ဆန့်ကျင်မဲ့၊ တကဲ့ပညာယို။
စရိယာဝိဋ္ဌက၊ နည်းအရ၊ ယိုမှသင့်လျော်အံ့။
ထို့ကြောင့်လုံးကြီး၊ ကဋ္ဌဒိုး၊ ပုဒ်ဖြိုးအကိတ္တိ။
လုံးကြီးမပါ၊ ဗမာစာ၊ ပါဠိမှာပျက်ယို၊ အကတ္တိ။

http://www.dhammadownload.com

ဤပုဒ်အဆုံးဖြတ်နှင့်စပ်၍ သင်္ခဉ်္ဇာနကျမိန့်ကို ပယ်ပြုရန် မလွယ်ကူသည့်အလျောက် မဟာပညာဝန်ကဲ့သုတရေ သုတသင်္ခဉ်းစယ သင်္ဘကြက ဇာတ်လမ်းတို အရှင်းဖြစ်တော်မူသော မုဆိုးဇာတဝန် ဆရာတော်ဘုရားကြီးပင် (ဤအမည်ခေါ်တွဲပါတိကျခြင်းမျိုးဖြစ် 'အကိတ္တိ' ဟူ၍ ဟိသည်၊ စရိယာပိဋကကျမ်းမှာကား 'အကကိတ္တိစရိယာ' ဟူ၍ဟိသည် သာဂသမိုင်း ဂဃဝတ္ထုန်ဒီပနီလည်း 'အကတ္တိ' ဟူ၍ဟိသည်၊ ဤသို့အမည် မညီမညွတ်ဖြစ်သည်၊) ဟု မုဆိုးမတ္ထဒီပနီ (၅၆) ပုဒ်ရင်းအဖြေရှိ ပါဠိအဖွေ့ဝေ့ပွေ့ယှက်ခဲ့ဘင်းကဲ့သာ ပြုတော်မူ၍ ဇကန္တဝိနိစ္ဆယ ချတော်မမူခဲ့လေ။ Akiti လန်ဒန်နှိုက် စာက်အကြားသာ ပါဠိမှန်။

ကဏ္ဍာဖြစ်။ ။အကျဉ်းမှတ်စဉ် တည်ရာဌာနရှိ ဖေါ်ပြခဲ့သော ယခု ကစ္စနာခေါ် တဿာဖြစ်ကား မဒရာသန်ဂ အဆက်ပိုင်း ဂေါဒါဝရီဖြစ် တောင်ဘက်ရှိ စီးဆင်းလျက် ယိုသောဖြစ်တည်း၊ ရှေးက သိလပါရမီအရာ၌ ပရမတ္ထပါရမီဖြောက် ဖြုံကျင့်တော်မူသော ဗုရားအလောင်း သင်ပါလနဂါးမင်း ဥပုသ်သိတင်း စောင့်သုံးတော်မူစဉ် ဂင်းကဿာဖြစ်၏အနိုးအပါး တခုသော တောင်ပို့မှာ နေတော်မူဘူးသည်ဟု စတ္တာလီသ ဒီပါတ် သင်ပါလဇာတ် အဋ္ဌကထာနှင့် သင်ပါလစရိယာ ဝိဒုက အဋ္ဌကထာမှာ အဟောအဆိုပြုသည်၊ ကဏ္ဍဝဋ္ဋာယ နဒီယာ အဝိဒူရေ (အဆိုပါ အဋ္ဌကထာနှစ်စောင်)

ဤဤဘာဒကြိုဏာဘာရတေပြဝါဟိတနဒီဝိဇေးး(ဇင်္ဂါလိဘာသာ သရုလအဘိဓာန်

ဤဤဘာ (ကြိုလျှောဘာ) သင်္ဘတဘာသာ ဤဒီယကိုင်းသံးများ အခေါ် ဂင်းအဘိုင်း ဤဒီယအဓိုးရကျောင်းသုံး ဖြေပုံများ၌ ရေးသားကြသည်၊ ကဿာ,ပါဠိနှင့်ပါကတဘာသာ ညီမည်းသော ရေညွှိယိုသောဖြစ်ဟူလို။

ဗမာကျောင်းသုံး ဖြေပုံများ၌ကား Kistna ဟူသော အင်္ဂလိသ်စာလုံးပေါင်း အရ ကစ္စနာဟု အမည်လွဲမှုက် ရေးသားလျက်ယိုသည် သတိပြုကြလေ။

အမှန်အားဖြင့် Krsnā ဟု အင်္ဂလိသ် စာလုံးပေါင်းမှန်ရေး၍ ပြဆိုခဲ့သည်အတိုင်း သင်္ဘတ ဘာသာမှန် ပြန်ရမည်သာ ဂိမ်းဗဓိဒ် ရာဇဝင် စာအုပ်များလည်း ဂင်းအတိုင်း အင်္ဂလိသ်စာလုံးပေါင်းမှန် ရေးသားပါယိုသည်၊ သို့မဟုတ် Kanha ဟု စာလုံးပေါင်းမှန် ရေး၍ ကဿာဟု ပါဠိပါကတဘာသာ အမှန်ပြန်ရမည်။

က မှာ ဥ=ရီ ဆွဲ နောက်၌ မဂ္ဂဇ ဗ=ဘျ် ဏကြီးသံယုက် ရေးချနှင့်ယိုသော ဤဤဂ္ဂဟာ ဟူသော သင်္ဘတဘာသာ ပုဒ်ယိုကို မာဂဓပြုံရာ၌ ကဿာဟု ဏကြီးဟတိုးနှင့်သာ ပါဠိပြုံရိုးယိုသည်၊ ဤအရာမျိုး သင်္ဘတနှင့် ပါဠိမတတ်လျှင် အသိခက်သည်။

http://www.dhammadownload.com

(သံပေါက်) ရိဆွဲကမှာ၊ မှုဒုစာ၊ ဆင့်ပါ မ ဏာ၊ ဓနာက်ရေးချ။ (ဣန္ဒ္ဓာ သဒ်ဗ)
ယင်းသည်ပုဒ်ဖျိုး၊ ဏ ဟဲထိုး၊ ပြန်ရှိုးမာဂဝ။ (ကဏ္ဍာ-ပါဠိ)
ကဓောက်ရိမှာ၊ အ ခရာ၊ ပြုပါပဏ္ဍိတ။ (ရိ-ကို အ-ပြု)
ကျမ်းဂန်ထင်ရှား၊ ဤပြစ်ကား၊ မှတ်သားပညာမ။
သဒ်တပါဠိ၊ မတ်တ်ဘိ၊ အသိခတ်လေ့။

ဒဗိဠကိုင်း ပြဆိုချက် ပြီးပြီ။

---

(၇) စောဠတိုင်းအကြောင်း

ဒကျွဉ်းမှတ်စဉ်။ ။တိုင်းအမည် စောဠတိုင်း ရှေးမြို့တော်အမည်ကာဝေရီ ယခုအမည် ကဝိဘက်ကို နမ်=ကုမ္ဘကောဏမ တည်ရာဌာနကား မဒရာသ်နယ်တောင်ပိုင်း ကာဝေရီမြစ်အနီးဒွ် တည်ယိသည်။

ဘကျယ်ဝေဘန် ပြဆိုချက်

စောဠတိုင်း။ ။စော်ဠတိုင်းသည် အဋ္ဌကထာ ကျမ်းပြုဆရာ အသျှင်ဗုဒ္ဓဒတ္တ ရူပသိဒ္ဓိကျမ်းပြု ဆရာအသျှင် ဗုဒ္ဓဝိယ အဘိဓမ္မတ္ထသင်္ဂြိဟ် ဆရာ အသျှင်အနိရုဒ္ဓါစသော ကျမ်းပြုအမော် ပဂ္ဂိုလ်ကျော်တို့ ဖြစ်ပေါ်နေထိုင်တော်မူကြရာ ဌာနဖြစ်သည် အသျှင်ဗုဒ္ဓဒတ္တမထေရ်သည် ဤစောဠတိုင်း ကာဝေရိမြို့ကဖျာဂါသမည်သော ဒါယကာ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းတိုက်ဒွ် သီတင်းသုံး နေတော်မူထွက် အဘိဓမ္မာဝတာရ အဋ္ဌကထာကျမ်းကို ရေးသားပြုပြင် စီရင်တော်မူသည်။

ထို့ပြင် သိဟိဠ်ကွန်း ဗုဒ္ဓဂါမကိုအဘာယ မင်းကြီးနှင့် စစ်ဘက်သော ဇွဲဂရ ကျည်းမင်း နေရာအရပ် ဘိုင်းလည်းဖြစ်သည်။

ဒုဋ္ဌဂါမကိုအဘာယဟူသော အမည်၏အဓိပ္ပါယ်။ ။မဟာဂါမရွာကြီး၏ အကြီးအမှူးဖြစ်တော် မူသောကြောင့် ဂါမကို ဘိုးတော်၏ အဘာယအမည်နှင့်တွဲ၍ ဂါမကို အဘာယခမည်းတော်အား ပျက်မာန်ထားသောကြောင့် ဒုဋ္ဌ ဤသုံးမျိုးပေါင်း၍ ဒုဋ္ဌဂါမကို အဘာယဟုခေါ်ဆိုသည်။

(သံပေါက်) မဟာဂါမ၊ နာယက၊ ဖြစ်ထန္တဏ္ဍာ၊ နိဒ္ဓာ။ (ဂါမကို)
ဘိုးတော်နာမ၊ အဘယ၊ ပေါင်းထပြီးခါ ခေါ်သည်ဟု။
ခမည်းတော်နှင့်၊ မျက်မာန်သင့်၊ ထားလင့်ရှေ့မှာ၊ ဒုဋ္ဌသာ။ (ဒုဋ္ဌဂါမကိုအဘာယ)
ဒုဋ္ဌဂါမကိုအဘာယ၊ ဓနုဂ္ဂက်ကာလ၊ ပေါင်းထဝေါဟာ ကြောင်းသုံးဖြာ။

http://www.dhammadownload.com

ကာဝေရီ။ ။တည်ရာဌာနခွဲ ဖေါ်ပြခဲ့သော ကာဝေရီမြစ် အမည်ပြအရာမှာ ဗမာမြေပုံများ၌ Cauvery ဟူသော စာလုံးပေါင်းကို အခွဲပြု၍ ကော်ဝါရီဟု အမည်လွဲ မှားထွက် ယိုနေလေသည်။ ၎င်းကို Caveri ဟု စာလုံးပေါင်းသစ် မှန်ကန်စွာ ရေး၍ ကာဝေရီဟု အမည်မှန်ပြန်လေ ကိမ်းဗရိဒ်စာအုပ်မှာလည်း၎င်းအမှန်အတိုင်းပင် စာလုံးပေါင်းပါယိုသည် ဟိန္ဒူနှင့် ဗင်္ဂါလီ၊ ကလယ်၊ သိင်္ဟိုဠ်၊ အိုးရကျောင်းသုံး မြေပုံများမှာလည်း၎င်းအမည်မှန်အတိုင်းပင် ပါယိုသည်။ ၎င်းမြစ်သည်ကား ငါတို့ ဗုဒ္ဓဘာသာ ပါဠိကျမ်းဂန်များနှင့် သင်္ခတကျမ်းဂန်များမှာ အလွန်ထင်ရှားသောမြစ် ဖြစ်ချေသည်။

နေရဒ္ဓရာစ ကာဝေရိ- မာဂဓအာဘိဓာန်။
ကာဝေရိသရိတော ဈာဒ္ဓ- အမရကောသ။

က+အာ+ဝေရ+ဣ=ကာဝေရိ ကသဋ္ဌာ ရေဟော အကိုဒိဃပြု။ဝေရသဋ္ဌာ ကိုယ် အပေါင်းဟော ဣပစ္စည်းသက်။ ရေများ ပေါင်းစုစီးဆင်းရာမြစ် ဟူလို။

(သံပေါက်) ကဗ္ဗာရေးချ၊ သဝေဝ၊ ရိကအဆုံးသတ်။ (ကာဝေရီ)။
ကျန်းမာထင်ရှား၊ ဣမြစ်ကား၊ ဗုတ်သား မှန်ပညတ်။
ရေဟောကဗ္ဗ၊ အရဿ၊ ဒီဃ အာဂြိုလ်တ်။
ကိုယ်ဟော ဝေရ၊ ပစ္စယ၊ ဆိ-ပြ ဣသက်လတ်။
သဋ္ဌာပ၊ ကြည်ရွှေက၊ သိရုပဿုတ်၊ ဝစနတ်။ (သဋ္ဌာပ ပဟာနိဒိ သင်္ခတ အဘိဓာန်ကျမ်းကို ကြည်ရွှေက မှန်ကန်စွာ ဝစနဆွဲကို သိနိုင်သည် ဟူလို)

၎င်း ကာဝေရီမြစ်ဂမ်း ပင်လယ်ကမ်းရိုးတန်းကို ဟိန္ဒူ အိုးရကျောင်းသုံး မြေပုံများ၌ စောင်္ဂမဏ္ဍာလ သမုဒ္ဒတဥဟု ရေးသားပါယိုသည် ၎င်းရေးသားချက်အရ စောင်္ဂတိုင်း သမုဒ္ဒာပင်လယ် ကမ်းဟုဆိုလိုသည်၊ ဗမာအက္ခရာရေး ကွန်ပြီယကျောင်းသုံး မြေပုံ အင်္ဂလိပ် မြေပုံများ၌ (ကောရိုမန်ဒယ်)· အင်္ဂလိပ်စာလုံးပေါင်း Coromandel ဟုရေးသားပါယိုသည် ဣ၌ အင်္ဂလိပ် o-i အက္ခရာကို က-သံ စ-သံ နှစ်မျိုးပြန်ဆို ကြသည်ကို သတိပြုရမည်။

ဣအကြောင်း ဒဗိဋ္ဌတိုင်း အခဏ်းဒွိလည်း အပြုက် ပြဆိုခဲ့သည့် ကိမ်းဗရိဒ်ရာဇဝင် စာအုပ်ပါ မြေပုံ၌ ဣမောဋ္ဌတိုင်း နယ်ကို ကော်ရ်ဒေဂ-ဟု ရေးသားပါယိုသည်။

စောင်္ဂတိုင်း ပြဆိုချက် ပြီးပြီ။

http://www.dhammadownload.com

(၈) ပါရာဇိကတိုင်း အကြောင်း

အကျဉ်းမွှာဘဲခဲ့။ ။ကိုယ်အမည် ပါရာဇိက၊ ရွာနာမည်ကော်အပေည် ဒဂ္ဂိုဏာမကုရာ (နာဂပန္နဒ်) ယခု ပြိုကော်အမည် ဟုရာ။ တည်ရာ ဥဿုကားမြေရောဘဲနဂ် တောင်ပိုင်းဒေသ ကုံးတောင်းတော်အက် ကုမာရိကာအန္တိုးဘိုး (ကိုယ်ပိုရင်) အဂ္ဂ၊ ဟန္ဒမာန်ကျောက်တန်းအနီးဒွံ့ တည်ယိုသည်။

အကျယ်ဝေဘန် ပြဆိုချက်

ပါဠိတော်။ ။ဤပါရာဇိကုံးသည် သိဟိုဠ်ကျွန်းဒွံ့ ရွာနီးစွာမင်းပြုသော ဝိဇယဗာဟုမင်း၏ အဘိသိက်ခံ ဒိဘယားကြိုး ဆောင်ယူရာ အရပ်တိုင်း ဖြစ်သည်။

ဤပါရာဇိကုံး နာဂပန္နဒ (နာဂပန္နန်) မြို့ အသောကဓမ္မရာဇာ၏ ကောင်းဟုတော် ဖြစ်သော ဗဒရတိတ္ထ ဝိဟာရ ခမ်းပင်ဆိပ် ကျောင်းကိုက်မှာ သိတင်းသုံးနေတော်မူ၍ အသျှင်ဓမ္မပါလ မထေရ် နေတွင် အဌကထာ ကျမ်းကို ဂေါသားတော်မူသည်။

သဒ္ဓမ္မာဝတာရဋ္ဌာနေ၊ ပန္နဒီနေနာဂ သဂ္ဂယေ။
ဗျောသောက မဟာရာဇ၊ ဝိဟာရေဝသတာမယာ။
ဂုင်း နေတွင်အဌကထာ. နိဂုံးဂါထာ။

သဓမ္မာဝတာရဋ္ဌာနေ၊ ပရိယတ္တိသဒ္ဓမ္မကို သင်နာဆောင်ရွက် လေ့ကျက်နှုလုံး သွင်း, မေးမြန်းခြင်းပြုသော ပဂ္ဂိုလိ်တို့၏ နေရာအရပ် ဖြစ်ခြင်းကြောင့် အရပ်တပါး မှ လာရောက်၍ ပဒီပလက္ခဏ် သဒ္ဒမူတို့ သင်ကြားအရင်ဖြစ်၍ ဖြစ်သော။ နာဂသဏ္ဌယ ပန္နဒီနေ၊ နာဂဟူသော အမည်နှင့်တကွ ဖြစ်သော။ ဝါ၊ နာဂဟူသော မိဒိအမည်နှင့် တကွ ဖြစ်သော အမည်ယိုသော မြို့နှင့်။ ဝါ၊ နာဂပန္နဒီမြို့၌။ ဝဗ္ဗသောက မဟာရာဇ ဝိဟာရေ၊ ဗျောသောက မင်းတရားကြိုးသည် ဆောက်လုပ် လှူဒါန်းအပ်သော ဗဒရတိတ္ထ ဝိဟာရခေါ် ခမ်းပင်ဆိပ် ကျောင်းတိုက်၌။ ဝသတာ၊ သိတင်းသုံး နေထိုင်သော။ မယာ၊ ငါခမျာပါလ မထေရ်သည်.....တဲ့ ပုံးဂါထာကို အနက်ယောဇနာလေ ပိုကာယောင်းကြိုး နှင့် အညီ အနက်။

ကုမာဒိကာ ဘန္တေဒိပ။ ။ကုမာရိကာ, ဒိဘယား၊ အန္တေ့ဒိပ,ကျွန်း၊ ဒိဘယား၏ နေရာ သို့မဟုတ် အပိုင်စားရာ ကျွန်းဟူလို။

(သံပေါက်) သိဟိုဠ်မင်း ဒိဘယား၊ မည်ထင်ရှား၊ ခေါ်ခြင်း ကုမာဂ်ကာ။ (ကုမာရိတာ ဒိဘယား)
ဘရတမင်း ဒိဘယား၊ တမျိုးထား၊ ဆိုခြင်းမြန်ရာ၊ ပုရာဏ်မှာ။
လိုဒိဘယား၊ ဖိုင်ဆိုင်ခြား၊ ကျွန်းကား ကုမာရိတာ၊ မည်သည်ဟု။ (ကုမာရိတာကျွန်း)
ကိုးခုဘာရတ၊ စိတ်ခန္ဓာ၊ ဆုံးကျတောင်မှာ၊ တခုသာ။

http://www.dhammadownload.com

(အာရုဏသမ္ဘာ အာရုဏသမင်းကို အားတော်ဆောင်းနယ် ကိုး (၉)ခု ယိုသည်ဖြစ်အနက် တောင်အုပ်ချုပ် ကျရောက်သော အဆက်ဆက်ဝိုင်းတစု ဖြစ်သည်ဟူလို့။

(သံပေါက်) ယင်းခို သခ်ာ၊ ကျင်းတွေက၊ အိုကြများစွာ၊ သေအချာ။
ဇုဒ္ဓိယသား၊ ပြေပုံများ၊ ဟိုဖြားမှန်စွာ၊ မည်သည်ဟု။ (ကုမာရိကာ ဟိသည်)

ကုံးကုမာရိကာ အနှစ်ပါဝင်ကို ကိုမိုရင် ဟု ဗမာအကွာရာ မြေပုံများ၌ အမှား ရေးမှတ် ထားကြသည် သတိပြုကြကုန်။

Comorin ယိုရင်း စာလုံးပေါင်းမှာ၊ ကိုမိုရင် ကုံးမှ ပြုနိုသော ဗမာအရေးအသား ဤသို့ အင်္ဂလိပ် စာလုံးပေါင်း နည်းအတိုင်း လိုက်၍ ရေးကြသော ဗမာများ အမည် ပျက်နှင့် အခက်တွေ့နေကြရသည်၊ Kumirikii အမည်ရင်းမှန် စာလုံးပေါင်းသစ်ကုမာရိ ကာပြန်–

(သံပေါက်) အမှန်မကျ၊ အသံရ၊ ရေးကြများစွာ၊ မြိတိသျှ။

(မြိတိသျှများ ရှေးဦးစွာ ရောက်ရာအရပ်၌ အသံမှားကို ကြားမိကြားရာ ရေးမှတ် ထားတတ်သည် ဟူလို)

အိန္ဒူစကား၊ မှန်မကြား၊ ရေးခြား၊ ထင်ရာ၊ မြိတိသျှ။
ထို့ကြောင့်သာပဲ၊ ဗမာလွဲ၊ ခက်ခဲလွေစွာ၊ ပြေပုံမှာ။

(မြိတိသျှကို ဟိန္ဒူနှင့် ဆိုင်ရာ ဟိန္ဒူစကား ပေါ်ဟာရ အမှန် မလိုက်ဆင်ရာကို အလွဲရေးထားကြသောကြောင့် ဗမာများလည်း အလွဲနှင့်သာ နေရသည်ဟု ဆိုလိုသည်)။
ပါဠိသျှ ကုံး အကြောင်း ပြီးပြီ။

---

(၉) ကာမရူပတိုင်း အကြောင်း

အကျဉ်းမြွက်ဆဲ့ခြင်း။ ။ကိုယ်ကသုံး ကာမရူပ ရှစ်ပြီးတဲ့အမည် ပါဝိစ်ဇောတိ၊ (ပြောင်ဇော်တိ၀်) ယခုခြို့ အမည် ပေါ်သောအို (ပေါ်ဟာထို) တည်ရာဌာနကား ပြုပုံမှတ် မြစ်ဖွားမှုနိုးယို အာသာမ (အားသာန်) ပြည် ဂါလပါမှာ (ဂေါ်ယာလပါမှာ) ဂုဂါပဂုံမြို့ စီရင်စု နယ်ပယ်များ၌ တည်သိုသည်။

အကျယ်ဝေဘန် ပြဆိုချက်

ကာမရူပ။ ။ဤကာမရူပတိုင်း၌ ဖါဝင်ယမန် နောက်ကြသွားသော တရုပ်လူမျိုး ရဟန်းတော် သုယေနဈာန် သွားရောက်စဉ် အခါ ပါဝိစ်ဇောတိ (ပြောင်ဇောတိ၀်) မြို့၌ မိသားကိုး နတ်ကို ကိုးကွယ် ကသိုလ် ကောသိုလ်သူ ဟုမာသူမျိုးသောမင်း နန်းစံလျက် ထိုနေသည်ကို ဘွဲ့ယှဉ်ရကြောင်းနှင့်

http://www.dhammadownload.com

ထို့ပြင်ဟူယင်ဆန်သွားစဉ်အခါမှာလည်း ထို့အသူ မိုးကြာဒီဋ္ဌအယူရှိသော သူများကိုသာ တွေ့ယှိရ၍ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ အယူယှိသူ တဦးတယောက်မျှ မတွေ့ယှိရကြောင်းကို ၎င်းလုံးမှတ်တမ်းများ၌ အဆိုယှိသည်၊ မြောက်ပိုင်း သာသနာ ဆိုင်ရာ ကျမ်းစာများမှာကား ၎င်းကာမရူပဂိုင်းခေါ် အာသာမ (အာသာဓ) ပြည်၌ ဗုဒ္ဓ သာသနာတော်တည်ဘူး ရောက်ဘူးကြောင်း အဆိုရှိသည်၊ ၎င်းနယ်ကို အသောကမင်းနှင့် ဘိုးတော် စန္ဒဂုတ်မင်းတို့ ပိုင်ဘူးသည်။

ပါစီဇောဘိ။ ။၎င်းတိုင်း ပါစီဇောတိ ဟူသော ပြို့တော်အမည်၏ အဓိပ္ပါယ် မှာရှေးယခင် အခါကပင် နက္ခတ်ဗေဒင်ပညာ ထွန်းကားခဲ့ဘူးသော အရပ်ဟု ဆိုလိုသည်၊ ဤနည်း၌ ပါစီသဒ္ဒါ ပုဗ္ဗကာလ ဝါစက။

တနည်း။ ။အရှေ့ဝိုင်း အရပ်၌ နက္ခတ်ဗေဒင် ပညာသင်ကြား ထွန်းကားတတ် မြောက်သူများ နေထိုင်ရာ မြို့ဖြစ်ရကား ပါစီဇောတိမြို့ဟု ခေါ်သည်၊ ဤနောက်နည်း၌ ပါစီသဒ္ဒါ ပုဗ္ဗဒိသာဝါစက ၎င်းကို သင်္ဘ ဘာသာအားဖြင့် (ပြာဂ်ဇ္မောတိဇ ဟု ခေါ် သည်။

ရှေးဟောင်း ဣန္ဒိယ မြေပုံနှင့် သိကိုဋ္ဌမဟာဝင် မြေပုံများ၌သည်း Prāgjyotiṣa ဟု ၎င်းသင်္ဘ ဘာသာ အမည်အတိုင်း ပါယှိသည်၊ ၎င်းအမည်ကို မာဃဘာသာ ပြန်ဆိုသည် ယှိသော် ပါစီဇောတိ ဖြစ်သည်။

ဘာသာမ ဘာသာဓ်။ ။အာသာမ အဓိပ္ပါယ်ကို ဤသို့မှတ်လေ၊ မည်ည်ကွက် သော တောင်မြေအဘို့ များပြားး၍ ၎င်းနယ်ကို ရှေးအခါက အာသမဟု ခေါ် ကြသည်၊ ၎င်းအမည်မှ ပျက်၍ နောက်အခါ အာသာမ ခေါ် ကြပြန်သည်ဟု သရုလ မည်သော ဗဂ်ါလီ အဘိဓာန်၌ အားထိယှိသည်။

(သံပေါက်) မြေမညီလျ၊ အသမ၊ ခေါ်ကြ၊ ထိုရပ်ဖြည်။
အသမမှ၊ အာသာမ၊ ဖြစ်ထ ပျက်အပည်။
အ ရသာနှစ်၊ ဒီသဖြစ်၊ မှတ်လစ်၊ လူ့ဇာနည်။
ဗင်္ဂါလီ၊ အဘိဓာန်၊ ဆိုဒိန်မှန်၊ မှတ်ရုန်၊ အာသမ်ဖြည်။

၎င်း အာသာမ်ပြည်သည် ကာမဒေဗိ နတ်သမီး၏ အလွန်ထင်ရှားသော နတ် ကွန်းယှိ၍ ဗုဒ္ဓယတိုင်းသားများ အဘို့ အဓေးကြီးသော ဌာနဖြစ်သည်။

ကာမရူပ တိုင်းအကြောင်း ပြီး၍။

ဤတွင် အလွတ်သိုးခြားသော တိုင်းကိုးတိုင်းကို ဝေဘန်ပြဆိုရာ အခန်းပြီးပြီ။

http://www.dhammadownload.com

(၁၀) အဂ်ိုတ္တိုရ်၏ အင်္ဂကထာ ဓသကနိပါတ် လာသော ဗုဒ္ဓဂုဏ်ရှင် ဝါကပ်ဆရာမှူရာ တဆဲ့လေးဌာနကို ပြဆိုခဏ်း

ရှေးဦးစွာ ဝါကပ်တော်မှူရာ (၁၄) ဌာနသရုပ် အစဉ်မှတ်ရန်

ဦးရေ	ဝါကပ်တော်မှူရာဌာန၊	ဝါအရေအတွက်
၁။	ဇာသိပတန မိဂဝါဝုန်တော	ပဌမဝါ-၁။
၂။	ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်	ဝါ- ၅။
၃။	ဝေသာလီပြည် မဟာဝုန်တော	ပဌမဝါ- ၁။
၄။	မဂဒါလတောင် ချယားတော	ဆဋ္ဌမဝါ- ၁။
၅။	တာဝတိံသာနတ်ပြည် သက္ကမဝါ- ၁။	
၆။	သုံသုမာရဂိရိပြည်	အဋ္ဌမဝါ- ၁။
၇။	ကောသင်္ဗီပြည် ဃောသိတာရုံ ကျောင်းတော်	နဝမဝါ- ၁။
၈။	ပါရိလေယျက ရက္ခိတ ဝနသဏ္ဍ	ဒသမဝါ- ၁
၉။	နာလာပုဏ္ဏားရွာကောဒသမဝါ- ၁	
၁၀။	ဝေရဉ္ဇာ	ဧကာဒသမဝါ- ၁
၁၁။	စာလိယတောင် တေရသမဝါ အဋ္ဌာ ရသမဝါ ငကုန ဝိသတိမဝါ- ၃	
၁၂။	သာဝတ္ထိပြည်	ဝါ-၂၅
၁၃။	ကဂိလဝတ္ထုပြည် နိဂြောဓရုံ ကျောင်းတော်၊	ပန္နရသမဝါ- ၁
၁၄။	အာဠဝိပြည် အဂ္ဂါဠဝကစေတီ။	သောဠသမဝါ- ၁
၁၅။	ဗေလုဝဂ္ဂါ	ပဉ္စဝီသတိမဝါ- ၁

မှတ်ချက်။ ။ဤသဲ့ဝါးဌာန အနက် အောက်၌ ပြဆိုပြီးဟု၌ မပါဝင်သေးသော ရှစ်ဌာနကိုသာ ဤအခဏ်း၌ ပြဆိုအံ့။

ဌင်းရှစ်ဌာနကား—

(၁) ဇာသိပတန မိဂဝုန်တော (၂) မဂဒါလတောင် (၃) ပါရိလေယျက (၄)နာလာပုဏ္ဏားရွာ (၅) ဝေရဉ္ဇာ (၆) စာလိယတောင် (၇) အာဠဝိပြည် (၈) ဗေဠုဝဂ္ဂါများ ဖြစ်သည်။

http://www.dhammadownload.com

သာဝတ္ထိမှာ ၂၅-ဝါ၊ အနုက်ဇေတဝနကျောင်းတော်မှာ ၁၉-ဝါ၊ ပုဗ္ဗာရုံကျောင်းတော်မှာ ၆-ဝါ ကပ်ဆိုတော်မူသည်၊ လူ့ပြည် ၁၄-ဘုန် တာဝတိံသာ နတ်ပြည်ပါ ၁၅-ဘုန် ဖြစ်သည်။

ဝါကပ်တော်မဲ့ဥဿ သရဉ်အလွယ်မှတ်နည်း

(သံပေါက်) ဒိ- ရာ- ဝေ- မင်၊ သု- တာလျှင်၊ ကော- တွင်- ပါနှင့်နာ။
ဝေ၊ စာ၊ သာ၊ ဝ၊ ကဒ်လ၊ အာဠဝေလုရွာ။
ပန္နာရသ၊ ပေါင်းဌာန၊ မှတ်ကြလူ့ရွာ၊ ဆဲ့လေးဌာ။
တာဝတိံသ၊ နတ်ဌာန၊ ပေါင်းက ဆဲ့ငါးဌာ။

(၁) ဣသိ ပတန ဒိဂဒါဝုန်တော ပဌမ ဝါကပ်တော်မူရာ

အကျဉ်းမှတ်စဉ်။ ။ဤအမည် ဣသိပတန ဒိဂဒါဝုန်တော *ဒိဂဒါဝန်တော* ယခုအမည် သာရနာထ, သာရဂ်နာထ တည်ရာဌာနကား ဗာရာဏသီ မြောက်ဘက် အနီး၌ တည်ပေသည်။

ဘကျယ်ဝေဘန် ပြဆိုချက်

ဧသိပတန ဒိဂဒါဝုန်တော။ ။ဤဌာနသည် ပဌမ ဝါကပ်တော်မူရာ ဌာနဖြစ်၍ ပဋ္ဌဝဂ္ဂီ ငါးဦး အမှူးရှိသော 'တဆဲ့ရှစ်ကုဋေ' (၁၈ ဝဝဝဝဝဝ) အရေအတွက် ယို့သော ဖြဟ္မာဝရှိအား ဓမ္မစက္ကာ တရားဦး ဟောတော်မူရာ သံဃဇနိယ ဌာန အဝိဇဟိတ ဌာန နှစ်မျိုးကို၌ ပါဝင်သော အရေးဌာနကြီး ဖြစ်သည်။

ဌင်း ဒိဂဒါဝုန်ကို ဗုဒ္ဓဘုရားပရိတ္တာရှိ ဂဟဋ္ဌာ အဘျွင်မြတ်တို့ ကောင်းကင်မှ လျောကြွ သက်ဆင်းတော်မူကြရာ ဖြစ်၍ မာဂဓဘာသာအားဖြင့် ဣသိပတန ပါဠိတ ဘာသာအားဖြင့် (ဣသိပဒဏ) (ရိသိပဒဏ) သင်္ကတ ဘာသာအားဖြင့် (ဥဒိပတန) ဟု ခေါ်သည်။

သာရနာထ။ ။ဒိဂဝါစက သာရဂ်ပဒ်မှ ဧသဲ့ယဂ်နှင့်တကွ ဂ် အက္ခရာကို ဝဏ္ဏနာသ နိရုတ္တိနည်းဖြင့် ချေဖျက်၍ ကိုးကွယ်ရာအနက်ဟော နာထပုဒ်နှင့် သမာသ်တွဲစပ်ထွက် သားသမင်တို့အား ဘေးမဲ့ပေးရာဖြစ်၍ ဌင်းသားသမင်တို့၏ ကိုးကွယ်ရာ ဌာနဖြစ်ရကား သာရနာထဟု ဣဋ္ဌိယက်ိုင်းသား ပဏ္ဍိတ်များက ခေါ်ဆိုကြသည်ဟု ဗဂ်ဂါလီဘာသာ အဘိဓာန်များ၌ အဆိုပြုသည်။

http://www.dhammadownload.com

ယင်းကဲ့သို့ ခေါ်ဆိုကြခြင်းသည် ဗဟုဝါယေဟူသော ပါဠိတော်အသွားနှင့် မခြား မနား ထသားတည်း အဓိပ္ပါယ် ညီညွတ်ပါပေသည်၊ ထိုစကားသင့်စွ ၎င်းဗဟုဝါယ အမည်သည်လည်း သားသမင်ဟူအား ဘေးမဲ့ပေးရာဟူသော အဓိပ္ပါယ်ယိုသည်ပင် တနည်း ဤဌာနသည် အဓိဇဟိတဌာန သံဃနိယဌာနဖြစ်၍ လူဘို့အမြတ်တနိုး ကိုးကွယ်ရာလည်းဖြစ် ပွန်မြတ်သောဌာနလည်း ဖြစ်ခြင်းကြောင့် သာရနာထမည်၏ ဟူ၍ လည်းဆိုနိုင်သည်၊ သာရသဒ္ဒါ အပွန်အမြတ်ဟော နာထသဒ္ဒါ ကိုးကွယ်ရာ အနက်ဟော ကမ္မဓာရည်း သမာသ်ဝတ္တဲ့။

(သံပေါက်) ဗိဂဝါစက၊ သာရဂံ၊ ချေထ (ဂံ) ခရာ။
ဝဿနာသ၊ နိရုဇ္ဈ၊ မှတ်ကြနည်းဖြင့်သာ။
သာရနာထ၊ ထို့ကြောင့်ပ၊ မှည့်ကြခေါ်ဝေါဟာ။
ဗဟုဝါယေ၊ ပဒဏ္ဍေ၊ ညီပေ၍သညာ။

သာရနာထ တနည်းမှတ်ရန်

(သံပေါက်) အဖြတ်သာရ၊ ခေါ်နာထ၊ တုဝ်ကွကိုးရန်ခေတ်။
မွန်ပြတ်ဒေသ၊ ကိုးကွယ်ရာ၊ မှန်စွကောန်ဖြစ်။
အစိ သံဃ၊ နှစ်ဌာနေ၊ ဝင်ပေကျန်းဒိန့်လစ်။
(အဓိဇဟိတဌာန သံဃနိယဌာန နှစ်ဌာနလုံးဒို့ ပါဝင်သည်)
ကမ္မဓာရည်း၊ တွဲစပ်နည်း၊ သိပ်သည်းမှန်ဝင်စစ်။
ထို့ကြောင့်သာရ၊ မည်နာထ၊ အညဓိကဝိလှစ်။ (သာရနာထ ဓဟုဇ္ဈိဟိသမာသ်ဖြို့)

ဣသိပတန သဒ္ဒါမှ ဣသိကို ချေဖျက်၍ ၎င်းဗဟုဝါဟုန် တောကို ယခုအခါ ပတန ဟူ၍လည်းကောင်း Sarnath ဟူသော အင်္ဂလိပ် စာလုံးပေါင်းကိုစွဲ၍ ဆရနတ်ဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်၊ သို့ခေါ်ကြ ငြားသော်လည်း အဓိပ္ပါယ် အားဖြင့်မူ

ဗဟုဝါဟုန်*ဗဟုဝါဒန်* ဟူသော ဤအပြည့်အစုံမှာ'ဗဟုဝါဟုန် မဟာဝုန် ပြုံးခုန်သားဒုက်ကွေးဗဟုဝါဒန် ချမ်းဗိုဝ်ပွန် ဟောမှန်ရွှေစကြာ' ဟူသော (ကဝိလက္ခဏာသတ်ပုံ) စသည်နှင့်အညီ (ဝုန်) (ဝန်) ဟု (အုန်) (အန်) ကာရန်နှစ်မျိုးဖြင့် ခေါ်ဝေါ်ရေးသားသင့်၏။

ဗဟုဝါယ။ "ငင်းမဘဂဓပါဠိကိုမှီ၍ ဗဟုဝါယုန် ဗဟုဝါယန် ဟု ယဉ်နှင့် ခေါ်ဆိုရေးသားသင့်လျက် မခေါ်ဆို ပရေးသားပဲ (ဗဟုဝါဟုန်) (ဗဟုဝါဒန်) ဟု ဝဏ္ဏ ရေးသားခြင်းကို ဗဟု+ဒါယ၊ ပါဠိနည်း ဗဟု+ဒါဒ သဒ်ဘာနည်း ပါကတနည်း ဤသို့ဟိသည်တွင် ဧရှုပါဠိနည်းကို မယူပဲ နောက်သဒ်တ ပါကတနည်းကို သာယူ၍ ဝဒုးသည်ဟု မှတ်ရပည်။

(သံပေါက်) ဗဟုနောက်မှ၊ ဆက်ဒါယ၊ မှတ်ကြပါဠိနည်း။ (ဗဟုဒါယ)
နည်းသဒ်တ၊ ဆက်ဒါဝ၊ ဗဟုဒါဝတည်း။ (ဗဟုဒါဝ)
နည်းသဒ်တ၊ ပါဂယ (ပါကတ)၊ ခေါ်ကြဒါဝုန်တည်း။ (ဗဟုဒါဝုန်) (ဗဟုဒါဝန်)

http://www.dhammadownload.com

ပြဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်မျိုးမှတပါး အခြားအလွဲအမှား အဓိပ္ပါယ်မျိုးကို မယူသင့်ဟုမှတ် အင်္ဂလိပ် စာလုံးပေါင်းသစ်အမှန်ကို Nanamatha ဟု အကွရာ အပြည့်အစုံ အမှတ်သင်္ကေတပြု အက္ခရာများနှင့် တကွရေး၍ သာရနာထဟု အမည်မှန် ပြန်ဆိုကြရမည် ပြန်ဆိုကြလေ။

ပဉ္စမဝါကပ်တော်မူရာ ဒိဂဒါဂုန်တော ပြဆိုချက် ပြီးပြီ။

---

(၂) မက်လတောင် ချယားတော ဆဋ္ဌမ ဝါကပ်တော်မူရာ

အကျဉ်းမှတ်စဉ်။ ။ရှေးအမည် မက်လတောင် ချယားတော ယခုအမည် ဂူလီကေဒါရ (ဒိအိုရီးယား) ဗကုလ (ဗိတ) တည်ရာဌာနကား ဣန္ဒိယအလယ်ပိုင်း ဗုဇ္ဈေလခဏ္ဍ သောဏမြစ် မြောက်ဘက်အနီး ရီဝါ (ရေဝါ) ဝံသတိုင်း ကောသမ္ဗီ အနီးနှီ တည်ယိုသည်။

အကျယ်ဝေဘန်ပြဆိုချက်

မက်လ။ ။ခြောက်ဖါမြောက် ဆဋ္ဌမ ဝါကပ်တော်မူရာ ဌာနဖြစ်သည့် ဂူလီကေဒါရကား (ဒေါရိဏီ) ရှေးစာဟောင်းစာတမ်းလာ မက်လတောင်၏ အမည်တည်း။

ဤအမည်အရာ၌ မက်လဟု ကုဋက်မှာ ၎ သံယုဂ် ကင်းစီးနှင့် အမည်မှန်ကို ရေးဘတ်တတ်စေ့ရမည်၊ ဗမာအက္ခရာ ပါဠိကျမ်းစာများ၌ကား မကုလဟု ကုဋက်မှာ ကင်းစီးမပါပဲ ပါဠိပျက်ချည်းသာ ယိုကြသည်၊ ပညာယိုများ သတိပြုကြလေ၊ နိုင်ငံခြားစာများမှာကား ကင်းစီးနှင့်တကွ ပါဠိမှန်ယိုကြသည်။

(သံပေါက်) မနောက်ကုမှာ၊ ကင်းစီးပါ၊ တင်ကာရေးပ၊ ပဏ္ဍိတ။ (မက်လ)

ဒိအိုဒိယားကား ယခုကာလအခေါ် ၎င်းတောင်၏အမည်တည်း၊

ဗကုလကား ရှေးစာဟောင်းစာတမ်းလာ ပါဠိနှင့် သဒ်တဘာသာ ချယားတော၏ အမည်။ ဗိတကား ယခုကာလအခေါ် ၎င်းတောဖ်၏အမည်တည်း၊ ၎င်းနေရာ၌ ဣန္ဒိယပြည် ကမ္ဘည်းကျောက်စာဘက်ဆိုင်ရာ အဓိုးရမင်းတို့ ဘုးဖေါ်သောအခါရဟန်းတော်များ သိထင်းသုံး နေထိုင်ဘူးသော ကျောင်းတိုက်နေရာဟောင်းနှင့် သပိတ်ကွဲ အစအနစသော ရဟန်းထော်တို့ အသုံးအဆောင် ပရိက္ခာရများ တွေ့ယိုရ၍ ဤနေရာသည် ဆဋ္ဌမခြောက်ဝါမြောက် မြတ်စွာဗုဒ္ဓရားသခင် ဝါကပ် ဆိုထော်မူဘူးသော မက်လတောင် အနီး ချရားတောပင်ဖြစ်သည်ဟု ဆုံးဖြတ်ကြသည်။

ဆဋ္ဌမဝါကပ်တော်မူရာ မက်လထောင်ပြဆိုချက် ပြီးပြီ။

http://www.dhammadownload.com

(၃) ပါရိလေယျက ရက္ခိတဝနသဏ္ဍ ဘဒ္ဒသာလ အင်ကြင်းပင်အောက် ဒသမ ဝါကပ်တော်မူရာ

အကျဉ်းမှတ်ခြင်း။ ။ရှေးအမည် ပါရိလေယျက ရက္ခိတဝနသဏ္ဍ ဘဒ္ဒသာလ အင်ကြင်းပင်အောက် တည်ရာဌာနကား ခရိုင်နယ် မိုက်ဇာဒ ဒိစတြိုဝ် ကောသလ တိုင်း သာကေတ ဂျွန်ဘာနဂ်လတို့အနီး ဒိစတြိတ် စိရင်ရုနယ်ပယ်များ၌ တည်ယိုသည်။

အကျယ်ဝေဘန်ပြဆိုချက်

ပါရိလေယျက။ ။ဂုဏ်းသည် ပါရိလေယျက (ပါရိလည်း) ဆင်မင်းစောင့် ရှောက်အပ်သော တောအုပ် ဘဒ္ဒသာလ အင်ကြင်းပင်အောက်၌ ဂုဏ်းဆင်မင်း၏ အလုပ် အကျွေးကို ခံတော်မူ၍ ဒသမ (၁၀) ဝါမြောက် ကပ်ဆိုတော်မူရာ အရပ်ဖြစ်သည်။

ဂုဏ်းပါရိလေယျကသည် ကောသလကိုင်းအတွင်းမှာ တည်ယိုကြောင်း ဥဒါန်းအဋ္ဌကထာ စတုက္ကနိပဋိယဝဂ် ပဉ္စမသုတ်အဖွင့်၌ တိုက်ရိုက်အဆိုရှိသည်။ ကောသမ္ဗိယံ ဝိဇ္ဈာယ စရိတ္ထာ (လ)ကောသလရဋ္ဌေ ပါရိလေယျကေ ဝနသဏ္ဍေ ဘဒ္ဒသာလမူလေ ဝိဟာသိ၊ ဂုဏ်းအဋ္ဌကထာပါဠိ၊

(သံပေါက်) ပါရိလေယ္ယက၊ ကောသလ၊ တည်ထိုင်းတွင်းမှာ။
ဒုကထာဥဒါန်း၊ ဆိုဗိန်ညွှန်း၊ ဖြောင့်တန်းတိုက်ရိုက်လာ။

အချို့သောပုဂ္ဂိုလ်များက ဤပါရိလေယျကသည် ပံသုတိုင်းအတွင်းမှာ တည်ယိုသည်ဟု ပြောဆိုရေးသားကြသည်၊ အထက်ပါအဋ္ဌကထာနှင့်မညီ ဆင်ခြင်လေ၊

ဗမာခရာ အသုံးရုံ ပါဠိုက္ခရာမြန်စာများ၌ (ပါလိလေယျက) ဟု (ပါ) နောင်ဒန္တ္ယဇ (လ) အက္ခရာ လုံးကြီးတင်နှင့် ပါဠိပျက်သွက်ယိုနေသည်ကို လွဲမှန်းသတိမမူခဲ့ကြ၍ ဂုဏ်းပါဠိအရ အဆက်ရာပေါင်းများစွာ နှစ်ကာလကပင် ပုလလည်း ပလလည်းတောဟု (ပု-ပ) တို့နောင် (လ) အက္ခရာနှင့် ဗမာစကား အမှားရေးသားလျက် ရှိကြသည်။

Pārileyyaka ပါရိုလေယျက လန်ဒန်ရိုက် (နဝမနိပါတ် ဒုတိယကောသမ္ဗိဇာတ် အဋ္ဌကထာ)ယို အမည်မှန်ပါဠိ သိဟိုဠ်၊ ယိုးဒယား၊ နာဂရီ၊ ဗင်္ဂါလီ စာအလုံးရုံတို့၌လည်း ဤအတူ တညီတညွတ်တည်းပါဠိမှန် ယိုကြသည်ပင် ဂုဏ်းပါရိလေယျက ဟူသောပါဠိမှန် အရ မေတ္တေယျကို မိတည်း, ဟု ရေးသကဲ့သို့ ပါရိလေယျကို ပါရိလည်းဟု ဗမာ ရေးသားမှု အမှန်အတိုင်း ရေးရမည်။

(သံပေါက်) ပါရိလည်းဆင်၊ ရလုံးတင်၊ ပတွင်ရေးချ၊ ညသတ်လ။
ဇွေယျကို တည်း၊ မြန်သည်နည်း၊ လည်းဟုမြန်ကြ၊ ပုဒ်လေယို့။
ပုပလ ဆက်၊ ဗမာနက်၊ ပျက်၏ပုချ၊ ဤဌာန။
ပါရိလေယျကပုဒ်၊ အကိုးထုတ်၊ မှန်ဟုတ်ကျန၊ မဒဂဝ။

ဒသမ ဝါကပ်ဆိုတော်မူရာ ပါရိလေယျက ပြဆိုချက် ပြီးပြီ။

http://www.dhammadownload.com

(၄) နာလာမည်သော ပုဏ္ဏားရွာ ကောဒဿမဝါကပ်တော်မူရာ

အကျဉ်းမှတ်ခြင်း။ ။ရှေးအမည် နာလာမည်သော ပုဏ္ဏားရွာ တည်ရာဌာနကား ရာဇဂြိုဟ်အနောက်မြောက်ဘက် ဗိဟာဂြိုအနီးဌာန တည်ယံသည်။

အကျယ်ဝေဘင်ပြဆိုချက်

နာလာပုဏ္ဏားရွာ။ ။ထိုင်းဌာနသည် (၁၁) ဝါမြောက် ဂုကာဒဿမ ဝါကပ်ဆိုတော်မူရာ အရပ်ဖြစ်သည်။

ထိုင်းဝါကပ်တော်မူရာအရပ်ကို နာလကပုဏ္ဏားရွာ ဟူ၍လည်းကောင်း နာလန္ဒာ ဟူ၍လည်းကောင်း အလဲ့လဲ့အချွတ်မွတ် ရေးသားပြောဆို တတ်ကြသည်၊

ကောဒဿမံ နာလာယံ ဇြဟ္မဏာဂါမေ။ ဟူသော အဂိုတ္တရ အဋ္ဌကထာ ဗုဒ္ဓဝင် အဋ္ဌကထာများနှင့်အညီ နာလာမည်သော ပုဏ္ဏားရွာဟူ၍သာ ယဆာတူတ အကျအန အမည်မှန်ကို မှတ်သားကြလေ။

(သံပေါက်) ဒန္တဇာတ္ဂရာ၊ နာနှင့်လာ၊ မှတ်ပါမှန်လှ၊ မည်နာမ။ (နာလာ)
နာလကပါ၊ နာလန္ဒာ၊ သညာဒွယ၊ အလွဲပ။

